

# UNDERSTANDING ISLAM

# အစ္စလာမ်သည် ဤသို့တည်း

ဘာသာပြန်ဆိုသူ – ဝါးခယ်မမောင်မင်းနိုင်

ကန့်သတ်

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀) |
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ |
| ထုတ်ဝေသူ | - | ဦးထွန်းသန်း (မြဲ - ၀၁၅၈၉)<br>ကံစာပေ<br>အမှတ် (၃၂)၊ ၁၃၅ လမ်း၊<br>မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး။ |
| ပုံနှိပ် | - | ဦးခင်မောင်ဌေး (မြဲ - ၁၀၅၈၈)<br>အရှက်ဦးနှိပ်တိုက်<br>အမှတ် (၂၂၁/၃)၊ အနော်ရထာလမ်းနှင့်<br>၃၁ လမ်းထောင့်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |
| ဖြန့်ချိရေး | - | လွင်ကိုကိုဦး 09518 9908 |

အစ္စလာမ်သည် ဤသို့တည်း / ဝါးခယ်မ မောင်မင်းနိုင်

- ရန်ကုန်၊

ကံစာပေ၊ ၂၀၁၃ -

- ၁၁၀ စာ ၊ ၁၅ × ၂၃စင်တီ

(၁) အစ္စလာမ်သည် ဤသို့တည်း

# UNDERSTANDING ISLAM

# အစ္စလာမ်သည် ဤသို့တည်း

ဘာသာပြန်ဆိုသူ – ဝါးခယ်မမောင်မင်းနိုင်

## ဖန်တီးသူနှင့်ပတ်သက်၍

ဖနားရ်ဲ ကာတာအစ္စလာမ့်ယဉ်ကျေးမှုစင်တာသည် အကျိုးအမြတ်ကို မကြည့်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အစ္စလာမ့်အကြောင်းကို လူ့အဖွဲ့အစည်းဝင်တို့ ပိုမိုသိရှိရန် တွန်းအားပေး စွဲဆောင်ပေးသော အကျိုးအမြတ် မမျှော်ကိုးသည့် အဖွဲ့တစ်ခုဖြစ်ပါသည်။

ဖနားရ်ဲဟူသည် အရပ်သုံး ကာတာဝေါဟာရဖြစ်ကာ အပြောကျယ်လှသည့် ပင်လယ်ရေကြောင်း သွားလာသူတို့ကို ဘေးကင်းလုံခြုံသည့်ကမ်းခြေကို လမ်းညွှန်ပေးရာမှာ အသုံးပြုသော ရေကြောင်းပြ မီးပြတိုက်အဖြစ် မြင့်မားသော မျှော်စင်ထက်မှာဆင်ထားသော လင်းလက်နေသည့် မီးမောင်းကြီးကို ဆိုလိုပါသည်။ ယင်းသို့သော အဆောက်အအုံတို့တွင် ရှေးအကျဆုံးနှင့် အကျော်ကြားဆုံးမှာ အလက်ဇန္ဒရီးယား မီးပြတိုက်ကြီးဖြစ်ပြီး ၂၉၇ ဘီစီနှင့် ၂၈၀ဘီစီ အကြားမှာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေကြောင်းဆိုင်ရာ အမွေအနှစ်ကြွယ်ဝလှသည့် ကာတာနိုင်ငံအဖို့ မီးပြတိုက်ဟူသည် ကမ်းခြေသို့ ဘေးကင်းစွာ ဆိုက်ကပ်နိုင်သော သေချာရေရာလှသော နည်းလမ်းတစ်ခုဖြစ်ပေသည်။ ယခု ဖနားရ်ဲက ဤပုံဆောင်ချက်ကို အသုံးပြုပြီး လိုအပ်သူတို့၏စိတ်တွင် သန္တိသုခနှင့် ငြိမ်းချမ်းမှုတို့ကို ထာဝစဉ်ဖြည့်ဆည်းပေးမည့် ပြီးပြည့်စုံသော ဘဝလမ်းစဉ်ကို ဦးတည်လမ်းညွှန်ပေးသွားမှာ ဖြစ်ပေသည်။ ။

# မာတိကာ


| | | |
|---|---|---|
| | အမှာစာ | ၁ – ၂ |
| | မူရင်းထုတ်ဝေသူ၏ အမှာစာ | ၃ – ၄ |
| (က) | အစ္စလာမ်ဟူသည် အဘယ်နည်း | ၅ – ၆ |
| (ခ) | ဖန်ဆင်းခြင်း | ၇ – ၈ |
| | စကြဝဠာကို ဖန်ဆင်းခြင်း | ၉ – ၁၀ |
| | လူသားကို ဖန်ဆင်းခြင်း | ၁၁ – ၁၂ |
| (ဂ) | တမလွန်ဟူသည် | ၁၃ – ၁၄ |
| (ဃ) | အလ္လာဟ်၏တစ်ဆူတည်းသော အရှင်အဖြစ် | ၁၅ – ၁၆ |
| | အလ္လာဟ်၏ဂုဏ်တော်များ | ၁၇ – ၁၈ |
| (င) | အစ္စလာမ်၏မဏ္ဍိုင်ကြီးငါးရပ် | ၁၉ – ၂၀ |
| | ယုံကြည်ချက်ကို ကြွေးကြော်မှု (ရှဟာဒဟ်) | ၂၁ – ၂၂ |
| | ဝတ်ပြုမှု (စွလားသ်) | ၂၃ – ၂၄ |
| | မပေးမနေရ အလှူဒါန (ဇကားသ်) | ၂၅ – ၂၆ |
| | ဥပုသ်သီလ | ၂၇ – ၂၈ |
| | ဟဂ်ျဇမ္မခရီးစဉ် | ၂၉ – ၃၀ |
| (စ) | တမန်တော်များ၏ ရည်ရွယ်ချက် | ၃၁ – ၃၂ |
| | တမန်တော် နူးဟ် | ၃၃ – ၃၄ |
| | တမန်တော် အီဗရာဟီမ် | ၃၅ – ၃၆ |
| | တမန်တော် မူစာ | ၃၇ – ၃၈ |
| | တမန်တော် အီစာ | ၃၉ – ၄၀ |
| | တမန်တော် မုဟမ္မဒ် | ၄၁ – ၄၄ |
| | တမန်တော်များ၏ ဆွေမျိုးဆက်ဇယား | ၄၅ – ၄၆ |
| (ဆ) | ရှေးကျမ်းစာများ | ၄၇ – ၄၈ |
| (ဇ) | ကျမ်းမြတ်ကုရ်အာန် | ၄၉ – ၅၀ |

| | | |
|---|---|---|
| (ဈ) | မက္ကာရွှေမြို့တော်မှ မြတ်ကျောင်းတော်ကြီး | ၅၁ – ၅၂ |
| (ည) | မဒီနာရွှေမြို့တော်မှ တမန်တော်မြတ်၏ ဝတ်ကျောင်းတော်ကြီး | ၅၃ – ၅၄ |
| (ဋ) | အလ်အတ်က်စွာ ဝတ်ကျောင်းတော်ကြီး | ၅၅ – ၅၆ |
| (ဌ) | ကုရ်အာန်၏ အံ့ဖွယ်ပြာဋိဟာများ | ၅၇ – ၅၈ |
| | သန္ဓေသားလောင်း | ၅၉ – ၆၀ |
| | ဖေရ်အောင် | ၆၁ – ၆၂ |
| | တောင်များ | ၆၃ – ၆၄ |
| | ပင်လယ်သမုဒ္ဒရာများ | ၆၅ – ၆၆ |
| | မိုးတိမ်များ | ၆၇ – ၆၈ |
| | ဘာသာစကားဆိုင်ရာ အံ့ဖွယ်ပြာဋိဟာများ | ၆၉ – ၇၀ |
| | ကုရ်အာန်နှင့် ဇီဝဗေဒ | ၇၁ – ၇၂ |
| (ဍ) | အစ္စလာမ့်အနုပညာ | ၇၃ – ၇၄ |
| | လက်ရေးအလှ အတတ်ပညာ | ၇၅ – ၇၆ |
| | အနုပညာ | ၇၇ – ၇၈ |
| | ဗိသုကာပညာ | ၇၉ – ၈၀ |
| | မှန်ရောင်စုံ | ၈၁ |
| | ကနုတ် | ၈၂ |
| | အစ္စလာမ်နှင့် ယဉ်ကျေးမှု | ၈၃ – ၈၆ |
| (ဎ) | အစ္စလာမ်နှင့် ပတ်ဝန်းကျင် | ၈၉ – ၉၀ |
| | သစ်ပင်တို့ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း | ၉၁ – ၉၂ |
| | ရေ | ၉၃ |
| | တိရစ္ဆာန်များကို ကြည့်ရှုစောင့်ရှောက်ခြင်း | ၉၄ |
| | မြို့ပြများကို သန့်ရှင်းအောင်ထားခြင်း | ၉၅ |
| | လူ့အစုအဝေး | ၉၆ |
| (ဏ) | အစ္စလာမ်နှင့် လူ့အခွင့်အရေး | ၉၇ – ၉၈ |
| | အစ္စလာမ်နှင့် အမျိုးသမီး | ၉၉ – ၁၀၀ |
| | ကလေးသူငယ်တို့၏ အခွင့်အရေး | ၁၀၁ – ၁၀၂ |
| | လူနည်းစု အခွင့်အရေး | ၁၀၃ – ၁၀၄ |
| | တမန်တော်မုဟမ္မဒ်၏ နောက်ဆုံးမိန့်ခွန်း | ၁၀၅ – ၁၀၆ |
| | အုမရ်သခင်၏ ပဋိညာဉ်စာချုပ် | ၁၀၇ – ၁၀၈ |

# အမှာစာ

အရာခပ်သိမ်း အပေါင်းတို့ကို ဖန်ဆင်းပြုစု ပျိုးထောင်တော်မူသော အောလ္လာဟ် အသျှင်မြတ်အား ချီးမွမ်း ထောမနာ ပြုပါသည်။ တမန်တော်မြတ် မိုဟာမ္မဒ်နှင့် ၎င်း၏ အိမ်တော်သူ အိမ်တော်သားများ ၊ တမန်တော်မြတ်၏ စွဟာဘာ အဆွေတော်တို့အပေါ်သို့ စွလဝါသ် စလာမ် ငြိမ်းချမ်း မင်္ဂလာ အဖြာဖြာ ကျရောက်ပါစေသတည်း။

မြန်မာပြည်ဖွား အစ္စလာမ် ဘာသာဝင်များ စုပေါင်း၍ ဖွဲ့စည်းခဲ့သော မြန်မာမွတ်စ်စလင်မ် ငြိမ်းချမ်းရေးဖောင်ဒေးရှင်း All Myanmar Muslim Peace Foundation (AMMPF) အနေဖြင့် ဤစာအုပ်ငယ်ကို အများစာဖတ်ပရိတ်သတ်အား တင်ဆက်ပေးခွင့်ရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ကာတာနိုင်ငံ (Fanar – Islamic Cultural Centre) မှ ဤ "Understanding Islam" ဟူသော စာအုပ်ငယ်ကို ထုတ်ဝေခဲ့ပါသည်။ စာအုပ်ပါ အကြောင်းအရာများသည် ''အစ္စလာမ်ဆိုတာ ဒီလိုပါပဲ''ဟု ရိုးရိုးလေး အရှိအတိုင်း သမိုင်းအထောက်အထားများနှင့် အစ္စလာမ်၏ သမိုင်းကြောင်းများကို တင်ပြပေးထားခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်များ (ငြိမ်းချမ်းရေး ဖောင်ဒေးရှင်း)၏ ရည်ရွယ်ချက်များအနက် ရည်ရွယ်ချက် တစ်ခုမှာ အစ္စလာမ်ဘာသာကို အမှန်အတိုင်း အများသိရှိနားလည်စေရန် တင်ပြသွားနိုင်ရေး ဖြစ်ပါသည်။ ၎င်းအပြင် အစ္စလာမ်ဘာသာ၏ သင်ကြားမှုများ ၊ မွတ်စ်လင်မ်တို့၏ ကျင့်ကြံမှု ဓလေ့များနှင့် ပတ်သက်ပြီး မသမာသူများ၏ လုပ်ကြံရေးသားတင်ပြမှုများကြောင့် အထင်အမြင် မှားယွင်းမှုများကို အမှန်အတိုင်း နားလည်သိရှိကြစေဖို့ရာ ရှင်းလင်းတင်ပြနိုင်ရန်လည်း ရည်ရွယ် ပါသည်။

သို့ပါ၍ အစ္စလာမ်ဘာသာနှင့် မွတ်စ်လင်မ်တို့၏ ယဉ်ကျေးမှုများအကြောင်းကို လည်းကောင်း ၊ ကမ္ဘာ့သမိုင်းတွင် လူသားများအတွက် ယဉ်ကျေးမှုကို မွတ်စ်လင်မ်များမှ တစ်တပ်တစ်အား (Major Contribution) ပေးကမ်းအကျိုးပြုနိုင်ခဲ့သည်များကိုလည်းကောင်း AMMPF မှ အများသိရှိ နားလည်စေရန် အထူးတင်ပြပေးလိုပါသည်။

ဤ''အစ္စလာမ်သည် ဤသို့တည်း'' စာအုပ်သည် ကာတာနိုင်ငံရှိ Fanar – Islamic Cultural Centre မှ ထုတ်ဝေဖြန့်ချိခဲ့သော "Understanding Islam" ကို ဆီလျော်အောင် မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပါသည် ။ ဘာသာပြန်ဆိုသူ ဆရာ ဝါးခယ်မ မောင်မင်းနိုင်မှာ

လည်း အထူး မိတ်ဆက်ပေးရန် လိုအပ်မည်မဟုတ်ပေ၊ မြန်မာပြည်တွင်းရှိ စာဖတ်ပရိသတ်ကြီးနှင့် ပြည်ပရောက် မြန်မာစာဖတ်ပရိသတ်များအနေဖြင့် ၎င်းရေးသားပြုစုသော စာအုပ်များစွာကို ဖတ်ဖူးခဲ့သူများ ဖြစ်ကြမည် အမှန်ပင်။

ယခုကဲ့သို့ လူသားများ အကျိုးဖြစ်ထွန်းစေမည့် စာအုပ်ကောင်းတစ်အုပ်ကို မြန်မာစာဖတ်ပရိသတ်များဖတ်ရှုနိုင်ရန် ဘာသာပြန်ပေးခဲ့ခြင်းအတွက် ကျွန်တော်များ မြန်မာမွတ်စ်လင်မ် ငြိမ်းချမ်းရေးဖောင်ဒေးရှင်းမှ ဆရာ ဝါးခယ်မ မောင်မင်းနိုင်အား အထူး ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် မူရင်းစာအုပ်ကို စီစဉ်သော Fanar – Islamic Cultural Centre အားလည်းကောင်း ၊ စာစီပေးသူများဖြစ်သော ကိုလွင်ကိုကိုဦးနှင့် ဘိုင်လေးတို့အားလည်းကောင်း ၊ ဤစာအုပ်ငယ်၏ စာမူကြမ်းကို ဝိုင်းဝန်းဖတ်ရှုပေးခဲ့ကြသော ဖောင်ဒေးရှင်း အဖွဲ့ဝင် အိုမရ် ကျော်ဇင်ထွန်း ၊ ဇင်ဘို အောင်၊ ကိုသက်နောင် ၊ ကိုမျိုးအောင်တို့အားလည်းကောင်း ၊ ဤစာအုပ်ဖြစ်မြောက်ရေးကို အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသူများ အားလုံးအားလည်းကောင်း အထူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။ ဖောင်ဒေးရှင်းအနေဖြင့် နောင်တွင်လည်း ဤသို့သော စာပေ စာအုပ်များကို တိုးတက်ဖြန့်ချိသွားနိုင်ရန် မျှော်လင့်ပါသည်။

အောလ္လာဟ် အသျှင်မြတ် အောင်မြင်မှု သောင်ဖိက် ပေးသနားတော် မူပါစေ။

**ဂျမာလ်စိုးသိမ်း**
မြန်မာမွတ်စ်လင်မ် ငြိမ်းချမ်းရေး ဖောင်ဒေးရှင်း
July/ 2013

# မူရင်းထုတ်ဝေသူ၏
# အမှာစာ


အလွန်ချစ်ခင်ကြင်နာသနားတော်မူသော မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်ရှင်၏နာမတော်ဖြင့် အစပြုပါ၏။ ကာတာနိုင်ငံသည် မိမိ၏ဒေသဆိုင်ရာ ကိုယ်ပိုင်လက္ခဏာရပ်တို့ကို စောင့်ထိန်းမပျက်ရှိရင်းက အခြားသော ဓလေ့ထုံးတမ်းစဉ်လာများနှင့် ယဉ်ကျေးမှုတို့အတွက်လည်း ၎င်း၏တံခါးမကြီးများကို ဖွင့်လှစ်ထားခဲ့သည်။ ကာတာ အစ္စလာမ့်ယဉ်ကျေးမှုစင်တာ ဖနာရ်သည် အရေးအပါဆုံးသော သမိုင်းမှတ်တိုင်များထဲမှ တစ်ခုဖြစ်ကာ ယင်း၏ မဟာဒီဇိုင်းဖြစ်သော ကြောင်လိမ်ပုံစံစင်မြင့် မီနာရာသည် လူသားထုတစ်ရပ်လုံးအတွက် အလင်းရောင်နှင့် လမ်းညွှန်ကို ထင်ဟပ် ပြသလျက်ရှိနေပါသည်။

ကာတာယဉ်ကျေးမှု၏ပင်ရင်းသည် အစ္စလာမ်၏အယူဝါဒများနှင့် ယဉ်ကျေးမှုဓလေ့တို့မှ မြစ်ဖျားခံထားလေရကား ယခု အသင်တို့အတွက် ကျွန်ုပ်တို့ဘက်မှ အထူးရည်ရွယ်ထုတ်လုပ်ခဲ့သော စာအုပ်များမှာ ဤနိုင်ငံသူ နိုင်ငံသားများအတွက်သာမက ကမ္ဘာ့လူဦးရေ၏ငါးပုံတစ်ပုံရှိနေသော သူတို့အတွက်ပါ အစ္စလာမ်၏အခြေခံလမ်းညွှန်မှုများကို တင်ဆက်ပေးသွားမှာဖြစ်ပေသည်။ လူ့ဘဝ၏အဓိပ္ပာယ် သဘောသဘာဝမှန်ကို စဉ်းစားတွေးတောအဖြေရှာနေကြသော ခေတ်သစ်တွေးခေါ်ရှင်များအတွက်ရော ယနေ့ အထင်အမြင်လွဲမှားနေသည်များထဲမှ တချို့တလေကို ရှင်းလင်း သံသယကင်းရှင်းသွားရေးအတွက်ပါ ရည်ရွယ်ပြီး ဤစာအုပ်ကို ရေးသားတင်ဆက်လိုက်ရခြင်းဖြစ်ပါသည်။ ကာတာနိုင်ငံအတွင်းနှင့် ကမ္ဘာတစ်ဝှမ်းရှိ လူ့အစုအဝေးအသီးသီးအကြား ပေါင်းကူးသဖွယ် ဆက်သွယ်ပေးလိမ့်မည်ဟုလည်း ကျွန်ုပ်တို့ မျှော်လင့်မိပါသည်။ ဤစာအုပ်က စာရှုသူတို့ကို ကျွန်ုပ်တို့၏ စင်တာဗိမာန်ကြီးသို့ လာရောက်ရှုစား လည်ပတ်လိုစိတ်ကို တဖွားဖွား ပေါ်လာစေလိမ့်မည်ဟူ၍လည်း မျှော်လင့်ထားပါသည်။

## အဟာလန် ဝစဟာလန် (လှိုက်လှဲစွာ ကြိုဆိုပါ၏။)

အစ္စလာမ်အကြောင်း တစေ့တစောင်း သိရှိသွားစေမည့် စာစဉ်များကို စဉ်ဆက်မပြတ် ပိုစတာပုံစံ၊ လက်ကမ်းစာ စောင်ပုံစံနှင့်စာအုပ်ပုံစံထုတ်ဝေသွားရေးတွင် လှုံ့လစိုက်ထုတ် ပါဝင်ခဲ့သူအားလုံးအပေါ် ကျေးဇူးဂုဏ်တင်စရာလမ်းစလည်း ကျွန်ုပ်တို့မှာရရှိလာရ၍ နှစ်ထောင်း အားရဖြစ်ရပါသည်။

တစ်ခုတည်းသော ကြိုးပမ်းလုပ်ဆောင်ချက်ကြီးမှာ ပူးပေါင်းပါဝင်ခဲ့ကြသော စာရေး ဆရာများ၊ စာပြင်ဆရာများ၊ ဒီဇိုင်းလက်ရှင်များနှင့် ရုပ်လုံးဖော်ပေးသူရောင်းရင်းအားလုံးသည်ပင် အလ္လာဟ်နှစ်မြို့ကျေနပ်တော်မူမှုကို ရစေမှာဖြစ်သတည်း။


3

## [က] အစ္စလာမ်ဟူသည် အဘယ်နည်း


**''အစ္စလာမ်ဟူသည်မှာ'' အရဗီဘာသာစကားအရ အလ္လာဟ်ဟုဆိုသော တစ်ဆူတည်းသော အရှင်ကို ယုံကြည်ခြင်းဖြစ်သည်။ အရှင်သည် ကျွန်ုပ်တို့သိမြင်ဉာဏ် မကျက်စားနိုင်သောရုပ်ဆင်း ပုံပန်းသဏ္ဍာန်ကင်းမဲ့သည့် အချုပ်အခြာတော်ရှင်ကြီးတစ်ပါးဖြစ်သည်။**

**မွတ်စလင်မ်ဟူသည် မိမိကိုယ်ကို အလ္လာဟ်အရှင်ကို ဆည်းကပ်ကိုးကွယ်မှုမှာ ကျိုးနွံနာခံထားသည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။**

အရဗီဘာသာစကားတွင် အစ္စလာမ် ဟူသော ဝေါဟာရမှာ အနက်အဓိပ္ပာယ် အများအပြားရှိသည်။ ယင်းဝေါဟာရသည် ရင်းမြစ်အက္ခရာများဖြစ်ကြသော س (စီးန်)၊ ل (လာမ်)နှင့် م (မီမ်) တို့ဖြင့်ပြီးသည်။ ဤအက္ခရာများအရ အစ္စလာမ်၏ အဓိပ္ပာယ်မှာ ကျိုးနွံနာခံခြင်း (submission)၊ မာန်လျှော့ခြင်း (surrender)၊ ငြိမ်းချမ်းခြင်း (peace)နှင့် ဘေးကင်းလုံခြုံမှု (safety)ဟူ၍ တိုက်ရိုက်အနက်အဓိပ္ပာယ်ကို ဆောင်ပေသည်။ စလာမ်ဟူသည် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များထဲမှတစ်ပါးဟုလည်း သိရသည်။

မွတ်စလင်မ်ဟူသည် မိမိကိုယ်ကို အလ္လာဟ်အရှင်ကို ဆည်းကပ်ကိုးကွယ်မှုမှာ ကျိုးနွံနာခံထားသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤအတွက်ကြောင့် တစ်ဆူရှင်အလ္လာဟ်၏ မူရင်းသတင်းစကားရပ်အပေါ် သက်ဝင်ယုံကြည်ကြကုန်သော အာဒမ်၊ နူဟ်၊ မူစာနှင့် အီစာမှသည် မုဟမ္မဒ်သခင် (သူတို့တစ်တွေအပေါ် အလ္လာဟ်ထံပါးမှ ငြိမ်းချမ်းမှုနှင့် ကောင်းချီးမင်္ဂလာများ ကျရောက်ပါစေသား)အထိ အားလုံးသော တမန်တော်များအပါအဝင် လူခပ်သိမ်းကို မွတ်စလင်မ်ဟု ခေါ်ဆိုပေသည်။

အစ္စလာမ်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ကတည်းက ထုတ်ပြန်ပို့ချခဲ့ပြီး ထိုကတည်းက လုံးဝပြောင်းလဲပြုပြင်မှု အလျှင်းမရှိဘဲ ပကတိမူရင်းမပျက် တည်တံ့နေသောအလ္လာဟ်၏ကျမ်း ကုရ်အာန်ကိုလူသားထုကြီးထံ ကရုဏာတော်တစ်ပါးအဖြစ်ဆောင်ကြဉ်းပေးခဲ့သည်။ နောက်ဆုံး တမန်တော်မုဟမ္မဒ်၏ သွန်သင်ချက်များနှင့်မကွာ ဤကျမ်းစာက လူသားထုခပ်သိမ်းအား ရုပ်ပိုင်းနှင့် နာမ်ပိုင်း နှစ်ဘဝစလုံးမှ လူ့ဘဝရေးရာ အလုံးစုံတွင် ဖန်ဆင်းရှင်က ပညတ်တော်မူခဲ့သည့် လမ်းစဉ်အတိုင်း မည်သို့မည်ပုံ ပြုမူကျင့်ကြံသွားကြရမှာကို ပြသပေသည်။




# [၁] ဖန်ဆင်းခြင်း

သောကဗျာပါ ဆိုက်နေခိုက်မှာ မိမိမျက်နှာကိုပင့်ပြီး ကြီးကဲသော အရှင်တစ်ပါးထံပါး၌ သူ့ဘက်က ဆုံးရှုံးမှု တစ်ရပ်အတွက် ကိုးကွယ်ရာအရှင်ထံပါးမှာ ငိုယိုဟစ်ကြွေးခြင်းကရော လူသားထုတစ်ရပ်လုံး၏ အဖွဲ့တ္တသဘာဝတစ်ခုပင် မဟုတ်ပါသလော။

ဘဝ၏ရည်ရွယ်ချက်များနှင့် ပတ်သက်နေသောမေးခွန်းများဖြစ်သော ကမ္ဘာလောကသို့ဘာလာလုပ်ကြတာလဲ၊ ဘဝ၏ ရည်ရွယ်ချက်ကရောဘာလဲ၊ ဖန်ဆင်းရှင်တစ်ဆူဆိုတာရော ရှိနေပါသလား သို့တည်းမဟုတ် ဤသည်ခပ်သိမ်းမှာ ကြုံကြိုက်တိုက်ဆိုင်မှုကပဲ ဖြစ်လာကြတာလေလားဆိုသည့် မေးခွန်းတို့ကို မေးမိကြသည်မှာလည်း လူသား၏ သဘာဝ မွေးရာပါဗီဇဟု ဆိုရမည် ပင်ဖြစ်သည်။

ဤမေးခွန်းများ၏အဖြေတို့ကို ရရှိခြင်းမရှိသေးသရွေ့ လူတစ်ဦး၏ဝိညာဉ်အဖို့ရာ ဘယ်သောအခါသော်မှ ငြိမ်းချမ်းမှုကို ရရှိနိုင်ဖွယ်ရာမရှိချေ။ ဘဝမှာ အချည်းနှီးနှယ်ရှိနေမည်။ ကြိုးပမ်းအားထုတ်သရွေ့အဓိပ္ပာယ်ကင်းမဲ့နေပေမည်။ နောင်ဘာများ ဖြစ်လာမည်ပဆိုသည်ကို မရေရာ မသေချာအဖြစ်ကြောင့်လည်း





ဝိညာဉ်မှာ ထာဝရတာ ဝရုန်းသုန်းကား ဖြစ်နေပေမည်။

ကုရ်အာန်က လူသားထုကြီးကို ကမ္ဘာကိုခရီးဆန့်သွားလာပြီး မိမိတို့ကိုယ်တိုင်သုံးသပ်လေ့လာမှုများ ပြုကြရန်နှင့် ဖန်ဆင်းခြင်းက ဘယ်ပုံဘယ်နည်း စတင်ခဲ့ပုံတို့ကို ဆင်ခြင်တွေးတောမှုပြုကြဖို့ ဖိတ်ခေါ်ထားပေသည်။

''(အို–နဗီတမန်တော်၊) အသင်သည် ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် ကမ္ဘာမြေဝယ် လှည့်လည်သွားလာ၍ ထိုအရှင်မြတ်သည် အဖန်ဆင်းခံတို့ကို မည်သို့စတင်ဖန်ဆင်းတော်မူသည်ကို ကြည့်ရှုလေ့လာကြလေကုန်။ ထို့နောက်တစ်ဖန် အလ္လာဟ်အရှင်မြတ်သည် (ထိုအဖန်ဆင်းခံတို့အား) နောက်တစ်ကြိမ် ထပ်မံ၍ပင် ဖန်ဆင်းတော်မူမည်။ စင်စစ်ကေန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။''

(ကုရ်အာန် –၂၉း၂၀)

# စကြဝဠာကို ဖန်ဆင်းခြင်း




ကျွန်ုပ်တို့၏ဝန်းကျင်မှ အပြောကျယ်ပြီး အံ့သြဖွယ်ရာ ဖန်ဆင်းမှုကို စဉ်းစားဆင်ခြင်ရုံမျှနှင့် လူတိုင်းသည်ပင် သူ့ဝန်းကျင်ရှိ ကမ္ဘာကြီးအကြောင်းကို ထိုင်ပြီး အတွေးဆန့်ကြည့်နိုင်ပါသည်။ ဤတွင် ဤခမ်းနားကြီးကျယ်မဆုံးသော စကြဝဠာကြီးမှာ ဒီဇိုင်းလက်ရာတော်ရှင်နှင့် ဖန်ဆင်းရှင်တစ်ပါး မုချရှိရမည်ဟူသော ကောက်ချက်ကိုပါ ချမှတ်နိုင်ပါမည်။

ဤနံရံကပ်ကြော်ငြာတစ်ခုကို ဖတ်လိုက်ရချိန်မှာ၊ ဤခန်းမကြီးကိုရှုစားရချိန်မှာ၊ အဆောက်အဦးတစ်ခုကိုကြည့်ရှုလိုက်ရချိန်မှာ အသင်သည် ယင်းတို့၏ ဒီဇိုင်းလက်ရာရှင်အကြောင်း တအံ့တသြ ဖြစ်မိပေမည်။ လူတိုင်းက အက္ခရာတစ်ခုချင်းကို ဂရုတစိုက်ရွေးချယ်ချိန်မှာ အရောင်အသွေးစုံစုံကို ခြယ်သချိန်မှာ အုတ်ခဲတစ်ခုချင်းကို ရွေးချယ်ပြီး နေသားတကျစီထားမှုတို့ကို ရှုစားရခိုက်မှာတော့ အလည်အပတ် လာရောက်ရှုစားသူ အသင့်ကို အဖက်ဖက်မှပင် စိုးမိုးသွားချေမည်။

စာရှုသူအဆွေနှင့်ပတ်သက်၍ရော ဘယ်သို့ရှိလေသနည်း။ အသင်၏ဒီဇိုင်းလက်ရာတော်ရှင်နှင့်ပတ်သက်ပြီး မည်သို့ရှိချေသနည်း။ အသင်၏ရုပ်ထွေးလှသော ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ၊ ဤလှပသော ပိုစတာကို မြင်တွေ့ခံစားနိုင်သော အသင်၏ မျက်လုံးများ၏ လုပ်ငန်းဆောင်ရွက်ပုံများ၊ စာတစ်လုံးကိုဖတ်လိုက်ရတိုင်း တက်ကြွနိုးကြားသွားသော အသင်၏နှလုံး၊ လူလုပ်ကွန်ပြူတာ ထက်မဆို ပိုမိုလျင်မြန်ပြီး အစွမ်းထက်လှသော အသင် အသုံးပြုနေသော ဦးနှောက်တို့မှာ ရင်သပ် ရှုမောစရာချည်း ဖြစ်သည်။ မည်သူက

**ကမ္ဘာ၏လည်ပတ်မှုကသာ တိကျမှန်ကန်မှုမရှိခဲ့ပါလျှင် သက်ရှိတို့ရှင်ရပ်တည်နိုင်စရာ အကြောင်းမရှိချေ။ ကျွန်ုပ်တို့၏ နေမိသားစုမှာ နေမိသားစုအများကြီးထဲမှတစ်ခုဖြစ်သည်။ နဂါးငွေ့တန်း ဂလက်စီဆိုသည်ကလည်း စကြဝဠာအတွင်းမှ ဂလက်စီသန်း ၁၀၀ ထဲမှ တစ်ခုသာလျှင်ဖြစ်၏။ ။**



ဒီဇိုင်းပုံစံထုတ်ခဲ့ရသနည်း။

အသင်ရပ်တည်နေသော မြေကမ္ဘာက မည်သို့ပါနည်း။ အခြေခံစွမ်းအားများဖြစ်သော ဆွဲငင်အားနှင့် တွန်းကန်အား စသည်တို့မှသည် အက်တမ်များနှင့်ဒြပ်စင်တို့တည်ဆောက်ပုံအဆုံး ဇီဝဗေဒ၊ ဓာတုဗေဒနှင့် ရူပဗေဒပညာရပ်တို့၏ ဥပဒေ နိယာမ စည်းမျဉ်းတိုင်းလိုလိုမှာပင် အသက်ရှင်သန်ရပ်တည်ရေးအတွက်လိုအပ်ရာရာတို့ကို ကွက်တိ နေသားတကျ စီမံထားမှုတို့ကရော ဘယ်သို့ရှိပါသနည်း။

နေမိသားစုအတွင်းရှိကမ္ဘာမြေကို ကြည့်လိုက်ပါ။ ယင်းတို့အားလုံးမှာ စည်းစနစ်ကျလှပြီး စေ့စပ်တိကျလွန်းကြ၏။ တစ်ခုနှင့်တစ်ခု ထိပ်တိုက်တိုးခြင်းမရှိဘဲ ယင်းတို့အတွက် သတ်မှတ်ထားရာလည်ပတ်လမ်းကြောင်းပေါ်မှာ ကိုယ်စီမျောပါနေကြသည်။ လူသားတို့က ထိုသို့ ရွေ့လျားလည်ပတ်နေစေခြင်းလော။ ဤသို့ ကွက်တိဖြစ်နေရအောင်လူသားတို့က ထိန်းသိမ်းထားခြင်းလော။ ဤသည် လုံးဝကြုံကြိုက်တိုက်ဆိုင်မှုကြောင့် ဖြစ်ရခြင်းလော။ ဒီဇိုင်းလက်ရာရှင်မရှိဘဲ မဟာပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပျက်ခဲ့ရခြင်းလော။

“မိုးကောင်းကင်နှင့် မြေကမ္ဘာတို့မှာ ပေါင်းစပ်နေခဲ့ရာမှ ငါအရှင်က ယင်းတို့ကို သီးခြားစီ ဖြစ်သွားစေခဲ့သည်ကိုလည်းကောင်း၊ သက်ရှိတိုင်းကို ရေမှဖြစ်စေသည်ကို လည်းကောင်း၊ မယုံကြည်သူတို့ မစဉ်းစားခဲ့ကြလေသလော။ သို့ပါလျက် ၎င်းတို့သည် သက်ဝင်ယုံကြည်ခြင်း မရှိပါသလော။”

(ကုရ်အာန် −၂၁း၃၀)

“ကေန်စင်စစ် မိုးကောင်းကင်များနှင့် မြေကမ္ဘာတို့ကို ဖန်ဆင်းထားမှု၌လည်းကောင်း၊ နေ့နှင့်ညတို့၏ ပြောင်းလဲသမှု၌ လည်းကောင်း၊ သိနားလည်မှုရှိသူတို့အဖို့ရာ သက်သေသာဓကများ မုချရှိနေပေသည်။” (ကုရ်အာန် −၃း၁၉၀)

“၎င်းပြင် ထိုအရှင်မြတ်သည်ပင်လျှင် အသင်တို့အကျိုးငှာ ညကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း၊ သူရိယနေမင်းကို လည်းကောင်း၊ လစန္ဒာကိုလည်းကောင်း အသင်တို့အဖို့ရာ ဩဇာခံဖြစ်စေတော်မူ၏။ ကြယ်၊ နက္ခတ်တို့သည်လည်း ထိုအရှင် မြတ်၏ အမိန့်တော်အတိုင်းနာခံလျက် ရှိနေကြ၏။ ကေန်မလွဲ ဤသည်၌ နားလည်ကြကုန်သော သူတို့အဖို့ သက်သေသာဓကများ ရှိနေချေသတည်း။” (ကုရ်အာန် − ၁၆း၁၂)

# လူသားကိုဖန်ဆင်းခြင်း

**ဒီဇိုင်း ပုံထုတ်တော်မူသောအရှင်တစ်ပါးတည်းရှိသည်ကို လက်ခံကြပြီဆိုလျှင် ကျွန်ုပ်တို့အနေနှင့် ကျွန်ုပ်တို့တစ်တွေ လူအဖြစ်တည်ရှိနေရခြင်း၏အဖြေကိုလည်း ရှာကြံကြည့်ရမည်။**


ကုရ်အာန်က လူဖန်ဆင်းခြင်းကို အောက်ပါ မုက္ခပတ်တော်မှာ ရှင်းပြထားပါသည်။

'' အို–မနုဿလူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်ကို ကြောက်ရွံ့ (ရိုသေ)ကြကုန်လော့။ ထိုအရှင်မြတ်သည် အသင်တို့အားအသက်တစ်ချောင်းတည်းမှ ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ထို အရှင်မြတ်သည် ထိုအသက်တစ်ချောင်း တည်းမှပင် ၎င်း၏ ကြင်ရာကြင်ဖက်ကိုလည်း ဖန်ဆင်းတော်မူခဲ့လေ၏။ ၎င်းနောက် ထို(လူသား) နှစ်ဦးတို့မှ များပြားလှစွာသော ယောက်ျား၊ မိန်းမတို့ကို ပြန့်ပွားစေတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် အကြင် အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်လော့။ အသင်တို့သည် ထိုအရှင်မြတ်အား အကြောင်းပြု၍ မိမိတို့အချင်းချင်း (မိမိတို့၏အခွင့်အရေး များကို) တောင်းဆိုကြကုန်၏။ ၎င်းပြင် အသင်တို့သည် ဆွေမျိုးညာတကာ(တို့၏အခွင့်အရေး များကို ဆုံးရှုံးနစ်နာစေခြင်း)မှလည်း ကြဉ်ရှောင် ကြကုန်လော့။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ကေန်စင်စစ် ကြီးကြပ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ် ပင် ဖြစ်တော်မူပေသတည်း။''

(ကုရ်အာန် – ၄း၁)

ဖျော်ရည်လေးတစ်ခွက် သို့မဟုတ် စာအုပ်တစ်အုပ်လိုမျိုး သာမန်အရာကလေး များကို လက်ဆောင်အဖြစ်ရခဲ့လျှင်ပင် ရေးကြီး ခွင်ကျယ်မဟုတ်လင့်ကစားတိုင် အသင့်ဘက်က တုန့်ပြန်ကျေးဇူးတင်စကား ဆိုမိမည်မှာအမှန် ပင်။ အသင့်အား မျက်လုံး နှလုံးနှင့်အဆုတ် တို့ကို ပုံစံထုတ်ပေးသောအရှင်ကို ပို၍ပင် ကျေးဇူးဆိုထိုက်ရာသည် အသိအမှတ် ပြုထိုက်၊ ချီးမွမ်း ထောမနာ ပြုထိုက်လှသည်။ အရှင့်ကိုအသိအမှတ်ပြု၊ အရှင့်ကို ဆည်းကပ်၊ အရှင့်ကို နာခံသမှုပြုခြင်း တို့သည်ပင်လျှင် ဘဝ၏ ရည်ရွယ်ချက်ဖြစ်ပေသည် ဆိုပြီး အလ္လာဟ်အရှင်က ကျွန်ုပ်တို့ကို မိန့်ခြွေထားတော် မူပါသည်။

''စင်စစ်သော်ကား ငါအရှင်မြတ်သည် ဂျင်န်နှင့် လူတို့ကို ငါအရှင်မြတ်အား ဆည်းကပ် ကိုးကွယ်ကြရန်သာလျှင် ဖန်ဆင်းတော်မူခဲ့ သည်။'' (ကုရ်အာန် – ၅၁း၅၆)



**ရှိရှိသမျှခပ်သိမ်းကုန်တို့အလည်ဝယ် တရားမျှတစွာကောင်းကင်ကျ လမ်းညွှန်တော်နှင့် မြေကမ္ဘာကိုအစဉ် ပြုစုပျိုးထောင်သွားရန် ထိန်းသိမ်းသွားရန်နှင့် အုပ်ချုပ်သွားရန် တာဝန်ကြီးကို တစ်ပါတည်း လူသားတို့အပေါ်သို့ လွှဲအပ် ထားခဲ့ပေသည်။**

ကျွန်ုပ်တို့ပြုမှုသမျှ ခပ်သိမ်းကုန်တွင် အရှင့်ကို အသိအမှတ်ပြုခြင်းအားဖြင့် အရှင် စီစဉ်ပေးထားရာ စားသုံးဖွယ်ရာတို့အတွက်၊ ဆာလောင်မွတ်သိပ်မှုကို ဖြေသိမ့်ပေးသည့် သောက်သုံးရာတို့နှင့် ဝတ်ဆင်စရာ အဝတ်အထည်တို့အတွက် အရှင့်ကျေးဇူးကို ကျွန်ုပ်တို့ သိအပ်သည်။ အရာရာအတွက် အရှင့်အား အသိအမှတ်တစ်စုံတစ်ရာရာ ပြုသင့်ပြုထိုက်ပေသည်။

လူသားကိုဖန်ဆင်းရန် အချိန်သင့်သောခိုက်ဝယ် အလ္လာဟ်အရှင်အနေနှင့် လူသားကိုအချည်းနှီး ဖန်ဆင်းခဲ့ခြင်းမဟုတ်။ ကနဦးကတည်းက အရှင်းကြီးရှင်းနေသည်ကတော့ လူကို မြေကမ္ဘာတွင် အလ္လာဟ်၏ ကိုယ်စားလှယ်အဖြစ်နှင့် ဖန်ဆင်းခဲ့ခြင်းပင်ဖြစ်၏။ ''အို –မုဟမ္မဒ်၊ အသင်သည် ပြန်လည်သုံးသပ်သတိရလော့။ တစ်ရံရောအခါ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အရှင်က ကောင်းကင်တမန်တို့ကို ကေန် အမှန်ငါအရှင်သည် ကမ္ဘာပေါ်ဝယ် ငါအရှင်၏ ကိုယ်စားလှယ်တော်အဖြစ် မြှောက်စားခန့်အပ်တော်မူအံ့ဟု မိန့်ကြားတော်မူသည်။''

(ကုရ်အာန်– ၂း၃၀)

လူသားကို ဖန်ဆင်းခဲ့ခြင်းဝယ် အရှင်၏ ဂုဏ်တော်အချို့ဖြစ်သော သနားကရုဏာ၊ ခွင့်လွှတ်ချမ်းသာနှင့် အကြင်နာ မေတ္တာတို့ ထင်ရှားပီပြင်လာခဲ့ရသည်။

၈

# တမလွန်ဟူသည်

**မွတ်စလင်မ်တို့က ဤလောကီဘဝသည် ယာယီအဆင့်တစ်ဆင့်ဖြစ်ပြီး တမလွန်အတွက် ပြင်ဆင်ချက်ဟူ၍ ယုံကြည်ကြသည်။ ဤလောကီ၏ဘဝသည် အဆုံးသတ်ပန်းတိုင်မဟုတ်ချေ။**

သေခြင်းသည်လည်း အဆုံးမဟုတ်ပါ။ ကမ္ဘာ၏ စခန်းအဆင့်ဆင့် အပြောင်းအလဲသာ ဖြစ်သည်။ သုခဘုံတွင် ထာဝရ သုခချမ်းသာကိုစံစားရာ သို့မဟုတ် ငရဲဘုံတွင် ဒုက္ခဆင်းရဲခံစားရာ တမလွန် သို့ တက်လှမ်းရာ လှေကားထစ်တစ်ခုပင် ဖြစ်သည်။

အလ္လာဟ်အရှင်သည် တရားစီရင်မည့်နေ့တော်ကြီးတွင် အားလုံးကိုပြန်လည်အသက်ဝင်စေတော်မူမည်မှာဖြစ်ပြီး လူသားတို့မှာ ၎င်းတို့အား ဂုဏ်ပြုချီးမြှင့်ပေးထားရာ အသိဉာဏ်ပညာ၊ လွတ်လပ်စွာ ရွေးချယ်မှုနှင့်အညီ သူတို့၏ လုပ်ရပ်ခပ်သိမ်းအတွက် စစ်ဆေးစီရင်မှုကို ခံကြရမှာဖြစ်ပါသည်။ လူသားတို့ ကောင်းကင်ကျ လမ်းညွှန်တော်ကို မိမိစိတ်ဆန္ဒအလျောက် ရွေးချယ်ပိုင်ခွင့်နှင့် ဤအတွက် ဤလောကီနှင့် တမလွန်တို့မှ ထာဝရ ကောင်းကျိုးဆုလာဘ်တို့ကို စိုက်ပျိုးရိတ်သိမ်းခံစားခွင့်ပေးထားသည်။ အစ္စလာမ်ဘာသာတရားတွင် သေသည်၏အခြားမဲ့ဘဝကို ယုံကြည်ခြင်းသည်လည်း ယုံကြည်ချက်၏မဏ္ဍိုင်ကြီးတစ်ခုဖြစ်သတည်း။

“သတ္တဝါတိုင်းသည် မရဏသေခြင်းတရား၏ရသကို မြည်းစမ်းကြရမည်။ တစ်ဖန် အသင်တို့သည် ကိယာမတ်ခေါ် သေလွန်ပြီးနောက် ပြန်လည်ရှင်ကြရမည့်နေ့ဝယ် မိမိတို့၏ (ကောင်းမှု၊ မကောင်းမှုတို့၏)အကျိုးများကို အပြည့်အစုံပေးခြင်း ခံကြရပေမည်။ သို့ဖြစ်ပေရာ အကြင်သူသည် ငရဲမီးဘေးမှ ဖယ်ရှားခြင်းခံရ၍ ဂျန္နတ်သုခဘုံသို့ ဝင်ရောက်စေခြင်းကို ခံရအံ့။ သို့ဖြစ် ရာ ထိုသူသာလျှင် အစစ်အမှန် အောင်မြင်သောသူဖြစ်ပေသည်။ အမှန်သော်ကား ဤလောကီဘဝဟူသည်ကား ထင်ယောင်ထင်မှားဖြစ်စေရာရာသာလျှင် ဖြစ်သတည်း။” (ကုရ်အာန် – ၃း၁၈၅)



# အလ္လာဟ်သည် တစ်ဆူတည်းသော အရှင်ဖြစ်ခြင်း

**အစ္စလာမ်၏ပင်မအုတ်မြစ်သည် အလ္လာဟ်၏ ဤသို့တစ်ဆူရှင်အဖြစ်ကို ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ အလ္လာဟ်ကို မည်သူကမျှ မွေးဖွားခဲ့ခြင်းမဟုတ်။ ဘယ်သော်အခါမှ သေဆုံးခြင်းလည်းမရှိချေ။ အာရာခပ်သိမ်း၏ဖန်ဆင်းရှင်မှာ သူကိုယ်တိုင် သည်လည်း ဖန်ဆင်းခံဖြစ်ရမည်ဟူသည်မှာ လုံးဝဗီလာကန့်လန့် ဝိရောဓိ ဖြစ်ရာရောက်သည်။**

ဤအချက်ကို ကုရ်အာန်ကျမ်းမြတ်၏ အောက်ပါအခန်းတွင်ကျွန်ုပ်တို့ကို ရှင်းလင်းပြထားခဲ့ပြီးဖြစ်ပါသည်။

''ဆိုလော့။ အရှင်သည်ကား အလ္လာဟ် တည်း။ တစ်ဆူတည်းသော အရှင်တည်း။ နိစ္စထာဝရ ခိုလှုံကြရရာ အရှင်တည်း။ ထိုအရှင်က မည်သူတစ်ဦးတစ်ယောက်ကိုမျှ မွေးဖွားခဲ့ခြင်းမရှိ။ မည်သူတစ်ဦးတစ်ယောက်၏ မွေးဖွားခြင်းကိုလည်း ခံခဲ့ရသည်မရှိ။ထိုအရှင် မြတ်၌ ဂုဏ်ရည်တူဟူ၍ တစ်ဦးတစ်ယောက် မျှပင်မရှိချေ။''


(ကျမ်းမြတ်ကုရ်အာန်–၁၁၂း၁–၄)

လူသည်မိမိလက်ဖြင့် မိမိကဖန်ဆင်း ထားသောအရာကို ဦးညွှတ်ခြင်းနှင့် ပျပ်ဝပ် ဦးချခြင်းမှာ ကျိုးကြောင်း ဆင်ခြင်တုံတရား နှင့်မညီချေ။ လူသားဟူ၍ စတင်ခဲ့ချိန်ကစပြီး ပထမဆုံးသောပြစ်မှုစင်စစ်ကြီးမှာ အလ္လာဟ် အရှင်နှင့် တုဘက်နှိုင်းယှဉ်ရာဆိုပြီး ရုပ်ပွား ဆင်းတုများကို အလ္လာဟ်ဟုဆိုကာ ထုလုပ် ကိုးကွယ်ခြင်း၊ အလ္လာဟ်အရှင်မှာ သားတွေ သမီးတွေ ရှိသည်။ သို့တည်းမဟုတ် အလ္လာဟ် အရှင်ထံ ကြားဝင်ဆက်သွယ်ပေးသူ ရှိသည်ဟူ၍ ဆိုခြင်းပင်ဖြစ်သည်။

''ကေန်စင်စစ် အလ္လာဟ်သည်တစ်စုံ တစ်ရာကို မိမိနှင့်တွဲဖက်ယှဉ်ပြိုင် ကိုးကွယ် ခြင်းကို လွတ်ငြိမ်းချမ်းသာမှု အလျှင်းပေးတော် မူမည်မဟုတ်။ ယင်းမှလွဲသောအခြားပြစ်မှု တို့ကိုကား မိမိအလိုတော်ရှိသူကို လွတ်ငြိမ်းစွာ နှင့် ခွင့်ပေးချေအံ့။ အမှန်ပင် အလ္လာဟ်နှင့် တု ဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းပြုသူသည် ကြီးလေး သောအပြစ်ကို ကျူးလွန်သူပင်တည်း။''

(ကျမ်းမြတ်ကုရ်အာန် ၄း၄၈)

အစ္စလာမ့်ယုံကြည်ချက်၏အခြေခံမှာ အလ္လာဟ်ရှင်မှာ သားတော်များလည်းမရှိချေ။ ကြားဝင်ဆက်သွယ်ပေးရာလည်းမရှိပါ။ အရှင်သည်လူသားတို့ကိုလမ်းညွှန် ပြသရန် အလို့ငှာ တမန်တော်များကို စေလွှတ်ပေး တော်မူခြင်းသာရှိသည်။ တမန်တော်တွေ ဆိုလည်း လူသားစင်စစ်တွေသာဖြစ်သည်။ ဘာသာတရားတွင် ရာထူးဂုဏ်သိန် အဆင့် ဆင့်ဟူ၍မရှိပြီ။ အလ္လာဟ်အရှင်က အရှင့် ကိုသာတိုက်ရိုက်ကိုးကွယ်ကြရန် ကျွန်ုပ်



**အလ္လာဟ်ရှင်နှင့် တူရာဟူ၍**
**ဘာတစ်စုံတစ်ရာမျှ မရှိချေ။**
**စိတ်မှကြံဆမရ၊ မြင်ကြည့်၍မရ၊**
**တွေးတောကြံဆ၍မရ။**

တို့ကို လမ်းညွှန်တော်မူထားပါသည်။ ဥပမာ ပြုရပါသော် ပုဂ္ဂိုလ်တစ်ပါးပါးသို့မဟုတ် သူတော်စင်တစ်ဦးဦးထံ အကူအညီ အထောက်အပံ့အတွက် တိုက်ရိုက်တောင်းခံခြင်းသည် အစွလာမ်နှင့် သူစိမ်းပြင်ပြင် ဖြစ်၏။ ဝတ်ပြုခြင်း၊ ဆုတောင်းခြင်းဟူသည် ယုံကြည်သူနှင့် သူ၏ အရှင်သခင် အလ္လာဟ်တို့အကြား အင်မတန်မှ ပုဂ္ဂလဆန်သော အခြင်းအရာသာလျှင် ဖြစ်ချေသည်။

“သူသည် အသင်တို့အား ကောင်းကင်တမန်များကိုလည်းကောင်း၊ နဗီတမန်တော်များကိုလည်းကောင်း မွေးဖွားဖန်ဆင်းတော်မူသောအရှင်များအဖြစ် ပြုလုပ်ကြရန်ဘယ်အခါမှညွှန်ကြားမည်မဟုတ်ပေ။ အသင်တို့ မွတ်စလင်မ် အမိန့်နာခံသောသူများဖြစ်ကြပြီးနောက် အသင်တို့အား သွေဖည်ငြင်းပယ်ရန် သူသည် ညွှန်ကြားထားပါမည်လော။”

(ကျမ်းမြတ်ကုရ်အာန်–၃း၈၀)

# အလ္လာဟ်၏ ဂုဏ်တော်များ



အစ္စလာမ်တွင် တစ်ဆူတည်းသော အရှင်ဖြစ်တော်မူသည့် အလ္လာဟ်နှင့် အရှင်၏ ဉာဏ်တော်ကိုသာ သင်ဆည်းကပ်သွားကြရန် ကျွန်ုပ်တို့ရွေးချယ်ထားသည်။ အရှင်က ကျွန်ုပ်တို့ကို အရှင်၏နာမတော်နှင့် ဂုဏ်တော်အချို့ကို ရွေးချယ်အသိပေးထားတော်မူသည်။ ဤအချက်ကြောင့် ကျွန်ုပ်တို့အနေနှင့် အရှင့်ကို ပိုမို ကောင်းမွန်စွာ နားလည်သဘောပေါက်ခဲ့ကြရသည်။ အောက်တွင်အရှင်၏ ဂုဏ်တော်များအနက်မှ အချို့ကို ဥပမာအဖြစ် တင်ပြထားပါသည်။

အလ္လာဟ်သည်လည်းအရာခပ်သိမ်း၏ဖန်ဆင်းရှင်တည်း။ အရှင်ဖန်ဆင်းထားတော်မူရာခပ်သိမ်းအတွက် ရိက္ခာပေးတော်မူသော အရှင်ဖြစ်၏။

အလုံးစုံကိုကြားတော်မူသောအရှင်၊ အလုံးစုံကိုမြင်တော်မူသောအရှင်နှင့် အလုံးစုံကို သိတော်မူသောအရှင်ဖြစ်၏။ အရှင်၏ ဉာဏ်တော်သည် ပကတိပြီးပြည့်စုံတော်မူ၏။ အတိတ်မှာရှိခဲ့သမျှ မျက်မှောက်ပစ္စက္ခမှာ၊ အနာဂတ်မှာဖြစ်ပျက်ခဲ့သမျှ အရာရာကိုရော၊ အထင်အလင်းရှိနေရာကိုရော ဖုံးကွယ်ထားရာရာတို့ကိုပါ ဉာဏ်ကျက်စား သိစွမ်းနိုင်တော်မူ၏။ အရှင်သည် အလွန်ချစ်ခင်ကြင်နာသနားတော်မူသော အရှင်တည်း။ မဟာကရုဏာတော်ရှင်တည်း။ မိမိဘာသာတည်နေတော်မူသော အရှင်တည်း။ ထာဝရရှင်သန်မပျက် ရှိနေတော်မူသောအရှင်တည်း။ ဘယ်အခါသော်မှ အိပ်စက်ခြင်းမရှိ။ အပန်းဖြေအနားယူတော်မူရသည်မရှိ။ ခပ်သိမ်းကုန်၏ ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်။ တွဲဖက်ယှဉ်ဖက်ဟူ၍မရှိ။ သားများဟူ၍မရှိ။ မိဘများဟူ၍ မရှိ။ ကိုးကွယ်ခဝပ်မှုအဝဝကို အရှင့်ကိုတိုက်ရိုက်သာလျှင် ကိုးကွယ်ဆည်းကပ်ရ၏။ အရှင်သည် လောကအလုံးစုံ၏ ပုံဖော်ရှင်တည်း။ ကောင်းချင်းရာရာ၏ ဖန်ဆင်းရှင်တည်း။ လင်းရောင်ခြည်တည်း။ လမ်းညွှန်တော်ရှင် တည်း။

''ထိုအရှင်မြတ်သည်ပင် အကြင် အလ္လာဟ်အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး ခယရိုးကျိုးဆည်းကပ်ကိုးကွယ်ရာဟူ၍ အလျှင်းမရှိပြီ။ စိုးမိုးအုပ်ချုပ်တော်မူသော ဘုရင်၊ စင်ကြယ်သန့်ရှင်းအပြစ် ကင်းစင်တော်မူသော အရှင်၊ ငြိမ်းချမ်းမှုပေးတော်မူသောအရှင်၊ ထိန်းသိမ်းစောင့်ရှောက်တော်

မူသောအရှင်၊ ခန့်ညားတော်မူသောအရှင်၊ ဂုဏ်သိက္ခာကြီးကဲ မြင့်မြတ်တော်မူသော အရှင် ဖြစ်တော်မူ၏။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ တွဲဖက်နိုင်းယှဉ်ကိုးကွယ်ကြသည်တို့မှ စင်ကြယ် သန့်ရှင်းတော်မူ၏။

ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းတော်မူသော အကောင်အထည်ဖော်တော်မူသော (မရှိရာမှ ရှိအောင်ပြုလုပ်တော်မူသောအလ္လာဟ် အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်၌ ကောင်းမြတ်လှစွာသော နာမ ဂုဏ်တော်များ ရှိကုန်၏။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်း ထိုအရှင်မြတ်စင်ကြယ်သန့်ရှင်းတော်မူကြောင်းကို မိန့်ဆိုလျက် ရှိကြကုန်၏။ ထို့မှတစ်ပါး ထိုအရှင်မြတ်သည်ပင် လွန်စွာ ခန့်ညားတော်မူသောအရှင်၊ သိမ်မွေ့လှစွာသော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် မြတ်ဖြစ်တော်မူစေသတည်း။''

(ကုရ်အာန် – ၅၉း၂၃–၂၄)

## အရ်ရပ်ဇာက်
## (စားနပ်ရိက္ခာပေးတော်မူသောအရှင်)

''ပြောလော့။ အသင်တို့၏အပေါ်၌ အသင်တို့၏အရှင်က တားမြစ်ထားတော်မူသော အရာတို့ကို အသင်တို့အား ကျွန်ုပ်ရွတ်ဖတ်ပြပါအံ့။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲ၍ ဘယ်အရာကိုမျှ မကိုးကွယ်ကြရန် မိဘနှစ်ပါးနှင့်ကောင်းစွာ ဆက်ဆံခြင်းပြုကြရန်နှင့် မိမိတို့၏သားသမီးတို့ကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြကုန်လင့်ဟူ၍ အရှင်က ပညတ်ထားတော်မူသတည်း။ ငါအရှင်မြတ်သည် အသင်တို့ကိုလည်းကောင်း၊ ထိုသူများကို လည်းကောင်း စားနပ်ရိက္ခာပေးတော်မူသည်။''

(ကုရ်အာန် –၆း၁၅၁)

**မိမိလက်ဖြင့် ဖန်ဆင်းထားသည့်**
**တစ်စုံတစ်ရာရာကို ကိုးကွယ်ခြင်း**
**သို့မဟုတ် လူသားအချင်းချင်းကို**
**ကိုးကွယ်ဆည်းကပ် နေခြင်းဖြင့်**
**ဝိညာဉ်၏ငြိမ်းချမ်းမှုကို**
**ဘယ်အခါမှ ရနိုင်စရာမရှိချေ။**
**လူသားတို့၏ အတွင်းဗီဇထဲ၌**
**ကိုးကွယ်မှု၊ လေးစားကြည်ညို**
**မြတ်နိုးခဝပ်လိုမှု လိုအပ်ချက်က**
**နက်ရှိုင်းစွာ တည်ရှိနေပေသည်။**

## အလ်ဂဖ္ဖူးရ်
## (ခွင့်လွှတ်တော်မူသောအရှင်)

''သို့ရာတွင် ကေန်စင်စစ် ငါအရှင်မြတ်သည် အကြင်သူတို့အား အလွန်တရာခွင့်လွှတ်တော်မူသော အရှင်မြတ်တည်း။ ထိုသူတို့မှာ နောင်တတရားရကာ သက်ဝင်ယုံကြည်ကြ၍ တည်း။ ကောင်းရာကိုပြုကျင့်ပြီး တရားလမ်းမှန်ပေါ်၌ တည်နေကြ၍ ဖြစ်သတည်း''။

(ကုရ်အာန် –၂၀း၈၂)

## အလ်ကိုက်ယ္ယူးမ်
## (ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်)

''အလ္လာဟ်သည်သာ ခဝပ်ကိုးကွယ်ထိုက်ရာအရှင်တည်း။ အရှင်မှတစ်ပါး ခဝပ်ကိုးကွယ်ရာဟူ၍မရှိပြီ။ အရှင်သည် နိစ္စထာဝရ အမြဲရှင်နေတော်မူသောအရှင်တည်း။ အမြဲထာဝရ တည်ရှိနေတော်မူပြီး သက်ရှိသက်မဲ့ အပေါင်းအား ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်တည်း။'' (ကုရ်အာန် – ၃း၂)






# အစ္စလာမ်၏ မဏ္ဍိုင်ကြီးငါးရပ်

**မဏ္ဍိုင်တိုင်ကြီးများသည် အဆောက်အဦးတစ်ခုခုကို ထောက်ကန်ပေးထားကြခြင်းကြောင့် ယင်း၏တည်ဆောက်မှု ပုံသဏ္ဍာန်နှင့် တည်ငြိမ်မှုအတွက် အရေးကြီးလှသည်။ အလားတူပင် အစ္စလာမ်၏မဏ္ဍိုင်ကြီးငါးခုသည်လည်း မွတ်စလင်မ်တိုင်းအဖို့ အရေးပါလှပေသည်။**

ဤမဏ္ဍိုင်ငါးခုသည် လူတစ်ယောက်၏ ဆက်ဆံမှုကို အစဉ်တည်တံ့ခိုင်မြဲစေသော အရည်အချင်းကောင်းများကြောင့် အခြားမွတ်စ်လင်မ်များနှင့် ညီနောင်ရင်းချာအဖြစ် စုစည်းပေးသည်။ ပထမမဏ္ဍိုင်မှာ ယုံကြည်ချက်ကို ကြွေးကြော်ခြင်း (ရှဟာဒဟ်)၊ ဒုတိယမဏ္ဍိုင်မှာ ဝတ်ပြုမှု (စွလာသ်)၊ တတိယမဏ္ဍိုင်မှာ အလှူဒါန တာဝန် (ဇကားသ်)၊ စတုတ္ထမဏ္ဍိုင်မှာ ဥပုသ်သီလ(စောင်မ်)နှင့် ပဉ္စမ မဏ္ဍိုင်မှာ ဓမ္မခရီးထွက်ခြင်း (ဟဂ်ျ) ဖြစ်သည်။



# ယုံကြည်ချက်ကို ကြွေးကြော်မှု
# (ရှဟာဒဟ်)

**"အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြား**
**ခဝပ်ကိုးကွယ်ထိုက်သောအရှင်မရှိ။**
**မုဟမ္မဒ်သခင်သည်အလ္လာဟ်၏**
**နောက်ဆုံးတမန်တော်ဖြစ်သည်"ဟူ၏။**
**ဤသည်ကိုထုတ်ဖော်မြွက်ဟကြွေးကြော်ခြင်းသည်**
**ယုံကြည်ချက်၏အရေးအပါဆုံးသောမဏ္ဍိုင်ကြီး ဖြစ်သည်။**

ဤသည် အလ္လာဟ်ရှင်နှင့် အသင့်အကြားသဘော တူညီချက် ဖြစ်၏။ အသင့်ဘက်က အလ္လာဟ်ရှင်၏ တစ်ဆူတည်းဖြစ်ကြောင်းနှင့် မုဟမ္မဒ်သခင်ကို အရှင်၏နောက်ဆုံး တမန်တော်နှင့် စေတမန် အဖြစ်စေလွှတ်ခဲ့ကြောင်းဟူသော ယုံကြည်ချက်တို့ဖြစ်သည်။ ဤရလဒ်ကြောင့် မွတ်စ်လင်မ်အသိုင်း အဝိုင်းဝင်တစ်ဦးဖြစ်သွားပြီး ဘဝတွင်အသင်၏ပန်းတိုင်များနှင့် ရည်မှန်းချက်တို့ကို ပေါက်မြောက် အောင်မြင်ရေးငှာ အခြားသော မွတ်စ်လင်မ်များက အသင့်ကို ပံ့ပိုးဖေးကူပေးကြရတော့သည်။ ။



þonft vh[ tSESh toih tum;
oabmwhDu fzpf/




# ဝတ်ပြုမှု (စွလားသ်)

**မွတ်စလင်မ်တစ်ဦးနှင့် အလ္လာဟ်အရှင်တို့အကြား ဆက်သွယ်မှုမှာ အလွန်အရေးပါပါသည်။ ကြားခံတစ်စုံတစ်ရာမျှ မပါဘဲ အရှင့်ကို တိုက်ရိုက်ခဝပ်ကိုးကွယ်ခြင်းအားဖြင့် ပို၍တစ်မူထူးကဲသွားစေပါသည်။**

မွတ်စလင်မ်တစ်ဦးနှင့် အလ္လာဟ်အရှင်တို့အကြား ဆက်သွယ်မှုမှာ အလွန်အရေးပါ ပါသည်။ ကြားခံတစ်စုံတစ်ရာရာမျှမပါဘဲ အရှင့်ကို တိုက်ရိုက်ခဝပ်ကိုးကွယ် ခြင်းအားဖြင့် ပို၍တစ်မူထူးကဲသွားစေပါသည်။

အလ္လာဟ်ရှင်ကို ပိုမိုသတိရတမ်းတနိုင်ကြစေရေး၊ ကျွန်ုပ်တို့ကိုမှန်မြတ်သောလမ်းတွင်တည်စေရေးနှင့် မကောင်းမှုဒုစရိုက်တို့မှကင်းစင်စေရေးအတွက် တစ်နေ့လျှင်ငါးကြိမ်




ကျ ဝတ်ပြုကြရန် ပညတ်ထားတော်မူပါသည်။

‘‘အသင်တို့သည် စွလာသ်ဝတ်ပြုခြင်းကို အမြဲတစေ ဆောက်တည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ဇကားသ်ပေးဆောင်ကြ လေကုန်။ ထို့ပြင်တစ်ဝ အသင်တို့သည် မည်သည့်ကောင်းမှုကုသိုလ်ကိုမဆို မိမိတို့အဖို့ရာ ရှေ့သို့တင်ကြို ပို့ထားနှင့်ကြပါမူ အလ္လာဟ်အရှင်မြတ်အထံတော်မှ ယင်းကောင်းမှု၏ (ကုသိုလ် အကျိုး) ကို အသင်တို့ရရှိကြအံ့။ မုချအမှန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူ ကြသော အရာခပ်သိမ်းတို့ကို အကြွင်းမရှိသိမြင်တော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။’’

(ကုရ်အာန် –၂း၁၁၀)


500
Five Hundred Riyals

# မပေးမနေရ အလှူဒါန (ဇကားသ်)

**မိမိကိုယ်ကို စောင့်ရှောက်မှုအပြီးတွင်
မိမိတို့ဘက်မှနေပြီး ဘ၀အခြေမလှသူတို့ကို
ကြည့်ရှုစောင့်ရှောက်ကြကုန်ဟူ၍
အလ္လာဟ်ရှင်က ကျွန်ုပ်တို့ကို
ပညတ်တော်မူထားပါသည်။**

**ဇကားသ်** ဟူသောဝေါဟာရသည် သန့်ပြန့်စင်ကြယ်သည်နှင့် ကြီးပွားသည်ဟူသောအနက်အဓိပ္ပာယ်ကိုဆောင်ပါသည်။ ယုံကြည်သူတစ်ဦးသည် တစ်နှစ်လျှင်တစ်ကြိမ် ဘ၀အခြေမလှသူတို့ကို မိမိ၏ဓနချမ်းသာထဲမှနေပြီး မျှဝေပေးကမ်းကူညီရပါမည်။ မိမိစည်းစိမ်ချမ်းသာထဲမှ ၂.၅ရာခိုင်နှုန်းကိုတွက်ချက်ပြီး မျှဝေခံစားစေရပါမည်။ ယင်းသည် သာမန်အလှူဒါနနှင့်မတူချေ။ စိတ်ကလိုလားမှ ပေးရတာမျိုးလည်းမဟုတ်ချေ။ အစ္စလာမ်တွင် ဓနဥစ္စာကို အလ္လာဟ်ရှင်ကပိုင်ဆိုင်တော်မူပေရကား လူသားထုကြီးကိုဖေးမကူညီပေးဖို့ မိမိတို့လက်တွင် ယုံပုံလွှဲအပ်ထားခြင်းဖြစ်သည်။ ထိုကြောင့် ချမ်းသာသူတို့သည် လူ့အဖွဲ့အစည်း၏ အကျိုးအတွက် ယင်းကို အသုံးပြုသွားသင့်ပေသည်။

> ''စင်စစ်သော်ကား ထိုသူတို့သည် ဘာသာအယူဆည်းကပ်ကိုးကွယ်မှုကို အလ္လာဟ်အရှင်မြတ်အားသာလျှင်ရည်စူး၍ သစ္စာတည် ကြည်ခိုင်မာမပျက် အာရုံစူးစိုက်ကိုးကွယ်ဆည်းကပ်ကြရန်ကိုလည်းကောင်း၊ ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြရန်ကိုလည်းကောင်း၊ ဇကားသ်ပေးဆောင်ကြရန်ကိုလည်းကောင်း၊ အမိန့်ပေးထားသည်မှတစ်ပါး အခြားအမိန့်တစ်စုံတစ်ရာကို ပေးထားခြင်းမရှိပြီ။ အမှန်သော်ကား ဤသည်သာလျှင် မှန်ကန်သော ဘာသာအယူဖြစ်သတည်း။''

(ကုရ်အာန် – ၉၈း၅)

, ifaiGeqif&Ol m;rsm;
zoufqdsm;ESifh m;ukdrdk
c&Onfwdkuf;&rSpfonf



# ဥပုသ်သီလ (ဆောင်မ်)

"နှစ်စဉ် လအခြေပြုပြက္ခဒိန်နှစ်၏ နဝမမြောက်လဖြစ်သည့် လမြတ်ရမသျှာန်တွင် မွတ်စလင်မ်အားလုံးသည်ပင် အရုဏ်တက်မှသည် နေဝင်ချိန်ထိတိုင် အလ္လာဟ်ရှင်၏ နှစ်မြို့မှုအတွက် သီးသီးသန့်သန့်ရည်ရွယ်လျက် စားခြင်း၊ သောက်ခြင်းနှင့် မေထုန်အမှုတို့ကိုရှောင်ကြဉ်ပြီး ဥပုသ်သီလဆောက်တည်ကြရသည်။"

နှစ်စဉ် (လအခြေပြုပြက္ခဒိန်နှစ်၏ နဝမမြောက်လဖြစ်သည့်) လမြတ်ရမဒွါန်တွင် မွတ်စလင်မ်အားလုံးသည်ပင် အရုဏ်တက်မှသည် နေဝင်ချိန်ထိတိုင် အလ္လာဟ်ရှင်၏ နှစ်မြို့မှုအတွက် သီးသီးသန့်သန့်ရည်ရွယ်လျက် စားခြင်း၊ သောက်ခြင်းနှင့် မေထုန်အမှုတို့ကိုရှောင်ကြဉ်ပြီး ဥပုသ်သီလဆောက်တည်ကြရသည်။

"ရမဒွါန်လမြတ်သည်ကား လူသားခပ်သိမ်းအဖို့ တရားဓမ္မအဖြစ်လည်းကောင်း၊ တရားလမ်းမှန်ရစေသော အမှားအမှန်ကို ခွဲခြားသိစေသော ထင်ရှားသည့်သက်သေလက္ခဏာများအဖြစ် ကျမ်းမြတ်ကုရ်အာန်ကို ထုတ်ပြန်ပို့ချပေးရာလ ဖြစ်သည်။ သို့ဖြစ်ပေရာ မည်သူမဆို လ၏ဆန်းဦးစကိုမြင်သည်ရှိသော် ထိုသူသည် ယင်းလမြတ်၌ ဥပုသ်သီလဆောက်တည်ရပေမည်။ သို့ရာတွင်အကြင်သူသည်မကျန်းမမာဖြစ်ခဲ့သော်၊ သို့တည်းမဟုတ် ခရီးထွက်ခဲ့လျက်ရှိနေခဲ့သော် ထိုသူတို့အဖို့ အခြားသောနေ့ရက်များတွင် ပြန်ဖြည့်ပြီး ဆောက်တည်ရန် တာဝန်ရှိလေသည်။ အလ္လာဟ်ရှင်သည် အသင်တို့အဖို့သက်သာချောင်ချိမှုကို လိုလားတော်မူပြီးခက်ခဲမှုကို



မလိုလားချေ။ ပျက်ကွက်သော ဥပုသ်ရက်တို့ကို အသင်တို့ကို ပြန်လည်ဆောက်တည်စေလိုတော်မူ၏။အလ္လာဟ်ရှင်ကို အရှင်ကလမ်းညွှန်တော်မူထားရာအတိုင်း ကြီးကဲမြင့်မြတ်ကြောင်း ဂုဏ်တော်မွမ်းမှုကို လိုလားတော်မူ၏။ သို့မှာသာလျှင် အသင်တို့သည် အရှင်၏ကျေးဇူးကိုသိသောသူများအဖြစ်သို့ ရောက်ကြချေအံ့။''

(ကုရ်အာန် – ၂း၁၈၅)

အရှင်၏နှစ်မြို့မှုကို ရရှိရန်အတွက် ဥပုသ်သီလဆောက်တည်ကြရန် အလ္လာဟ်ရှင်က ကျွန်ုပ်တို့ကို ပညတ်ထားချေ၏။ ဤသို့ပြုခြင်းသည် ကျွန်ုပ်တို့၏နာမ်အဆင့်များကို မြှင့်တင်ပေးခြင်းဖြင့် အလ္လာဟ်နှင့်နီးစပ်မှု ရရှိရေးဌာ ကြိုးစားရာရောက်သည်။ ကောင်းကင်ကျစနစ်ဇယားနှင့်အညီ မိမိတို့၏နေ့စဉ်ဘဝနှင့် ဓလေ့တို့ကို ပြောင်းလဲပြုပြင်သွားခြင်းအားဖြင့်...

## ...ကျွန်ုပ်တို့သည် သွေးသားဆန္ဒ၏ ကျေးကျွန်များမဟုတ်ကြဘဲ အလ္လာဟ်၏နာခံတော်များဆိုသော အသိကိုပိုက်ယူနိုင်ကြရာ၏။

...လောကီ၏သာတောင့်သာယာတို့မှ မိမိဆန္ဒနှင့်မိမိ ဖြတ်တောက်သွားခြင်းအားဖြင့် ကာလအခိုက်အတန့် ဥပုသ်သီလဆောက်တည်သောပုဂ္ဂိုလ်သည် အခြေခံလူ့လိုအပ်ချက်ဖြစ်သော စားရေးသောက်ရေးကိုသော်မျှ မဖူလုံသူတို့အပေါ် အမှန်တကယ် ကရုဏာထား စာနာတရားပွားများနိုင်ပေသည်။

# ဟဂ်ျ (ဓမ္မခရီးထွက်ခြင်း)

**မွတ်စလင်မ်တစ်ဦးသည် ကျန်းမာရေးလည်းကောင်းမွန်ပြီး အကြွေးလည်းကင်းကာ တတ်စွမ်းနိုင်သူလည်းဖြစ်ပါက ဟဂ်ျတာဝန် ထိုက်သူဖြစ်ခဲ့သော် ထိုသူအား သူ့ဘဝသက်တမ်းမှာ တစ်ကြိမ်မဖြစ်မနေ မက္ကာရွှေမြို့တော်သို့ ဓမ္မခရီးထွက်ရန် တာဝန်ထိုက်သည်ဟု အလ္လာဟ်ရှင်က ပညတ် ထားပေသည်။ ဟဂ်ျကျင့်စဉ်ကျင့်ရပ်တို့သည် တမန်တော်ကြီး အီဗရာဟီမ်ခေတ်က စတင် ရှိခဲ့ပြီး မက္ကာရွှေမြို့တော်ကြီးတွင် တမန်တော် ကြီးနှင့် သူ့မိသားစုဝင်တို့ အစမ်းသပ်ခံခဲ့ရသည်တို့ကိုပြန်လည်အောက်မေ့တသ ဂုဏ်ပြုကျင်းပကြရသည့်ကျင့်စဉ်ပင် ဖြစ်ပါသည်။ယင်းသည်တမန်တော်အာဒမ်စတင်တည်ဆောက်ခဲ့သောအလ္လာဟ်၏ အိမ်တော်ဟူ၍ အမှတ်သညာအဖြစ် မှတ်ယူထားသော ကအ်ဗာဗိမာန်တော်သို့ ဓမ္မခရီးဖြစ်ပါသည်။**

ဟဂ်ျကာလသည် ကမ္ဘာတစ်လွှားမှအသားအရောင်မျိုးစုံ မျိုးနွယ် အဖုံဖုံနှင့် ဘာသာစကားအပြားပြားရှိနေကြသည့်မွတ်စလင်မ်များ ကမ္ဘာ့ညီရင်းအစ်ကိုစိတ်ထားဖြင့် တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်ကို စုပေါင်းဝတ်ပြုကြရသည့် အခါသမယဖြစ်ပါသည်။ ယောကျ်ားသားတို့သည်အဖြူရောင်ပိတ်ပိုင်းနှစ်ပိုင်းကိုသာ ဝတ်ဆင်ကြရပေရကား လူနှင့်လူအကြား ဘာအလွှာ၊ ဘာအဆင့်အတန်း၊ တစ်စုံတစ်ရာရာကိုမှ မခွဲခြားရာရောက်ပြီး အားလုံးနှင့်တစ်သားတည်းဖြစ်သွားသည်။ သူဌေး၊ ဆင်းရဲသား လူဖြူနှင့်လူမည်းတို့မှာ ပခုံးချင်းယှဉ်ပြီး ရှိသွားကြသဖြင့် ယင်းတို့၏ ကောင်းမှုသီလမှာ အလ္လာဟ်၏အမြင်တွင် တစ်ထပ်တည်းရှိသွားကြကုန်၏။

ဟဂ်ျနှင့်အီဒွလ်အဿွဟာပွဲတော်တို့သည် ချို့တဲ့သူတို့ကို သတိတရရှိရာနေ့နှင့် အလ္လာဟ်ရှင်ကို ခဝပ် ကိုးကွယ်ဆည်းကပ်ရာ နေ့ထူးနေ့မြတ်ဖြစ်သည်။ စတေးစွန့်လှူထားသော သားကောင်တို့၏အသားကို မရှိဆင်းရဲသားတို့ကို လှူဒါန်းပေးဝေရပါသည်။ အပိုဝတ်ပြုမှုတို့ကို ပြုကြရပါသည်။

‘‘ဟဂ်ျပြုရန် လများသည်ကား အများသိထားပြီးသောလများပင်ဖြစ်၏။ သို့ဖြစ်လေရာ အကြင်သူသည် ဟဂ်ျတာဝန် ထိုက်ထားပါက(အိဟ်ရာမ်ဝတ်ထားချိန်တွင်) ကာမမှုမပြုရ။ မည်သည့် ဖီဆန်မှုကိုသော်မျှမပြုရ။ ခိုက်ရန်ပွား ငြင်းခုံမှုတို့ မပြုရချေ။ အမှန်ပင် အလ္လာဟ်ရှင်သည် အသင်တို့ပြုပြုသမျှကောင်းမှုအစုစုကို သိရှိတော်မူ၏။ (ဟဂ်ျခရီးအတွက်) စားနပ် ရိက္ခာနှင့် စရိတ်စကတို့ကို အလုံအလောက်ဆောင်ယူလာကြကုန်။ အမွန်မြတ်ဆုံးသော စားနပ်ရိက္ခာဟူသည်ကား အလ္လာဟ်ရှင်ကို ကြောက်ရွံ့မှုပင်ဖြစ်သည်။ အို–အသိဉာဏ်ရှိသူတို့၊ အလ္လာဟ်အရှင်ကို ကြောက်ရွံ့ရိုသေခန့်ညားကြကုန်လော့။’’

(ကျမ်းမြတ်ကုရ်အာန် ၂း၁၉၇)







၁

# တမန်တော်များ၏ ရည်ရွယ်ချက်

တမန်တော်များသည် လူသားထုကြီး၏ ခေါင်းဆောင်ကြီးများဖြစ်ကြပြီး တစ်ဆူတည်းသောအရှင် အလ္လာဟ်ကို မည်သို့မည်ပုံ ကိုးကွယ်ဆည်းကပ်ကြရမှာကို သိရှိခဲ့ကြသည်။

အရာဝတ္ထုတစ်ခုကို ဖန်ဆင်းထားပြီး စည်းမျဉ်းစည်းကမ်းတစ်စုံ တစ်ရာမျှ မရှိစေဘဲ နှင့် ပေယျာလကန် လုပ်ချင်ရာကိုလုပ်စေမည်။ နောက်ဆုံးတွင် စည်းမျဉ်းစည်းကမ်းကို ချိုးဖောက် ရကောင်းလားဟူ၍ စစ်ဆေးစီရင်ပြီး အပြစ်ဒဏ်ခတ်မည်ဆိုပါက လျော်ကန် သင့်မြတ်မှု ရှိပါ့မလား။

လူသားကို စဉ်းစားတွေးခေါ်မှုနှင့် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်စွမ်းအားဖြင့် ဖန်ဆင်းတော်မူခဲ့ပြီးသည်တွင် အလ္လာဟ်ရှင်က အရှင်၏ အနန္တဉာဏ်တော်အရ လူသားထုကို လမ်းညွှန်သူအဖြစ်နှင့် တမန်တော်များနှင့် စေတမန်တို့ကို စေလွှတ်ပေးရန် ဆုံးဖြတ်တော်မူခဲ့သည်။ တမန်တော်တိုင်းသည်ပင် မိမိနှင့်သက်ဆိုင်ရာ သီးသန့်အမျိုးသားထုကြီးအား တစ်ဆူတည်းသော အရှင်ကို ခဝပ်ဆည်းကပ်ကိုးကွယ်ရန်လိုအပ်ပုံနှင့် အရှင်နှင့်တုဖက်နှိုင်းယှဉ်ကိုးကွယ်မှုကို ရှောင်ကြဉ်အပ်ကြောင်းတို့ကို သတိပေး ဆိုဆုံးမစေရန် စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ တမန်တော်များသည် နတ်ဘုရားများမဟုတ်ကြ၊ ထာဝရအရှင်၏ သားတော်များ သို့မဟုတ် တွဲဖက်အဖော်များလည်း မဟုတ်ကြချေ။ လူသားထုအလယ်တွင် အကောင်းဆုံးသူများသာ ဖြစ်ကြသည်။ သူတို့တစ်တွေ၏ အပြုအမူနှင့် ကိုယ်ကျင့်တရားများမှာ သိမ်မွေ့နူးညံ့မြင့်မြတ်လှ၍ ငြိမ်းချမ်း ပကတိ ရှိကြသဖြင့် အလ္လာဟ်ရှင်ကိုသိသူတို့အကြား တမန်တော်အဖြစ် ရွေးချယ်တာဝန်ပေးခံရခြင်းဖြစ်သည်။

လူသားဟူ၍ စတင်ခဲ့သည့်ကာလမှစပြီး တမန်တော်အာဒမ်(လူသားတို့၏ဖခင်ကြီး) မှသည် တမန်တော်အဆူဆူတို့ကို စဉ်ဆက်မပြတ် အလ္လာဟ်ရှင်က ပွင့်ပေါ်စေတော်မူခဲ့ပေရာ နောက်ဆုံးတမန်တော်မုဟမ္မဒ် (ယင်းတို့အားလုံးအပေါ် ငြိမ်းချမ်းခြင်း ခညောင်းပါစေသား)တွင် နိဂုံးကမ္ပတ်အဆုံးသတ်စေခဲ့သည်။ ဤတမန်တော်ကွင်းဆက်ကြီးတွင် အစ္စရာအီလ်အမျိုးသားတို့၏ တမန်တော်ကြီးများပါ ပါဝင်ခဲ့ပြီး အရေးအပါဆုံးသော သတင်းသဝဏ်တို့နှင့်အတူ စေလွှတ်ခြင်းခံခဲ့ရသော တမန်တော်ကြီးငါးပါးဖြစ်သည့် နူးဟ်၊ အီဗရာဟီမ်၊ မူစာ၊ အီစာနှင့် မုဟမ္မဒ်သခင် (သူတို့အားလုံးအပေါ် အလ္လာဟ်အရှင်မြတ်၏ ငြိမ်းချမ်းမင်္ဂလာနှင့် ကောင်းချီးမင်္ဂလာအပေါင်း ခညောင်းပါစေ)တို့ အပါအဝင်ဖြစ်သည်။ သူတို့သည် တမလွန်အကြောင်းခြင်းရာများ၊ စာရိတ္တကောင်းနှင့် ပတ်သက်ရာရာများနှင့် လူ့အခွင့်အရေးတို့အကြောင်းတို့ကို သိရှိကြသည်။သူတို့၏ အမျိုးသားတို့ကို အလားတူပင် လမ်းညွှန်ပြသခဲ့ကြသည်။ ကျမ်းမြတ်ကုရ်အာန်တွင် တမန်တော်တိုင်းက ယင်းနှင့်ဆိုင်ရာ အမျိုးသားတို့ကို ပြောကြားခဲ့ပုံကို ကျွန်ုပ်တို့အား တင်ပြပေးထားပါသည်။

''အို–ငါ၏အမျိုးသားအပေါင်းတို့၊ အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ အသင်တို့၌ အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ရာ အလျှင်းမရှိပြီ။''

(ကျမ်းမြတ်ကုရ်အာန် ၇း၅၉)

''ကေန်မလွဲ အလ္လာဟ်အရှင်မြတ်သည် တရားမျှတရန်လည်းကောင်း၊ ကောင်းမွန်စွာကျင့်မှုဆက်ဆံရန်လည်းကောင်း၊ ဆွေမျိုးနီးစပ်တို့ကို ပေးကမ်းရန်လည်းကောင်း အမိန့်ပေးတော်မူလေသည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ထင်ရှားစွာသော စက်ဆုပ်ရွံရှာဖွယ်များမှလည်းကောင်း၊ မကောင်းမှုများမှလည်းကောင်း၊ မတရားမှုများမှလည်းကောင်း မြစ်တားထားတော်မူ လေသည်။ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ သတိရကြအံ့သောငှာ သတိပေးနှိုးဆော်တော်မူပေသတည်း။'' (ကျမ်းမြတ် ကုရ်အာန် ၁၆း၉၀)

မုဟမ္မဒ်သခင်သည် ပွင့်လေခဲ့သမျှသော တမန်တော်အဆူဆူတွင် အန္တိမ နောက်ဆုံးတမန်တော်ကြီးဖြစ်ပြီး ဗျာဒိတ်တော် ပထမဆုံး စတင်ကျရောက်ခဲ့သည့်အခါသမယမှ စတင်ကာ ကျွန်ုပ်တို့အားလုံး လူအဖြစ်မှ ချုပ်ငြိမ်းသွားကြရသည့် နောက်ဆုံးနေ့ထိတိုင် လူသားအားလုံးအတွက် အလ္လာဟ်ရှင်၏လမ်းညွှန်တော်သို့ ဆောင်ကြဉ်းပေးခဲ့သူဖြစ်သည်။ ဤအတွက်ကြောင့် ကမ္ဘာတစ်လွှားမှ အလ္လာဟ်ရှင်၏တမန်တော်အားလုံးကို တစ်ဆူတည်းသောအရှင်ကို ခဝပ်ကိုးကွယ်မှုတည်းဟူသော တူညီသောလမ်းကြောင်းပေါ်တွင် ရှိနေကြသည့်အတွက် အသားအရောင်မျိုးစုံ၊ မျိုးနွယ်အဖုံဖုံမှ လူသားတို့မှာ လက်ခံလေးစားကြည်ညိုမဆုံး ရှိနေကြပုံကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ကြရခြင်းဖြစ်ပါသည်။

# လူသားထု၏ ဒုတိယဖခင်ကြီး တမန်တော်နူးဟ်

တမန်တော်နူးဟ်နှင့်ရေကြီးခြင်းအကြောင်းတို့ကို ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာကျမ်းဂန်များတွင် တစ်ထပ်တည်း ပြောဆိုထားပေသည်။



သူသည် သက်တော် ၉၅၀ အထိ နေထိုင်သွားခဲ့သည့် တမန်တော်ကြီး တစ်ပါးဟု ကုရ်အာန်ကျမ်းမြတ်က ကျွန်ုပ်တို့ကို ပြောပြထားပါသည်။ သူသည် မိမိ၏ အမျိုးသားတို့ကို တစ်ဆူတည်းသော အလ္လာဟ်ရှင်ကို ယုံကြည်ကြ၊ ရုပ်ပွားဆင်းတုများနှင့် ကျောက်ရုပ်တို့ကို ကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ကြ။ အားနည်းသူများနှင့် ချို့တဲ့သူတို့အပေါ် အကြင်နာမေတ္တာထားကြဖို့ကို ကိုယ်ကျိုးစွန့်ပြီး သူ့ဘဝတစ်လျှောက်လုံးမှာ ပြောဆိုဆုံးမတော်မူခဲ့သည်။ အလ္လာဟ်အရှင်စွမ်းအားတော်နှင့် ကရုဏာတော်တို့၏ သက်သေလက္ခဏာများအကြောင်း သူ့အမျိုးသားတွေကိုပြောကြားပြခဲ့ပြီး တရားစီရင်မည့်နေ့၏ ပြင်းထန်လှသော ပြစ်ဒဏ်ကြီး၏ အကြောင်းကိုပါ သတိပေးစကားဆိုခဲ့သည်။ သူတို့တစ်တွေမှာအင်မတန်ခေါင်းမာလှပြီး သူ၏သတိပေးချက်များကို လျစ်လျူရှုခဲ့ကြပေသည်။ အလ္လာဟ်ရှင်က သူတို့တစ်တွေကို ရေကြီးဘေးသင့်စေခဲ့ပြီး တမန်တော်ကို လိုက်နာခဲ့ကြသည့် ယုံကြည်သူများသည် ကယ်တင်လွတ်မြောက်ရာကို ရရှိသွားကြသည်။

ကျမ်းတော်မြတ်ကုရ်အာန်တွင် တမန်တော်နူးဟ်နှင့်ပတ်သက်ပြီး အခန်းတစ်ခုပါရှိသည်။သူ၏သမိုင်းအကြောင်းစုံကို ကျမ်းမြတ်ကုရ်အာန်၏ အရှည်ဆုံးသောကဏ္ဍများထဲမှတစ်ခု (ဟူးဒ်၁၁)တွင် အသေးစိတ်တင်ပြထားပေရာ ရေကြီးပုံနှင့် သင်္ဘောကြီးအကြောင်းတို့ အပါအဝင် ဤအချက်အလက်တို့ကို ပိုမိုအသေးစိတ်ကျကျ တွေ့ရှိကြရသည်။

● သူ့အမျိုးသားထုကြီးအား အလ္လာဟ်ရှင်ကို ခဝပ်ကိုးကွယ်ကြရန်၊ အရှင်နှင့်ပတ်သက်ပြီး သူတို့တစ်တွေ၏တာဝန်ကို ကျေပွန်ကြရန် ဆိုဆုံးမတော်မူခဲ့ပြီး သို့မှသာ အပြစ်ဒုစရိုက်များမှ လွတ်ငြိမ်းချမ်းသာရာရအံ့ဟု ဆိုခဲ့သည်။

● ညဘက်ရော နေ့ဘက်တွင်ပါ သူတို့ကို ဖိတ်ခေါ်ခဲ့သော်လည်း ၎င်းတို့နားကိုလက်ညှိုးနှင့်ပိတ်ကာ တွင်တွင်ကြီး ငြင်းဆန်ခဲ့ကြသည်။

● အစဉ်ခွင့်လွှတ်ချမ်းသာ ပေးတော်မူသော အရှင့်ထံပါးဝယ် ခွင့်လွှတ်ချမ်းသာ တောင်းခံကြရန် ပန်ကြားခဲ့ပြီး အရှင့်ဘက်မှ သူတို့တစ်တွေကို စည်းစိမ်ချမ်းသာနှင့် သားရတနာများ ချီးမြှင့်ချေအံ့။ ဥယျာဉ်များ၊ မြစ်များဖြင့် ဝေဆာနေသော သာတောင့်သာယာ ဘဝကို ရရှိခံစားကြရအံ့ဟု ဆိုမိန့်ခဲ့သည်။


● အနန္တစွမ်းအားတော်ရှင် အလ္လာဟ်က တမန်တော်နူးဟ်ကို ကနဦးကတည်းကယုံကြည်ခဲ့သူများမှလွဲပြီး ဤသူတို့အနက် မည်သူသည်မှ ယုံကြည်ကြမှာမဟုတ်ကြောင်း၊ ဤအတွက်ငါအရှင်၏ကြည့်ရှုစောင့်ကြပ်မှုနှင့် ဉာဏ်ပေးထားချက်အရ သင်္ဘောကြီးတစ်စင်းကို တည်ဆောက်လော့ဟူ၍ မိန့်ဆိုတော်မူခဲ့သည်။ အနားမှာဖြတ်သွားသူတို့က တမန်တော်ကြီးကို ပြက်ရယ် လှောင်ပြောင်ခဲ့ကြသည်။

● သင်္ဘောကြီး တည်ဆောက်ပြီးချိန်တွင် အလ္လာဟ်ရှင်က တမန်တော်နူးဟ်ကို သတ္တဝါတိုင်းကို အဖိုအမ တစ်ကောင်ကျစီတင်ပြီး သူ့မိသားစုဝင်များနှင့် ယုံကြည်သူတို့ကိုပါ တင်ဆောင်ပြီး ခေါ်ဆောင်သွားရန် မိန့်တော်မူခဲ့သည်။

● အို–ပထဝီမြေ၊ အသင်သည် မိမိ၏ရေများကို စုပ်ယူမျိုချလော့၊ ၎င်းပြင် အို–မိုးကောင်းကင်၊ အသင်သည် ရွာနေသော မိုးတို့ကိုစဲစေလော့။ ထို့ပြင် အရေးကိစ္စသည်လည်း ပြီးမြောက်သွားခဲ့ရလေသည်။ သင်္ဘောကြီးမှာ ဂျူဒီတောင်ထိပ်မှာ တမန်တော်နူးဟ်နှင့် ယုံကြည်သူတို့နှင့်အတူ ရပ်နားခဲ့၍သာ လူသားထုကြီးမှ ဘဝသစ်တစ်ခုအတွက် နောက်ထပ် အခွင့်အရေး တစ်ရပ်ကို ရရှိသွားခဲ့ရပေသည်။

# တမန်တော်အပေါင်း၏ဖခင်ကြီး

# တမန်တော်ကြီးအီဗရာဟီမ်



**တမန်တော်ကြီးအီဗရာဟီမ်သည် ဘာသာတရား၏သမိုင်း၊ ကိုယ်ကျင့်တရားပိုင်း၊ လူမှုဘာဝသို့မဟုတ်ဖခင်အရာတွင်ထွန်းလင်းတောက်ပဆုံးသောကိုယ်ရည်ကိုယ်သွေးပိုင်ရှင်များထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။**

သူသည် အမှန်ပင် တမန်တော်အပေါင်း၏ ဖခင်ကြီးဖြစ်သည်။ အနန္တ စွမ်းအားတော်ရှင်အလ္လာဟ်က သူ၏သွေးသားများထဲမှနေပြီး များစွာသော တမန်တော်များ ဖြစ်ကြသည့် အစ္စဟတ်(က)၊ ယအ်ကူးဗ်၊ဒါဝူးဒ်နှင့် သူ၏သားတော်များမှသည် နောက်ဆုံး တမန်တော် မုဟမ္မဒ်သခင်ဘေးတော် တမန်တော်အစ္စမာအီလ်တို့ကို ပွင့်ပေါ်စေခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။ (ထိုတမန်တော်များအပေါ် အလ္လာဟ်အရှင်၏ ကောင်းချီးမင်္ဂလာအပေါင်း ခညောင်းပါစေသား။)

ကျမ်းမြတ်ကုရ်အာန်ထဲတွင် တမန်တော်ကြီး အီဗရာဟီမ်အကြောင်း ရှည်လျားစွာတင်ပြထားသောအခန်းများ ပါရှိပါသည်။ ကုရ်အာန်ကျမ်းမြတ်၏ နေရာကဏ္ဍအစုံစုံမှာပင် ကိုယ်တော်၏ အတ္ထုပ္ပတ္တိနှင့် ထွန်းတောက်သည့် လုပ်ရပ်များအကြောင်း ဖော်ပြထားပေသည်။

အီဗရာဟီမ်သခင်သည် ငယ်စဉ်အခါကစပြီး ဖန်ဆင်းရှင်၏ တစ်ဆူတည်းသောအဖြစ်နှင့်ပတ်သက်ပြီး ဆင်ခြင်တွေးတောမှု ပြုခဲ့သည်။ ဤနတ်ဘုရားများသည် ကိုးကွယ် ဆည်းကပ်မှုခံထိုက်သည့်အရာများ မဟုတ်ကြောင်း သူတို့တစ်တွေကို ပြောကြားခဲ့သည့်အတွက် သူ့ကိုငင်းတို့က အရှင်လတ်လတ် မီးတင်ရှို့ရန်ကြံစည်ခဲ့ကြသည်။ အလ္လာဟ်ရှင်က သူ့ကို ကယ်တင်

တော်မူကာ တမန်တော်တစ်ပါးအဖြစ် ရွေးချယ်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် တမန်တော်ကြီးတစ်ပါး၊ စံပြဖခင်ကြီးတစ်ဦးနှင့် စံပြသားတော်တစ်ဦးဖြစ်သည်။ ကျမ်းတော်မြတ် ကုရ်အာန်ကျမ်းမြတ်ကုရ်အာန်ထဲတွင် သူ့ကို အရွေးချယ်ခံတစ်ဦးအဖြစ် ဖော်ပြထားပေသည်။

- ''ကျမ်းတော်မှာ အီဗရာဟီမ်အကြောင်း လာရှိပေသည်။ ကေန်မလွဲ သူသည် သစ္စာဝါဒီတစ်ဦးတည်း။ တမန်တော်တစ်ပါးတည်း။''



## သူ့ခေတ်သူ့အခါကာလက သာသနာပိုင်ကြီးများနှင့် အကြီးအကျယ်စကားစစ်ထိုးခဲ့ရပြီး ယင်းတို့၏ ရုပ်တုဆင်းတုများ၊ ကြယ်တာရာများနှင့် မီးကိုးကွယ်မှုဓလေ့တို့ကို ထိုးနှက်ချေပသွားခဲ့သည်။

(ကျမ်းမြတ်ကုရ်အာန် ၁၉း၄၁)

- အလ္လာဟ်ရှင်က တမန်တော်ကြီးကို ဉာဏ်ပညာအမြော်အမြင်နှင့် တစ်ပါးသူတို့အပေါ် စိုးမိုးသြဇာ သက်ရောက်စေနိုင်သည့် အရည်အသွေးတို့ ချီးမြှင့်ထားတော်မူ၏။

''ဤသည် ငါအရှင်မြတ်သက်သေသာဓကဖြစ်သည်။ ငါအရှင်မြတ်သည် ထိုသက်သေသာဓကကို အီဗရာဟီမ်အားငင်း၏အမျိုးသားများနှင့် ပြိုင်ဆိုင်ရာတွင်(အနိုင်ရစေရေးငှာ) ချီးမြှင့်တော်မူခဲ့၏။ ငါအရှင်မြတ်သည် မိမိ အလိုရှိတော်မူသောသူအား ဂုဏ်ဒြပ်များ ချီးမြှင့်တော်မူ၏။

စင်စစ်ကေန် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်သည် အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိမြင်တော်မူသောအရှင် ဖြစ်တော်မူပေသည်။'' (ကျမ်းမြတ်ကုရ်အာန် ၆း၈၃)

တွင်ဖော်ပြထားသည့် ကိုယ်တော်၏ဘဝတစေ့တစောင်းကို ယခုတင်ပြသွားပါအံ့။

- တမန်တော်အီဗရာဟီမ်သည် သူ၏ မယုံကြည်သူဖခင်ကြီးအပေါ် အင်မတန်နာခံသော သားတစ်ဦးဖြစ်၏။ ကြင်နာတတ်သူနှင့် အင်မတန်မှ ကြံ့ကြံ့ခံသည်းခံတတ်သူတစ်ဦးဖြစ်ပါသည်။
- အလ္လာဟ်အရှင်သည် သူ့အားလေးနက်စွာ သက်ဝင်ယုံကြည်သူတို့တွင် အပါအဝင်ဖြစ်စေခြင်းငှာ မိုးကောင်းကင်များနှင့် မြေကမ္ဘာပိုင်နက်တို့ကို ပြသတော်မူခဲ့သည်။
- တမန်တော်ကြီးသည် သူ၏အမျိုးသားများနှင့် မှားယွင်းသော အာကာသနတ်ဘုရားတို့ကို ကိုးကွယ်မှုနှင့်ပတ်သက်ပြီး စကား အချေအတင်ဆိုခဲ့သည်။ ကိုးကွယ်ခြင်းခံထိုက်ရာများမဟုတ်သည့်အတွက် သူ့အနေနှင့် ယင်းတို့ကို မကိုးကွယ်နိုင်ဆိုပြီး ကြွေးကြော်ခဲ့သည်။
- အနန္တစွမ်းအားတော်ရှင်အလ္လာဟ်က

# တမန်တော်မူစာ (ကလီမွလ္လာဟ်)


**တမန်တော်မူစာသည် အဓိကတမန်တော်ကြီးတစ်ပါးဖြစ်ပြီး အစ္စရာအီလ်အမျိုးသားတို့ကို ဖေရ်အောင်ဘုရင်၏ မတရားညှဥ်းပမ်းနှိပ်စက်အုပ်ချုပ်မှုအောက်မှ လွတ်ကင်းအောင်ကယ်တင်ပေးခဲ့သည့် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည်။ ဂျူးဘာသာမှာရော ခရစ်ယာန် ဘာသာမှာပါ သူ့အကြောင်း လာရှိရုံသာမက အစ္စလာမ်ဘာသာ မှာလည်းပဲ တွေ့ရှိရပေသည်။**



တမန်တော်မူစာသည် ကျမ်းတော်မြတ်ကုရ်အာန်တွင်လာရှိသော တမန်တော်အားလုံးအနက် အကြိမ်အများဆုံး ဖော်ပြခံရသူ ဖြစ်ပါသည်။ အခန်းကဏ္ဍ ၃၄ခန်းတွင် ၁၃၆ကြိမ်ထိပါရှိပါသည်။ တမန်တော်မုဟမ္မဒ်၏ ခိုင်လုံသော ဟဒီးစ်သြဝါဒတော် များမှာလည်း ပါရှိခဲ့သူဖြစ်ပါသည်။

မူစာနဗီ ဖွားမြင်တော်မူခန်း၊ ဖေရ်အောင်ဘုရင်နန်းတော်ထဲသို့ ရောက်ရှိခန်း၊ မဒယမ်ဒေသသို့ ခရီးထွက်ခွာခန်း၊ တမန်တော် တစ်ပါးအဖြစ် ရွေးချယ်ခံရခန်း၊ အစ္စရာအီလ်အမျိုးသားတို့ကို ကယ်တင်ရန် ဖေရ်အောင် ဘုရင်နှင့်ရင်ဆိုင်တိုက်ပွဲဝင်ပုံ၊ အစ္စရာအီလ်အမျိုးသားတို့ကို အီဂျစ်နိုင်ငံမှ လွတ်မြောက်စေပုံ၊ ဆိုင်းနိူင်းတောင်ပေါ်တွင် ပညတ်တော်များဗျာဒိတ်များ ရရှိခဲ့ပုံ၊ သဲကန္တာရတွင်းမှဖြစ်ရပ်များနှင့် အစ္စရာအီလ်အမျိုးသားတို့အပေါ် သူ၏ခေါင်းဆောင်မှုနှင့်ပတ်သက်ပြီး ကျမ်းမြတ်ကုရ်အာန်ထဲတွင် အလုံးစုံ ဆွေးနွေးတင်ပြထားပါသည်။

အလ္လာဟ်အရှင်က သူ့ကိုမိန့်မြွက်ခဲ့သော စကားရပ်များ (ကုရ်အာန်–ရး၁၄၃)၊ အလ္လာဟ်အရှင်ထံတော်ပါးမှ မေတ္တာခြုံထည်ကို ခြုံလွှားခဲ့ရသည့်အချက်နှင့် အလ္လာဟ်အရှင်၏ ကြည့်ရှုမှုအောက်ဝယ်



## ကျမ်းတော်မြတ်ကုရ်အာန်တွင် မူစာနဗီကို တစ်ပါးသူတို့အလယ်မှ ရွေးချယ်ပြီး အလ္လာဟ်၏ဝန်ကို ထမ်းရွက်စေဖို့တာဝန်နှင်းအပ်ခဲ့ပုံကို ဖော်ပြထားပါသည်။

ကြီးပြင်းလူလားမြောက်ခဲ့ပုံ (ကုရ်အာန် –၂၀း၃၉) အလ္လာဟ်၏ဝန်ကို ထမ်းရွက်စေရေးအတွက် မူစာနဗီကို အစစ အရန်သင့်ဖြစ်စေထားသော အချင်းအရာများကို ဖော်ပြပါရှိလေသည်။

(ကုရ်အာန်–၂၀း၄၁)

ကျမ်းတော်မြတ်ကုရ်အာန်တွင် တမန်တော်မုဟမ္မဒ်ပွင့်ပေါ်လာမည့်အကြောင်းကို တင်ကူးပြီး သတင်းကောင်းပေးခြင်း ခံရသူအဖြစ် သရုပ်ဖော်ထားသလို ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းစာတို့မှာလည်းပဲ စာပေသင်ကြားခဲ့ရခြင်းမရှိသည့် တမန်တော်တစ်ပါး ပွင့်ပေါ်လာမည့်အကြောင်းပါရှိသည်ဟု ကုရ်အာန်က ကျွန်ုပ်တို့တစ်တွေကို ဆိုထားလေသည်။

(ကုရ်အာန်– ၇း၁၅၇)

အစ္စလာမ့်ကျမ်းဂန်တို့တွင် မူစာတမန်တော်ကို ကလီမွလ္လာဟ် (အစိန္တေယျအရှင်က စကားမိန့်ခြွေခံရသူ)ဟူ၍ခေါ်ဆိုထားပေသည်။ အလ္လာဟ်ရှင်က သူ့ကို စကားဆိုတော်မူပြီး အရှင်၏ဗျာဒိတ်တော်များကို သူ့အား တိုက်ရိုက်ထုတ်ပြန်ပို့ချပေးတော်မူခဲ့ခြင်းကြောင့် ဖြစ်ပါသည်။



# တမန်တော်အီစာ – ယေရှုခရစ်တော် (မဟာတမန်တော်ကြီး)

**ခရစ်တော်သည် ကျမ်းစာသစ် အင်ဂျီးလ်နှင့် အတူ အစ္စရာအီလ်အမျိုးသားများ (ဗနီအစ္စရာအီလ်)တို့ကို လမ်းညွှန်ရန် အတွက် စေလွှတ်ခြင်းခံခဲ့ရသည့် အလ္လာဟ်ရှင်၏ တမန်တော်တစ်ပါးဟူ၍ အစ္စလာမ်ကဆိုထားသည်။**

မည်သည့်ပုရိသယောကျ်ားတစ်ဦးနှင့်မျှ ထိတွေ့ခြင်းမရှိဘဲနှင့် မရ်ယမ်သခင်မက သားတော်အီစာကို ဖွားမြင်ခဲ့ကြောင်း၊ ဤအံ့ဖွယ်ပြာဋိဟာမှာ အလ္လာဟ်ရှင်၏အမိန့်အရ ဖြစ်ပျက်ခဲ့ရကြောင်း ကျမ်းမြတ်ကုရ်အာန်က ဖော်ပြထားပေသည်။

‘‘(အို –မုဟမ္မဒ်) အသင်သည် ဤကုရ်အာန်ကျမ်းတော်မှ မရ်ယမ်၏အတ္ထုပ္ပတ္တိအကြောင်းကို ဖတ်ကြားပါလေ။ တစ်ရံရောအခါဝယ် ယင်းမရ်ယမ်သည် မိမိအိမ်သူအိမ်သားတို့ထံမှခွဲခွာ၍ အရှေ့ဘက်၌ရှိသော အခန်းတစ်ခန်းသို့ သွားခဲ့လေသည်။ ထို့နောက် ငါအရှင်မြတ်သည် ယင်းမရ်ယမ်ထံသို့ မိမိ၏အထူးကောင်းကင်တမန် (ဂျိဗရာအီလ်ကို ဆိုလို)ကို စေလွှတ်တော်မူခဲ့လေသည်။ ယင်းကောင်းကင်တမန်က မရ်ယမ်အရှေ့ဝယ်ပကတိလူသားတစ်ယောက်၏အသွင်ဖြင့် ကိုယ်ထင်ပြခဲ့၏။ ကောင်းကင်တမန်က ကျွန်ုပ်သည် အသင်၏အရှင်သခင်၏ ကောင်းကင်တမန်တစ်ပါးဖြစ်ပြီး စင်ကြယ်သော သားရတနာတစ်ပါး အသင်ဖွားမြင်အံ့ဟူသော သတင်းကိုပေးရန်လာရခြင်းဖြစ်လေသည်။ ထိုအခါ မရ်ယမ်က မည်သည့်ယောကျ်ားနှင့်မှ ထိတွေ့ခြင်းမရှိခဲ့သူ၊ ကာအိန္ဒြေမစောင့်ထိန်းသူလည်းမဟုတ်သည့် ကျွန်မတွင် အဘယ်သို့လျှင် သားရတနာ ထွန်းကားအံ့ရာနည်းဟု ပြန်ပြောခဲ့လေသည်။ ဤတွင် ကောင်းကင်တမန်က အသင့်အားဖန်ဆင်း



ရှင်က ဤသည် ငါအရှင်အဖို့အလွန်လွယ်ကူလှကြောင်း ထိုမှတစ်ပါး ငါအရှင်မြတ်သည် ယင်းသားရတနာအား လူတို့အဖို့သက်သေလက္ခဏာတစ်ရပ်အဖြစ်လည်းကောင်း၊ ငါအရှင်မြတ်ထံတော်မှ ကရုဏာတော်အဖြစ်လည်းကောင်း ပြုလိုတော်မူကြောင်း၊ ဤသည် စီရင်ဆုံးဖြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ပင်ဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။''

(ကျမ်းမြတ်ကုရ်အာန် ၁၉း၁၆–၂၁)


အစ္စလာမ့်ကျမ်းဂန်များအရ ခရစ်တော်သည် လုပ်ကြံမှုလည်း မခံခဲ့ရသလို ကားစင်တင်ခြင်းကိုလည်း မခံခဲ့ရချေ။ သူ့အား အရှင်လတ်လတ် ကောင်းကင်ပေါ်သို့ ပင့်ယူတော်မူခဲ့သည်။ အစ္စလာမ့်ဆိုထုံးအရ တရားမျှတမှုကို တည်ဆောက်ပေးရန်နှင့် ခရစ်တော်ကို ဆန့်ကျင်သူကြီးအား နှိမ်နင်းရန်အတွက် တရားစီရင်မည့်နေ့တော်ကြီး နီးကပ်လာချိန်၌ ကမ္ဘာမြေသို့ သူ့ကို ပြန်လာစေမှာဖြစ်သည်။

အစ္စလာမ့်တမန်တော်ကြီးအားလုံးနီးတူပင် ခရစ်တော်မှာလည်း မွတ်စလင်မ်တစ်ဦးဖြစ်၏။ သူသည်လည်း လူထုကြီးကို အလ္လာဟ်ရှင်၏အလိုတော်ကို ကျိုးနွံနာခံလျက်

**သူ၏ရိုးစင်းရှာဖွေမှုတောင့်တမှုကို ပံ့ပိုးပေးရန်အတွက် အီစာနဗီကို အလ္လာဟ်ရှင်၏အမိန့်အရ အံ့ဖွယ်ပြာဋိဟာတို့ကိုပြသနိုင်စွမ်းကို ချီးမြှင့်ပေးထားသည်။**

ဖြောင့်မတ်မှန်ကန်သောလမ်းစဉ်ကို လျှောက်လှမ်းကြရန် ဟောကြားခဲ့ခြင်းကြောင့် ဖြစ်သည်။ အစ္စလာမ်က ခရစ်တော်သည်ထာဝရအရှင်အလ္လာဟ်ဟုဆိုခြင်းကိုရော ထာဝရအရှင်၏ သားတော်ဟူသော အယူအဆတို့ကိုပါ ငြင်းပယ်ခဲ့ပါသည်။ သူသည်လည်း အခြားသောတမန်တော်များကဲ့သို့ သာမန်လူသား တစ်ဦးပင်ဖြစ်ကြောင်းနှင့် အလ္လာဟ်၏သတင်းစကားကို ဖြန့်ချိရန်အတွက် အရှင့်ဘက်က စေလွှတ်ခြင်းခံရသူဖြစ်ကြောင်း ဆိုထားပေသည်။

အစ္စလာမ့်ကျမ်းဂန်တို့တွင် အလ္လာဟ်ရှင်နှင့် တုဖက်နှိုင်းယှဉ်ကိုးကွယ်မှုကို ဆန့်ကျင်ထားပြီး အလ္လာဟ်ရှင်၏တစ်ဆူတည်းသောအရှင်ဖြစ်မှုကို အလေးကဲဆိုထားပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် တမန်တော်အီစာကို အလ်မစီဟ် စသဖြင့် ဘွဲ့အများအပြားနှင့် ခေါ်ဆိုထားပေသည်။ ခရစ်ယာန် ယုံကြည်ချက်မှာ ပွားယူထားသော အဓိပ္ပာယ်ကိုတော့မဆောင်ဘဲ သူသည် မယ်တော်မရ်ယမ်၏သားတော်နှင့် အလ္လာဟ်၏နာခံတော်စင်စစ်သာဖြစ်ချေ၏။ အစ္စလာမ့်အဆိုအရ ခရစ်တော်ကို တမန်တော်မုဟမ္မဒ်၏ ရှေ့ပြေးနိမိတ်အဖြစ်ဆိုထားပြီး မုဟမ္မဒ်သခင် ပွင့်တော်မူမည့်အကြောင်းကို ကြိုတင်ဟောကိန်း ထုတ်ခဲ့သူဟူ၍ မွတ်စလင်မ်တို့က ယုံကြည်ထားကြပေသည်။


الله
رسول
محمد



# အန္တိမ နောက်ဆုံးတမန်တော်

**အစ္စလာမ့်တမန်တော်ကြီး မုဟမ္မဒ်ကို မက္ကာရွှေမြို့တော်တွင် အေဒီ၅၇၀ပြည့်နှစ်တွင် ဖွားမြင်ခဲ့သည်။ မိဘမဲ့ဖြစ်သောသူ့ကို ကုရိုက်ရှ်မျိုးနွယ်ဝင်တို့က လေးစားကြသော ဘကြီးတော်က မွေးစားခဲ့သည်။**

အရွယ်ရောက်လာသည်နှင့်အမျှ သစ္စာရှိသူ၊ ရိုးသားဖြောင့်မတ်သူ၊ အကြင်နာကြီးသူနှင့် ဟန်ဆောင်မာယာကင်းသူအဖြစ် သတင်းကြီးခဲ့သည်။ မုဟမ္မဒ်သခင်သည် ဘာသာတရား ကိုင်းရှိုင်း ပြီး သူ့အမျိုးသားတို့၏ ရုပ်ပွားဆင်းတုကိုးကွယ်မှုဓလေ့ကို ကာလကြာရှည်ကတည်းက မနှစ်မြို့ စက်ဆုပ်ခဲ့သူဖြစ်သည်။ သက်တော် ၄၀ တွင် မုဟမ္မဒ်သခင်သည် ကောင်းကင်တမန်ကြီး ဂျိဘရာအီလ်မှတစ်ဆင့် အလ္လာဟ်အရှင်ထံပါးမှ ဗျာဒိတ်တော်ကို ရရှိခဲ့ပေသည်။

ကိုယ်တော်က ကုရ်အာန်ကို စတင်တင်ပြခဲ့ချိန်နှင့် အလ္လာဟ်ရှင်က သူ့ထံပို့ချပေးခဲ့သောသစ္စာတရားကို စတင်ဟောကြားခဲ့ချိန်တွင် သူနှင့် သူ့နောက်လိုက် အနည်းအကျဉ်းလေးကို ဝန်းကျင်ရှိသူတို့က ညှဉ်းပန်းနှိပ်စက်မှုပြုခဲ့ကြသည်။ ညှဉ်းပန်းနှိပ်စက်မှုမှာ ပြင်းထန်လာခဲ့ခြင်းကြောင့် ခရစ်နှစ် ၆၂၂ ခုနှစ်တွင် အလ္လာဟ်ရှင်က သူတို့တစ်တွေကို မဒီနာရွှေမြို့တော်သို့ ပြောင်းရွှေ့နေထိုင်ကြဟု အမိန့်ပေးတော်မူခဲ့လေသည်။

နှစ်အတန်ကြာတွင် မုဟမ္မဒ်သခင်နှင့် ကိုယ်တော်၏ နောက်လိုက်များမှာ မက္ကာရွှေမြို့တော်သို့ပြန်လာခဲ့ကြပြီး တစ်ချိန်က သူတို့အား အသနားမဖက် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသောရန်သူတို့ကို ခွင့်လွှတ်ချမ်းသာပေးခဲ့သည်။ တမန်တော်မြတ် မကွယ်လွန် ခင် သက်တော် ၆၃ နှစ်ထဲတွင် အာရေဗျကျွန်းဆွယ်၏ ဒေသအတော်များများမှာ မွတ်စလင်မ်များ ဖြစ်လာခဲ့ကြသည်။ ကိုယ်တော်

ကွယ်လွန်ပြီး နှစ်တစ်ရာအတွင်းတွင်အစ္စလာမ် ဘာသာသည် အနောက်ဘက်တွင် စပိန်နိုင်ငံထိနှင့် အရှေ့ဘက်တွင် တရုတ်နိုင်ငံတမျှ အထိ ရောက်ရှိသွားခဲ့လေသည်။

တမန်တော်မြတ်သည် ရိုးသားဖြောင့်မတ်မှု၊ တရားမျှတမှု၊ ကရုဏာကြီးမားမှု၊မေတ္တာ အကြင်နာကြီးကဲမှု၊ မှန်ကန်သစ္စာရှိမှုနှင့် သူရသတ္တိထွန်းတောက်မှုအရာမှာ ပြီးပြည့်စုံသော စံနမူနာတစ်ရပ်ဖြစ်ပါသည်။ ကိုယ်တော်သည် လူသားတစ်ဦးဆိုငြားလည်းမကောင်းမှုခပ်သိမ်းတို့မှ လုံးဝကင်းစင်၏။ အလ္လာဟ်ရှင်၏ နှစ်မြို့မှုသက်သက်အတွက်သာ ရည်စူးကြိုးပမ်း အားထုတ်ခဲ့သည်။ တမလွန်တွင် ရရှိမည့်အကျိုးဆုလာဘ်ကိုသာ အာသီသထားခဲ့သည်။ ထို့အပြင် တမန်တော်မြတ်၏ ပြုလုပ် ဆောင်ရွက်ချက်ဟူဟူသရွေ့တွင် သတိတရား ဘယ်အခါသော်မျှ မလွတ်ကင်းခဲ့ဘဲ အလ္လာဟ်ရှင်ကို ကြောက်ရွံ့ပကတိ ရှိတော်မူခဲ့သည်။

''အို –လူသားတို့၊ ကေန်စင်စစ် ဤတမန်တော်သည် အသင်တို့ထံသို့ အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်


**အလ္လာဟ်၏စကားရပ်ဖြစ်သော ဗျာဒိတ်တော်များမှာ ၂၃ နှစ်လုံးလုံး ဆက်တိုင်ကျရောက်လာခဲ့သည်။ ယင်းတို့ကို စုပေါင်းပြီးထားချက်ကို ကုရ်အာန်ကျမ်းဟုခေါ်ပါသည်။**




ထံတော်မှ မှန်ကန်သောသစ္စာတရားကိုယူဆောင်လာခဲ့ချေပြီ။ သို့ဖြစ်ပေရာ ယုံကြည်သဒ္ဓါတရားထားရှိကြကုန်။ ယင်းသည် အသင်တို့အတွက် ပိုမိုပြီး ကောင်းမွန်ပေသည်။ သို့တိုင်အသင်တို့ မယုံမကြည်ဘဲ ငြင်းပယ်ဖီဆန်ခဲ့ပါမူ (အသင်တို့သည်သာ နစ်နာကြမှာဖြစ်၏။) အကြောင်းမူကား မိုးကောင်းကင်များနှင့် မြေကမ္ဘာဝယ် ရှိရှိသမျှ အလုံးစုံကို အလ္လာဟ်ရှင်သာ ပိုင်ဆိုင်တော် မူ၏။ အလ္လာဟ်ရှင်သည် ခပ်သိမ်းဥဿုံအလုံးစုံကို အကြွင်းမဲ့သိရှိတော်မူသော အရှင်နှင့် ဉာဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။'' (ကျမ်းမြတ်ကုရ်အာန် ၄း၁၇၀)




**အစ္စလာမ်ဘာသာမှာ ငြိမ်းချမ်းစွာနှင့် အလျင်အမြန် ပြန့်ပွားသွားရခြင်းမှာ ယင်း အယူဝါဒ၏ မှန်ကန်မှုသစ္စာနှင့် ရှင်းလင်းပြတ်သား ကြည်လင်မှုကြောင့်ဖြစ်၏။**



# တမန်တော်များ



# ၏ ဆွေမျိုးဆက်ဇယား


မုဟမ္မဒ်
ယဟ်ယာ
ဇက္ကရီးယား
စုလိုင်မန်
မရ်ယမ်
(အင်မရားန်၏သမီးတော်)
အီဆာ
ယေရှုခရစ်
ဇုလ်ကိဖ်းလ်
ရှုအိုက်ဗ်
အစ္စမာအီလ်
တိုက်ရိုက်တော်စပ်မှု
သွယ်ဝိုက်တော်စပ်မှု
အူလုလ်အဇ်မ် (အကြံ့ခိုင်ဆုံးသော တမန်တော်များ)
ဆွဒ်ဒီက (အလ္လာဟ်အရှင်မြတ်အား အခိုင်အမာယုံကြည်ပြီး
သီလသမာဓိ အားကောင်းသောသူ)



၁၁

# ရှေးကျမ်းစာများ

ဆိုင်ရာအမျိုးသားတို့ကို ကျမ်းဂန်နှင့်တကွ လမ်းညွှန်ပေးရန် စေလွှတ်ခြင်းခံရသည့် အဓိက တမန်တော်ကြီးငါးပါးရှိပါသည်။ ကျမ်းမြတ်ကုရ်အာန်မှလွဲလျှင် အခြားသောကျမ်းတို့မှာ လူတို့၏ ပယောဂကြောင့် မူရင်းပျက်ခဲ့ရသည်။ ကုရ်အာန်ကတော့ ယနေ့တိုင် အပြောင်းအလဲမရှိ ပကတိ တည်နေဆဲဖြစ်သည်။ ပြင်ဆင်မွမ်းမံ တည်းဖြတ်စရာ အလျှင်းမရှိချေ။

ရှေးကျမ်းစာများအဖြစ်ချပေးခဲ့သော တမန်တော်အီဗရာဟီမ်သို့စာခွေများနှင့် ကမ္ပည်းကျောက်စာချပ်များ၊ တမန်တော် မူစာသို့ သောင်ရတ်ကျမ်းနှင့် ကမ္ပည်းကျောက်စာချပ်များ၊ တမန်တော်ဒါဝူးဒ်သို့ (ဇဘူးရ်ကျမ်း) ဆာလံကျမ်း၊ ခရစ်တော်သို့ သမ္မာကျမ်းနှင့် တမန်တော်မုဟမ္မဒ်ထံသို့ ကုရ်အာန်ကျမ်းမြတ်တို့ကို အသီးသီး အသက အသက ပို့ချပေးခဲ့သည်။

အခြားတမန်တော်များထံသို့ အပြည့်ကျမ်းမြတ်များကို ပို့ချခဲ့ခြင်း၏ ဖြစ်နိုင်မှုကို ကျမ်းမြတ်ကုရ်အာန်က ခြွင်းချန်မထားခဲ့ပေ။ သို့သော် ဘာတစ်စုံတစ်ရာကိုမှတော့ ဆိုမထားခဲ့ချေ။ (တမန်တော်မုဟမ္မဒ်ဩဝါဒတော်ကျမ်း) စွန္နဟ်တွင်တော့တမန်တော်ပေါင်းထောင်ပေါင်းများစွာ ပွင့်ပေါ်ခဲ့သည်ဟု ဆိုထားတာရှိပါသည်။ ယင်းတို့အတွင်းမှ အကြီးကဲဆုံးဖြစ်သော ၂၅ ပါးသော တမန်တော်များကိုသာ ကျမ်းတော်မြတ်ကုရ်အာန်ထဲမှာ ဖော်ပြလာရှိရာ၌ အချို့ကကျမ်းရပြီး အချို့က ကျမ်းစာမရခဲ့ပေ။ (တမန်တော်များ၏ ဆွေမျိုးဆက်ပြဇယားကို ရှုပါ။)



**ခေတ်အသီးသီးမှာပင် တစ်ဆူတည်းသော အလ္လာဟ်ရှင်ကိုသာ ကိုးကွယ်ကြဖို့ လူသားထုကြီးကို လမ်းပြပေးရန် တမန် တော် အများအပြား ပွင့်ပေါ်ခဲ့ရသည်။ အနှစ်သာရအရ ပထမဆုံးတမန်တော် အာဒမ်မှသည် နောက်ဆုံးတမန်တော် မုဟမ္မဒ် ထိတိုင် လူသားထုကြီးအား တစ်ဆူတည်းမှ တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်ရှင်ကိုသာလျှင် ၁ဝပ်ကိုးကွယ်ကြရန် ဆိုခဲ့ကြသည်ချည်းဖြစ်သည်။**

အစ္စလာမ့်ယုံကြည်ချက်တွင် ဤရှေး ကျမ်းဂန်များ၏ မူရင်းပုံစံကို အသိအမှတ်ပြု သည်။ လက်ခံထားသည်။

''...ယင်းတို့အားလုံးပင် အလ္လာဟ် ရှင်ကိုလည်းကောင်း၊ အရှင်၏ ကောင်းကင် တမန်များကိုလည်းကောင်း၊ ကျမ်းဂန်အပေါင်း တို့ကိုလည်းကောင်း၊အရှင်၏ တမန်တော်များ ကိုလည်းကောင်း ယုံကြည်ကြကုန်၏။ ထို့ပြင် ကျွန်ုပ်တို့သည် တမန်တော်အပေါင်းတို့အနက် မည်သည့်တမန်တော်တစ်ပါးကိုမျှ ခွဲခြားမှု မပြုကြပါဟု ဆိုခဲ့ကြလေသည်။''

(ကျမ်းမြတ်ကုရ်အာန် ၂း၂၈၅)

၈


# ကျမ်းမြတ်ကုရ်အာန်

ဤကျမ်းသည် မွတ်စလင်မ်တို့အဖို့ရာ
အလွန်ပင် အရေးအပါဆုံးသောဗျာဒိတ်တော်ဖြစ်၏။
ဗျာဒိတ်တော် နှင့်ပတ်သက်ပြီး အစ္စလာမ်၏ယုံကြည်ချက်မှာ
(အစ္စလာမ်၏ကျမ်းတော်မြတ်ကုရ်အာန်)အပေါ်မှာ အခြေခံထားပေသည်။
ကုရ်အာန်သည် အခြားသော ကျမ်းဂန်တို့နှင့် မတူကွဲပြားခြားနားပေသည်မှာ
ယင်းတွင် အလ္လာဟ်ရှင်၏ ဗျာဒိတ်တော် သက်သက်တို့ကိုသာ
သိကုံးထားခြင်းကြောင့် ဖြစ်ပါသည်။

ခရစ်နှစ် ၆၁၁ ခုနှစ်တွင် တမန်တော်မုဟမ္မဒ်မှာ လိုဏ်ဂူတစ်ခု၌ တရားဘာဝနာဆင်ခြင်ပွားများနေခိုက်တွင် ကောင်းကင်တမန်ဂျိဗရာအီလ် ရောက်ရှိလာခဲ့ပေသည်။ မုဟမ္မဒ်သခင်သည် စာရေးစာဖတ် မသင်ကြားခဲ့ရပေ။ ကောင်းကင်တမန်က သုံးကြိမ်တိုင်တိုင် 'ဖတ်လော့' ဆိုပြီး မိန့်ဆိုခဲ့သည်။

ကောင်းကင်တမန်ကဆိုသည်မှာ ''အသင်သည် မိမိအရှင်မြတ်၏နာမံတော်ဖြင့် ဖတ်ပါလေ။ ထိုအရှင်သည် အရာရာကို ဖန်ဆင်းတော်မူခဲ့၏။ ဖတ်လော့၊ စင်စစ် အသင့်အား မွေးမြူတော်မူသော အရှင်သည် အလွန်ရက်ရောစွာ ပေးကမ်းချီးမြှင့်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူ၏။ အကြင်အရှင်မြတ်သည် ကလောင်ဖြင့် သင်ကြားပေးတော်မူခဲ့၏။ လူတို့ မသိခဲ့သောအရာတို့ကို သင်ကြားပေးတော်မူခဲ့၏။'' (ကျမ်းမြတ်ကုရ်အာန် ၉၆း၁–၅)

ကောင်းကင်တမန် ဂျိဗရာအီလ်ကမုဟမ္မဒ်သခင်ကို အလ္လာဟ်၏တမန်တော်မြတ်ဖြစ်ချေပြီဟု ဆိုခဲ့ပါသည်။



ဤဗျာဒိတ်တော်များမှာ ၂၃ နှစ်တိုင်တိုင် အစဉ်တစိုက်
ကျရောက်လာခဲ့သည်မှာ...
“ယနေ့သော်ကား ငါအရှင်သည် အသင်တို့၏
ဒီန်ဘာသာတရားကိုအသင်တို့အဖို့
အပြည့်အစုံချီးမြှင့်တော်မူခဲ့လေပြီ။
၎င်းပြင် ငါအရှင်သည် အစ္စလာမ်ကို အသင်တို့အတွက်
ဘာသာတရားအဖြစ် ရွေးချယ်လိုက်ချေပြီ။”
(ကျမ်းမြတ်ကုရ်အာန် ၅း၃) ထိဖြစ်သည်။

# မက္ကာရွှေမြို့တော်ရှိ မြတ်ထွတ်ခေါင်တင် ဝတ်ကျောင်းတော်ကြီး



**မွတ်စလင်မ်တို့အဖို့ရာ ကုသိုလ်ထူးသဖြင့် အလည်အပတ် ခရီးသွားရောက်ရန် တိုက်တွန်းမိန့်ဆိုထားသည့် အထွတ်အမြတ် ဝတ်ကျောင်းတော်ကြီး သုံးခုရှိပါသည်။ ယင်းတို့မှာ မက္ကာရွှေမြို့တော်ရှိ မြတ်ထွတ်ခေါင်တင် ဝတ်ကျောင်းတော်ကြီး၊ မဒီနာ ရွှေမြို့တော်မှ တမန်တော်မြတ်၏ ဝတ်ကျောင်းကြီးနှင့် ဂျေရုစလင်ရွှေမြို့တော်ရှိ အလ်အတ်က်စွာဝတ်ကျောင်းတော်ကြီးတို့ဖြစ်သည်။**

''ဝတ်ကျောင်းတော်ကြီး သုံးခုဆီသို့ တမင်ခရီးဆန့်သွားရောက်အပ်၏။ (မဒီနာ ရွှေမြို့ရှိ) ငါ၏ ဤဝတ်ကျောင်းတော် (မက္ကာ ရွှေမြို့ရှိ) မြတ်ထွတ်ခေါင်တင် ဝတ်ကျောင်းတော် ကြီးနှင့် (ဂျေရုစလင်ရွှေမြို့ရှိ) အလ်အတ်က်စွာ ဝတ်ကျောင်းတော်တို့ ဖြစ်သည်။

(ဗုခါရီနှင့် မွတ်စလင်မ်ကျမ်းထွက်ဩဝါဒ)

(မက္ကာရွှေမြို့ရှိ) မြတ်ထွတ်ခေါင်တင် ဝတ်ကျောင်းတော်ကြီးတွင် ဝတ်ပြုခြင်းသည် အခြား အဘယ်ဝတ်ကျောင်းတော်တွင်မဆို ဝတ်ပြုခြင်းထက် အဆ (၁၀၀၀၀၀)၊ ငါ၏ (မဒီနာရွှေမြို့ရှိ) ဝတ်ကျောင်းတော်မှာ ဝတ်ပြုပါက အဆ (၁၀၀၀)နှင့် (ဂျေရုစလင်ရွှေမြို့ရှိ) အလ်အတ်ကစွာဝတ်ကျောင်းတော်တွင် ဝတ်ပြုပါက အဆ(၅၀၀) အကျိုးကုသိုလ် ပိုထူး၏။''

(ဗုခါရီကျမ်း)

''ကေန်စင်စစ်လူသားတို့အဖို့(အလ္လာဟ် အရှင်မြတ်အား ခဝပ်ကိုးကွယ်ရန်(အလို့ငှာ) ဦးစွာ ပထမတည်ဆောက်ထားသော အိမ်တော်သည်ကားဗက္ကာ (မက္ကာ) မြို့တော်၌ တည်ရှိသော



# ကအ်ဗာသည် မွတ်စလင်မ်တို့ဝတ်ပြုရာတွင် ဦးလှည့်ရရာ အရပ်ဖြစ်သည်။

အိမ်တော်ပင်တည်း။ ထိုအိမ်တော်သည် ကောင်းချီးမင်္ဂလာအပေါင်း ခညောင်းနေ၏။ စကြဝဠာခပ်သိမ်းကို တရားလမ်းမှန်သို့လည်း ညွှန်ကြားချက်ရှိလေသည်။''

(ကျမ်းမြတ်ကုရ်အာန် ၃း၉၆)

မက္ကာရွှေမြို့တော်ရှိ ဝတ်ကျောင်းတော်ကြီးကို တစ်ဆူတည်းသောအရှင်စင်စစ် အလ္လာဟ်ကို ရည်စူးဆည်းကပ်ရာ ပထမဆုံး အိမ်တော်(ကအ်ဗာ)ပတ်လည်မှာတည်ဆောက်ထားသည်။ ကအ်ဗာသည် ရိုးရိုးကုဗပုံဖြစ်ပြီး ၎င်းအတွင်း၌ ဘာဆိုဘာမှ လုံးဝမရှိချေ။ တမန်တော် အီဗရာဟီမ်နှင့် သူ၏သားတော် အစ္စမာအီလ်တို့က တမန်တော် အာဒမ်ချသွားခဲ့သော မူရင်းအုတ်မြစ်အပေါ်၌ တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။ ကအ်ဗာအရှေ့ဘက်ထောင့်တွင် အလ်ဟဂျ်ရ် အလ်အစ်ဝဒ်ခေါ် ကျောက်နက်တုံးရှိသည်။ ယင်းသည် တမန်တော် အီဗရာဟီမ်နှင့် သားတော် အစ္စမာအီလ်တို့ တည်ဆောက်ခဲ့သည့် မူရင်းအဆောက်အအုံမှ အကြွင်းအကျန် တစ်ခုသာဖြစ်သည်။

ကအ်ဗာသည်လည်းကောင်း၊ ကျောက်နက်တုံးသည်လည်းကောင်း၊ ဝတ်ပြုရာဝတ္ထုများအလျှင်းမဟုတ်ကြချေ။ သို့သော် မွတ်စလင်မ်များ ဝတ်ပြုကြချိန်တွင် တညီတညွတ်တည်း ဦးလှည့်ကြရာဗဟိုဆုံချက် တစ်ခုပင်ဖြစ်သည်။

တမန်တော်မုဟမ္မဒ်က ကအ်ဗာနှင့်ပတ်သက်ပြီး ဆင့်ပြန်ခဲ့သည့်စကားရပ်မှာ ''အသင်သည် မြတ်ထွတ်ခေါင်တင် ဖြစ်သတည်း။ သို့သော် မွတ်စလင်မ်တစ်ဦး၏ သွေးက အလ္လာဟ်ရှင်အဖို့ရာ ပိုပြီး မြင့်မြတ်ချေသည်တကား''ဟူ၏။


ည

# မဒီနာရွှေမြို့တော်မှ တမန်တော်မြတ်၏ ဝတ်ကျောင်းတော်ကြီး

**အစ္စလာမ့်သမိုင်းတွင် ပထမပိုင်းဆောက်ခဲ့သော ဝတ်ကျောင်းတော်ကြီးမှာ မဒီနာရွှေမြို့တော်တွင် တမန်တော်မုဟမ္မဒ် ခရစ်နှစ် ၆၂၂ က တည်ဆောက်ခဲ့သည့် ဝတ်ကျောင်းတော်ဖြစ်သည်။ လက်လုပ်အုတ်များ၊ ကျောက်များဖြင့် ဆောက်ထားသော ရိုးရှင်းလွန်းလှသော အဆောက်အအုံတစ်ခုဖြစ်သည်။**



ဝတ်ကျောင်းတော်နှင့် ဘေးချင်းကပ်လျက်တွင် တမန်တော်မုဟမ္မဒ်၏ ရိုးရိုးကုပ်ကုပ် အိမ်တော်ရှိပြီး နောက်ပိုင်းတွင် သခင်၏ အဆွေတော်ဖြစ်သည့် အဗူဗကရ်အလ်စစ်ဒီးက်နှင့် အုမရ်အိဗ်နေ့အလ်ခတ္တားဗ်နှင့်အတူ ကိုယ်တော်၏ ရုပ်ကလာပ်တော်တို့ကို မြှုပ်နှံခဲ့ရာနေရာ ဖြစ်ပေသည်။ ဝတ်ကျောင်းတော်သည် မွတ်စလင်မ်တို့၏နှလုံးသား ဗဟိုချက်မဖြစ်ပေရကား ဝတ်ပြုရာ၊ ပညာသင်ကြားပေးရာနှင့် အခမ်းအနားများကျင်းပပေးရာဌာနအဖြစ်ရော လှူဒါန်းပေးကမ်းရာ၊ အခြားသောနိုင်ငံခေါင်းဆောင်များထံ သဝဏ်လွှာရေးသားရာနှင့် ကိုယ်စားလည်အဖွဲ့များကို လက်ခံတွေ့ဆုံရာဌာနလည်းဖြစ်ပါသည်။ မွတ်စလင်မ်တို့သည် ယင်းအနီးတစ်ဝိုက်မှာ ဖြန့်ကျက်နေထိုင်လာခဲ့ကြသည့်အတွက် နိုင်ငံ၏ နှလုံးသား ချက်ချာဖြစ်သွားခဲ့ပါသည်။



သမိုင်းတစ်လျှောက် အစဉ်အဆက်ချဲ့ထွင်လာခဲ့သဖြင့် တမန်တော်မြတ်၏ဝတ်ကျောင်းတော်ကြီးသည် ယနေ့အခါမှာ အံ့မခန်း ခမ်းနားကြီးကျယ်လှသည့် ဗိသုကာလက်ရာကောင်းကြီးတစ်ခုအဖြစ် ဝင့်ကြွားစွာရှိနေပေသည်။ မတ်စ်ဂျိဒ် ဗလီဝတ်ကျောင်းတော်နှင့် ကပ်လျက်သားနေရာတွင် အစိမ်းရောင်လိပ်ခုံးကြီးရှိရာ ယင်းအောက်တွင် တမန်တော်မြတ်၏ ဂူဗိမာန်တော်ကို တွေ့ရှိနိုင်ပါသည်။

ဝတ်ကျောင်းတော်ကြီးအတွင်း မင်ဗရ်စင်မြင့်နှင့် တမန်တော်မုဟမ္မဒ်၏ ဂူဗိမာန်တော်တို့အကြားမှာ နေရာကွက်လပ် တစ်ခုရှိပေရာ အရ်ရောင်သွာအတ်ရှရီးဖာဟု ခေါ်ဆိုသည်။ မွတ်စလင်မ်တို့က သုခဘုံ၏နေရာတစ်ခုအဖြစ် မှတ်ယူထားကြပြီး အကျိုးကုသိုလ် ထူးအံ့ဟုဆိုကာ ဤနေရာလေးမှာ ဝတ်ပြုဆုတောင်းသမှုပြုကြသည်။

၄

# အလ်ကုဒ်ဆ် ရွှေမြို့တော်ရှိ အလ်အတ်က်စွာဝတ်ကျောင်းတော်ကြီး



ဤဝင်းအတွင်း တစ်လျှောက် မြင့်မြတ်မြေ၏ ဘယ်နေရာမှာ မဆို ဝတ်ပြုပါက အခြားသာမန် ဝတ်ကျောင်း တော် တစ်ခုခုအတွင်းမှာ ဝတ်ပြုခြင်း ထက် အကျိုးကုသိုလ်အားဖြင့် အဆပေါင်း၅၀၀ ပိုမိုရရှိပါသည်။




"သန့်ရှင်းစင်ကြယ်တော်မူသော အကြင်အရှင်မြတ်သည် တစ်ညဉ့် မိမိကျွန် (တမန်တော်မုဟမ္မဒ်)အား မတ်စ်ဂျေဒ္ဒေဟရာမ် ထူးမြတ်သော ဝတ်ကျောင်းတော်မှနေပြီး မိမိ၏သက်သေလက္ခဏာတော် အချို့အား ပြသအံ့သောငှာ အကြင် မတ်စ်ဂျေဒ္ဒေ အလ်အတ်က်စွာ ဝတ်ကျောင်းတော်သို့ ခေါ်ဆောင်တော်မူခဲ့သည်။ ငါအရှင်မြတ်သည် ထိုဝတ်ကျောင်းတော် ပတ်ဝန်းကျင်ကို ဗရကာသ် သုခချမ်းသာ မင်္ဂလာနှင့် ပြည့်စေတော် မူခဲ့၏။ ဧကန်မလွဲ ထိုအရှင်မြတ်သည်ပင်လျှင် အကြွင်းမဲ့ ကြားတော် မူသောအရှင်၊ အကြွင်းမဲ့မြင်တော်မူသော အရှင်တည်း"။

(ကျမ်းမြတ်ကုရ်အာန် ၁၇း၁)



အလ်ကုဒ်ဆ် (ဂျေရုစလင်ရွှေမြို့တော်)ရှိ အလ်အတ်က်စ္စာ ဝတ်ကျောင်းတော်သည် အစ္စလာမ်၏ တတိယအထွတ် အမြတ်ထားရာ ဌာနတစ်ခုဖြစ်ပါသည်။ ကအ်ဗာအရင်တုန်းက ဝတ်ပြုရာတွင် မျက်နှာမူကြရသည့် ပထမဆုံးသော ဝတ်ကျောင်းတော်ဖြစ်ခဲ့သည့်အတွက် ယင်းသည် မွတ်စလင်မ်တို့၏ နှလုံးသားနှင့် နီးလွန်းလှချေ၏။ ညယံခရီး (အိစရနှင့် မေအ်ရာဂ်ျ) တွင် တမန်တော်မြတ် မုဟမ္မဒ်မှာ ဤဝတ်ကျောင်းတော်ကိုရောက်ရှိခဲ့ပြီး တမန်တော်အပေါင်းနှင့် စုပေါင်းဝတ်ပြုမှုမှာ ကိုယ်တော်က ရှေ့ဆောင်ပြုခဲ့ရသည်။

အလ်အတ်ကစ္စာ ဝတ်ကျောင်းတော်ကြီးသည် လုံးဝမြင့်မြတ်ခြင်းအတိပြီးသော ပရိဝုဏ် ကြီးဖြစ်ကာ အုမရ် ဗလီဝတ်ကျောင်းတော်သာမက ကျောက်လိပ်ခုံးဗိမာန်နှင့် အခြား အခြား သော နေရာဌာနပေါင်း ၂၀၀ ကျော်ထိ ကျောက်သားဝင်း ခြံကြီးအတွင်းမှာ ရှိနေပေသည်။ ဧရိယာ တစ်ခုလုံးမှာ အကျယ်အဝန်းအားဖြင့် ၁၄၄၀၀၀စတုရန်းမီတာကျော်ရှိနေသည့် အတွက်ကြောင့် ဂျေရုစလင် ရွှေမြို့တော်ဟောင်း၏ ခြောက်ပုံတစ်ပုံကျော်အထိ လွှမ်းခြုံထားလေသည်။





# ကုရ်အာန်၏ အံ့ဖွယ်ပြောင်ရှိဟာများ

ကျမ်းတစ်စောင်ထဲတွင် သားအိမ်အတွင်း၌ သန္ဓေသားလောင်း ဖွံ့ဖြိုးလာမှုအကြောင်း မိုးတိမ်များနှင့် မိုးဖွဲ့စည်းမှုအကြောင်း ပင်လယ်ကြီးများနှင့်မိုင်ပေါင်းများစွာအတွင်းရှိပင်လယ်အောက် မျက်နှာပြင်အကြောင်း စသည်တို့ကို အဏုကြည့်မှန်ဘီလူးကို လူတို့မတီထွင်သေးခင်၊ လေယာဉ်ပျံကိုလည်းကောင်း၊ ရေငုပ်သဘော်ာကိုလည်းကောင်း၊ မတီထွင်နိုင်သေးခင် အလျင်က တည်းက စာရှုသူတို့ ဖတ်လိုက်ရခိုက်ဝယ် စိတ်ထဲမှာ သို့လော သို့လော မေးခွန်းများပေါ်လာခဲ့ရသည်။

**ကျမ်း**မြတ်ကုရ်အာန်သည်အာရေဗျအလယ်ရှိ လူတစ်ဦးထံသို့ လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၀၀ကျော်က ပို့ချပေးခဲ့ခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ စာရေးစာဖတ်မသင်ယူခဲ့ရချေ။ ကျမ်းမြတ်ကုရ်အာန်နှင့်ပတ်သက်၍ ယင်းကျမ်း၏အံ့ဖွယ်ချင်းရာတို့နှင့် ပတ်သက်ပြီး မည်သို့သောမေးခွန်းများကို တက်လာစေပါသနည်း။ ယနေ့လို သိပ္ပံနှင့် ခေတ်သစ်နည်းပညာ ထွန်းကားသည့်ခေတ်ကာလ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ အသစ်သစ်သော အချက်အလက်နှင့်အကြောင်း အရပ်စုံကိုဖတ်ရှုကြရပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ ကမ္ဘာမြေနှင့်ပတ်သက်ပြီး ဘာသာတရားက မည်သည့်အခန်းကဏ္ဍမှနေပြီး သင်ကြားပေးခဲ့ပါသနည်း။ ကုရ်အာန်ကျမ်းမြတ်မှနေပြီး မည်သို့သောအကြောင်းရပ်တို့ကို ကျွန်ုပ်တို့သိရှိလာရသည်ဆိုခြင်းကို တဒင်္ဂသော်မျှ စဉ်းစားကြည့်ရုံမျှနှင့် အသင်တို့ အလွန်ပင်အံ့သြမဆုံး ဖြစ်မိကြမှာဖြစ်ပေသည်။



# သန္ဓေသားလောင်း

ကျမ်းမြတ်ကုရ်အာန်သည် ဖွံ့ဖြိုးမှုစောစောပိုင်းက စတင်ပြီးသန္ဓေသား၏ကြီးထွားပုံကို တိတိကျကျသရုပ်ဖော်ပြောပြ ထားပေသည်။ ပထမဦးစွာ **နှတ်တဲ့ဗှဟ်** ခေါ် အစက်အဆင့်ကို သိရမည်။ ဤအဆင့်တွင် သုက်ရည်က အမမျိုးဥနှင့် ပေါင်းစပ်ပြီး **ဇိုင်ဂုတ်** ခေါ်အဆင့်သို့ ရောက်ရှိလာသည်။ ဤအဆင့်သည် အရည်တစ်စက်နှင့်တူ၏။ ဤအတွက်ကြောင့် **နှတ်တဲ့ဗှဟ်** ဟု အမည်ပေးထားခြင်းဖြစ်သည်။

နောက်အဆင့်ကိုကျတော့ **အလကာဟ်** ဟုခေါ်ပြီး အရဗီဘာသာစကားအရ ယင်းတွင် သုံးမျိုးသော အနက်တို့ဖြစ်ကြသည့် မျှော့၊ ဆိုင်းနေသော အရာနှင့် သွေးတုံးသွေးခဲဟူ၍ ရှိနေပေသည်။

သန္ဓေသားသည် သားလောင်းနှင့်တူရုံ သာမက အစားအသောက်ကို မိခင်သွေးမှ ရယူပါသည်။ ယင်းသည် ကြီးထွားလာသည် နှင့်အမျှ မိခင်၏သားအိမ်မှာကပ်နေသဖြင့် တွယ်ဆိုင်းထားသည်သို့ ရှိနေပေသည်။ **အလကာဟ်**၏ နောက်ဆုံးအဆင့်မှာတော့ သန္ဓေသားလောင်းသည် မိခင်၏သွေးမှပမာဏ အများအပြားကို ရယူသည်။ ဤအချိန်တွင် သွေးလည်ပတ်မှု စတင်ခြင်းမရှိသေးသဖြင့် ယင်းသည် သွေးတုံးသွေးခဲ သဏ္ဌာန် ရှိနေပေသည်။

ယင်းနောက် အသင်တို့အနေနှင့် **မွဒ်ဂဟ်** အဆင့်ကိုတွေ့ကြရမည်။ အရဗီဘာသာစကားတွင် အရာဝတ္ထုတစ်ခုကို ကြိတ်ဝါးထားပုံဆိုသော တူညီသောအနက် အဓိပ္ပာယ်ဆောင်ထားသည်။ ကလေး၏ ကြီးထွားလာသည့် ကျောရိုးသည် ကြိတ်ဝါးထားသောအရာနှင့် သဏ္ဌာန်တူပေသည်။ ယင်းနောက်တွင် **အိဇွာမ်** ခေါ် အရိုးဖွဲ့စည်းလာရသည်။ ကုရ်အာန်ထဲ၌ နောက်ထပ်လာရှိသောအဆင့်မှာ အရိုးများ အထက်တွင် အသားဖုံးလွှမ်းလာသောအဆင့်ပင် ဖြစ်သည်။ အရိုးများပတ်လည်တွင် ကြွက်သားများ မည်သို့ဖွဲ့စည်းဖြစ်တည်လာပုံကို တိတိကျကျချည်း ဖော်ပြထားပါသည်။

၁၇ ရာစုနှောင်းပိုင်းအထိကြည့်မှန်ဘီလူး ကို တီထွင်နိုင်ခဲ့တော့မှသာ သုက်ရည်ထဲတွင် လူသားသေးသေးမွှားမွှားလေးများ ပါဝင်နေသည်ကို ယုံကြည်လာခဲ့ကြသည်။

''မချွတ်မလွဲ ငါအရှင်မြတ်သည်လူသားကို ရွှံ့မြေ၏အဆီအနှစ်ဖြင့် ဖန်ဆင်းတော်မူခဲ့၏။ ထို့နောက်ငါအရှင်မြတ်သည် သုက်ရည်အစက်အဖြစ်နှင့် လုံခြုံသောနေရာသစ် (သားအိမ်) ထဲမှာထားတော်မူခဲ့၏။ ယင်းနောက် ငါအရှင်သည် သွေးခဲမှ အသားတုံးဖြစ်စေခဲ့၏။ ငါအရှင်သည် အသားတုံးကို အရိုးများအဖြစ် ဖန်ဆင်းတော်မူခဲ့၍ ထို့နောက် ငါအရှင်မြတ်သည် ယင်းအရိုးများကို အသားများဖြင့် ဖုံးလွှမ်းသွားစေတော်မူ၏။ ယင်းနောက် ငါအရှင်မြတ်သည် ယင်းကို အခြားသောဖန်ဆင်းခံတစ်ခု ဖြစ်စေခဲ့၏။ ထို့ကြောင့် အကောင်းဆုံးဖန်ဆင်းသောအရှင်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။


(ကျမ်းမြတ် ကုရ်အာန် –၂၃း၁၂–၁၄)

# ဖေရ်အောင်
# ရေတွင်နစ်မြုပ်ခန်း

**တမန်တော်မှုစာ၏လက်တော်တွင် ဖေရ်အောင်သည် သက်ဦးဆံပိုင်အာဏာရှင်ဘုရင်ဆိုးကြီးတစ်ပါးဖြစ်ပြီး အလ္လာဟ်ရှင်၏တစ်ဆူတည်းသောအရှင်အဖြစ်ကို လက်မခံ၊ မယုံကြည်သူဖြစ်ပါသည်။**

သူသည် ခက်ထန်မောက်မာပြီး စိတ်ကြီးဝင်နေသူဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံးတွင် တမန်တော်မြတ်ကြီးကို ခြိမ်းခြောက်နေခဲ့သူဖြစ်သည်။ သေဘေးကို နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရချိန်ကျမှသာ သူအလ္လာဟ်ရှင်ကို ယုံကြည်ပါပြီဆိုပြီး ကြွေးကြော်ခဲ့သူဖြစ်သည်။

''ငါအရှင်သည် အစ္စရာအီလ်မျိုးနွယ်ဝင်တို့အား ပင်လယ်တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ရောက်စေတော်မူခဲ့လေသည်။ ထို့ နောက် ယင်းအစ္စရာအီလ်မျိုးနွယ်ဝင်တို့၏ နောက်သို့ ဖေရ်အောင်နှင့် သူ၏စစ်သည်ရဲမက်များတို့သည်လည်း မတရားပြုမူရန်လည်းကောင်း၊ နိုင်ထက်စီးနင်းပြုလုပ်ရန်လည်းကောင်းလိုက်ခဲ့ကြကုန်၏။ ထိုဖေရ်အောင်




# မူစာနဗီက သူ့အား အသင်သည် ရေနစ်သေဆုံးရအံ့ဟူ၍ တင်ကူးသတိပေးခဲ့သည့်တိုင် သူသည် ယုံကြည်ရန် ခေါင်းမာငြင်းဆန်နေဆဲဖြစ်သည်။

သည် ရေနစ်အံ့ဆဲဆဲတွင် ကျွန်ုပ်သည် အစ္စရာအီလ်မျိုးနွယ်တို့ သက်ဝင်ယုံကြည်ကြသော အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာ အခြားအရှင်မရှိကြောင်း သက်ဝင် ယုံကြည်ကြပါပြီ။ မွတ်စလင်များထဲမှတစ်ဦးဖြစ်ပါပြီ။''

(ကျမ်းမြတ်ကုရ်အာန် –၁၀း၉၀)

အလ္လာဟ်ရှင်ဤသို့မိန့်ကြားတော်မူခဲ့သည်။ ''ယခုမှပင် သက်ဝင်ယုံကြည်လေသလော။ အမှန်စင်စစ်သော်ကားအသင် သည် ရေတွင်မနစ်မြုပ်ခင်အထိ မထီမဲ့မြင်ပြုခဲ့ရုံမျှမက အသင်သည် ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သူတို့တွင်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ချေသတည်း။ သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် အသင့်အား အသင်၏ခန္ဓာကိုယ်ရုပ်ကလာပ်နှင့်တကွ အသင်သည် မိမိနောင်လာနောက်သားတို့အဖို့ အထိမ်းအမှတ်လက္ခဏာ သံဝေဂရဖွယ် တစ်ရပ်ဖြစ်အံ့သောငှာ ဆယ်တင်တော်မူမည်။ သို့ရာတွင် များစွာသောသူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို လျစ်လျူရှုမေ့ပျောက်သွားသောသူများသာ ဖြစ်ကြပေသတည်း။ (ကျမ်းမြတ်ကုရ်အာန် –၁၀း၉၁–၉၂)





# တောင်များ၏အမြစ်များသည် သပ်(ငုတ်တိုင်)များနှင့်တူသတည်း

တဲတစ်လုံးကို ထိုးရာတွင် တဲနှင့်ကြိုးကိုမြဲမြံစွာခိုင်ခံ့စွာရှိနေရေးအတွက် ငုတ်တိုင်များကို ရိုက်ကြရပါသည်။ သပ် (ငုတ်တိုင်) ၏အပိုင်းအများစုမှာ မြေကြီးထဲတွင် မြုပ်နေသည်ကို အသင်တို့ သိရှိကြပါမည်။ မြေကြီးထက်တွင် ငုတ်၏ အပိုင်းအစ အနည်းငယ်ကသာ ပေါ်နေပါသည်။



ဤနည်းလမ်းမှာ တဲတို့ကိုထောက်ကန်ထားရန်နှင့် တဲလဲပြိုပြီးမကျသွားစေရန် အသုံးပြုကြပါသည်။ ဤသီအိုရီကို ဆာဂျော့အဲယားရီက ၁၈၆၅ ခုနှစ်တွင်မှ ဖော်ထုတ်တွေ့ရှိခဲ့ခြင်းဖြစ်ပါသည်။ ဘူမိဗေဒပညာရပ်တွင် ခေတ်သစ် လေ့လာတွေ့ရှိချက်အသစ်အသစ်များက တောင်များသည် မြေကြီးအတွင်းတွင် နက်ရှိုင်းစွာအမြစ်တွေတိုးဝင်ပြီး တည်တံ့နေရခြင်းအချက် ကိုပြသခဲ့သည်။ ဤအမြစ်များက ကမ္ဘာ့မြေလွှာထဲတွင် ငုတ်များအဖြစ် တောင်များကိုအခိုင်အခံ့ တည်ငြိမ်စွာရပ်တည်သွားစေနိုင်ခဲ့သည်။

အလ္လာဟ်ရှင်ကကျမ်းမြတ်ကုရ်အာန်ထဲတွင် ကျွန်ုပ်တို့ကို ဗျာဒိတ်ခြွေတော်မူထားသည်မှာ ‘‘ငါအရှင်ကပထဝီမြေကို နားနေရာ အခင်းတစ်ခုအဖြစ် ပြုထားတော်မူခဲ့သည်မဟုတ်လော။ တောင်များကို သပ်များ ငုတ်များအဖြစ် ပြုလုပ်ထားတော်မူခဲ့သည် မဟုတ်လော’’။

(ကျမ်းမြတ်ကုရ်အာန် –ရ၈း၆–ရ)

‘‘ထိုအရှင်မြတ်သည် ပထဝီမြေ၌ ထိုပထဝီမြေသည် အသင်တို့နှင့်တကွ လှုပ်ရှားယိမ်းယိုင်ခြင်းမပြုရန် (ကျောက်ဆူးသဖွယ်) တောင်များကိုချထားတော်မူသည်။ ထို့အပြင် အသင်တို့လမ်းရှာ၍တွေ့အံ့သောငှာ မြစ်ချောင်းများကိုလည်းကောင်း၊ ပြုလုပ်ပေးထားတော်မူချေသည်။ ’’ (ကျမ်းမြတ်ကုရ်အာန် –၁၆း၁၅)

# ပင်လယ်သမုဒ္ဒရာများအကြားရှိ သဘာဝအကာအရံတစ်ခု



**သိပ္ပံပညာရှင်တို့သည် မကြာမီကမှ လူ့မျက်စိဖြင့် မမြင်နိုင်သော အဟန့်အတား တစ်ခုက ရေထုနှစ်ခုအကြားမှာ တစ်ခု နှင့်တစ်ခု ရောနှောမသွားဘဲ ရှိနေသည်ကို သက်သေပြသနိုင်ခဲ့ကြသည်။ ဤရေထုနှစ်ခုမှာ တစ်ခုချင်းတွင် ဆားငန်နှုန်း၊ အပူချိန်နှင့် သိပ်သည်းဆချင်း မတူကွဲပြားခြားနားကြသည်။**

ဤအချက်ကို မြေထဲပင်လယ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ ဆုံတွေ့ကြရာနေရာမှာတွေ့ရှိရပါသည်။ မြစ်ဝများတွင် ရေချိုနှင့်ရေငန်တို့ ဆုံတွေ့နေကြရာမှာလည်း ဤအချင်းအရာက မှန်ကန်နေပေသည်။ ဤအကာအရံ အဟန့်အတား အကြောင်းကို ကျမ်းမြတ်ကုရ်အာန်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ကာလကတည်းက ဖော်ပြထားခဲ့ပေသည်။

''ထိုအရှင်မြတ်သည်ပင် သမုဒ္ဒရာပင်လယ်နှစ်ခုကို လွှတ်ထားတော်မူရာ ထိုသမုဒ္ဒရာပင်လယ်နှစ်ခုမှာ ဆုံစည်းဆက်စပ်လျက် ရှိကြ၏။ ယင်းပင်လယ်နှစ်ခု၏အကြား၌ အဆီးအတားတစ်ခုရှိနေပေရာ ၎င်းတို့နှစ်ခုလုံး ပိုင်နက်ကျူးလွန်နိုင်ကြသည်မရှိပေ။''

(ကျမ်းမြတ်ကုရ်အာန် -၅၅း၁၉-၂၀)



''ထိုမှတစ်ပါး ထိုအရှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကို ပေါင်းစပ်တော်မူသောအရှင် ဖြစ်တော်မူပေရာ (ထိုပင်လယ်နှစ်ခုအနက်) ဤတစ်ခုဖြစ်သော ပင်လယ်တို့မှာ ချိုမြိန်ပြီး ရေငတ်ပြေစေ၏။ သို့ရာတွင် ဤတစ်ခုသော ပင်လယ်ရေမှာကား ငန်၍ ခါး၏။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုပင်လယ်နှစ်ခု၏အကြား တွင် သေးသွယ်သောအဆက်တစ်ခုကို ထားရှိကာ ရေချင်းမရောသွားစေရန် အတားအဆီးတစ်ခုဖြင့် တားဆီးထားရှိတော်မူခဲ့၏။''

(ကျမ်းမြတ်ကုရ်အာန် –၂၅း၅၃)

အာရေဗျ ပင်လယ်ကွေ့ပင်လယ်အငပ် ထဲတွင် ပင်လယ်ရေမျက်နှာပြင်လေးမီတာ မှ ခြောက်မီတာအကွာခန့်မှာ ရေချိုစမ်းတွေ ရှိနေပေသည်။ ပင်လယ်ပြင်တွင် လအကြာ ကြီးနေကြရသော ပုလဲငုပ်သမားတို့သည် ဤရေချိုစမ်းချောင်းတွေကို တွေ့ရှိခဲ့ကြသဖြင့် ယင်းရေလွှာထုထဲ ဒိုက်ထိုးဆင်းပြီး ရေချိုကို ထပ်ဖြည့်ယူခဲ့ကြသည်။ ဆော်ဒီအာရေးဗီးယား ဘုရင့်နိုင်ငံ၏ ဂျူဘိုင်းလ်မြို့ အရှေ့မြောက် ဘက်တွင် နာမည်ကျော် ယင်းသို့သော ရေချို စမ်းချောင်းကြီးတစ်ခုဖြစ်သည့် အိုင်းန် အိဂမီစာ ရှိသည်။

**စိတ်ဝင်စားစရာအချက်မှာ ပင်လယ်ကွေ့ထဲတွင် ပုလဲငုပ်သူတို့သည် ဤသဘောလက္ခဏာရပ်ကို သိရှိခဲ့ကြသည်။**


# ကမ္ဘာ့ရေဒ်အာန်ထဲမှ မိုးတိမ်တို့အကြောင်း

ခေတ်သစ်တွင် မိုးတိမ်တွေကို သုတေသနပြုခဲ့အပြီးမှာ သိပ္ပံပညာရှင်တို့က မိုးတိမ်များမှာ တိကျသော စာရင်းဇယားတစ်ခုအရ ဖွဲ့စည်းပုံဖော်ခဲ့ခြင်းဖြစ်သည်ဟု တွေးဆခဲ့ကြသည်။



ဤသည်၏ ဥပမာမှာ ကျူမြူလိုနင်းမ်ဗဆ် တိမ်တိုက်ဖြစ်ပြီး ယင်းတို့မှာ အဘယ်ပုံမိုးရွာသွန်းလာရပုံ၊ မိုးသီးတွေကြွေလာရပုံနှင့် လျှပ်စီးလက်ခြင်းတို့မှာ အောက်ပါအတိုင်းအဆင့်ဆင့် ဖြစ်ပွားလာရခြင်း ဖြစ်ပါသည်။

လေထုက ပို၍သေးငယ်သော ကျူမြူလပ်(စ) တိမ်တောင်မိုးတိမ်တို့ကို တိုက်ထုတ်လိုက်သည်တွင် ယင်းတို့မှာစတင်ပြီးပေါင်းစပ်ကာ ကျူမြူလိုနင်းမ်ဗဆ် တိမ်ထုကြီးများအဖြစ် ရောက်ရှိလာကြရပါသည်။ ယင်းနောက် ယင်းတို့တစ်ခုပေါ်တစ်ခု ဆင့်ဆင့်ပြီးဆင့်ကာ ပုံသွားခဲ့ရာမှ ပိုမိုကြီးမားလာသော တိမ်ထုကြီးများအတွင်းမှာ ပြင်ညီအလိုက်အရွယ်အစားမှာ ကြီးထွားလာရပေသည်။ ယင်း၏အလေးချိန်မှာ တိကျသော အတိုင်းအတာတစ်ခုအထိရောက်ရှိ



**တိမ်ထုသည်ပိုမိုအေးမြနေသော**
**လေထုအလွှာအပိုင်းထဲသို့**
**ဆန့်ထွက်သွားသည့်တွင်**
**ရေစက်ရေမှုန်များဖြစ်သွားကာ**
**မိုးသီးများဖြစ်လာတော့သည်။**
**ပိုသည်ထက်ပိုပြီး**
**ကြီးမားသည်ထက်ကြီးမား**
**လာခဲ့ပေသည်။**

သွားချိန်မှာတော့ ယင်းတို့သည် မြေသို့ပြန်လည်ပြီး ကျဆင်းလာခဲ့တော့သည်။

''ငါအရှင်မြတ်သည် ထိုမိုးတိမ်မှပင် (ဝါ) ထိုမိုးတိမ်၏အစိုင်အခဲကြီးများမှပင်မိုးသီးများကို ကျစေတော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်မှ မိုးသီးများပါရှိသော အစိုင်အခဲကြီးများကို ကျရောက်စေတော်မူ၏။ တစ်ဖန် ထိုအရှင်မြတ်သည် ထိုမိုးသီးများဖြင့် မိမိအလိုတော်ရှိသောသူအား ထိခိုက်စေတော်မူ၍ မိမိအလိုရှိတော်ရှိသောသူအား ယင်းမိုးသီးများမှ လွှဲဖယ်ပေးတော်မူသည်။ ယင်းသို့ မိုးတိမ်၏ လျှပ်ပြက်ရောင်သည် စက္ခုအလင်းကို သိမ်းယူသွားအံ့ဆဲဆဲဖြစ်သည်။

(ကျမ်းမြတ်ကုရ်အာန်–၂၄း၄၃)

# ကျမ်းမြတ်ကုရ်အာန်၏ဘာသာစကားဆိုင်ရာ အံ့ဖွယ်ပြာဋိဟာများ



**လူထုပရိသတ်ကြီးကို ကဗျာနှင့်ဝေါဟာရစကားလုံးတို့ကို သုံးပြီး ဖမ်းစားနေခဲ့သည့် ခေတ်အချိန်ကာလမှာ ကျမ်းမြတ် ကုရ်အာန်အား ထုတ်ပြန်ပို့ချပေးခဲ့ခြင်းဖြစ်ပေရကား လူထုကြီးနှင့် အရဗီဘာသာ စကားအရာမှာ အဆင့်မြင့်မြင့် အာဝဇ္ဇန်းရှင်လှမှု တို့အကြား ယှဉ်ပြိုင်ပွဲကြီး ဖြစ်ထွန်းလာခဲ့ရသည်။**

မုဟမ္မဒ်သခင် သက်တော် ၄၀ ပြည့်လာချိန်နှင့် အာရေဗျမှ ကဗျာဆရာကြီးများနှင့် ခပ်ကင်းကင်းနေခဲ့ခိုက်မှာ ဗျာဒိတ် တော်ကို ထုတ်ပြန်ပေးခြင်းခံရခြင်းဖြစ်ပါသည်။ သူ့ထံပါး သို့ ပို့ချလာခဲ့သောစကားရပ်များမှာ သူ့အနီးအနားဝန်းကျင်ရှိသူတို့ထံ ရောက်ရှိသွားရာဝယ် ယခင့် ယခင်က တစ်ဦးဦးထံမှ သူတို့ကြားဖူးထားသည်တို့ထက် ပိုမိုကောင်းမွန်နေသည်။ ပို၍အံ့မခန်း ဖွယ်ရာ ဖြစ်နေသည်။ ကာရန်အလင်္ကာ ပိုပြီးပြောင်မြောက်နေပေသည်။

စကားလုံးကြွယ်ဝမှု၊ စာသား အလှအပ အံ့မခန်းကြီးကဲမြင့်မြတ်မှု၊ ဉာဏ်အမြော်အမြင် ကြီးမားသော ဥပဒေပိုင်း၊ မှန်ကန်သောသတင်းအချက်အလက်၊ အာဝဇ္ဇန်းမြောက်လှမှု၊ မှန်ကန် သောဟောကိန်းများနှင့် အခြားအခြားသော ပကတိကြန်အင်ပြည့်စုံသော ဂုဏ်ထူးဝိသေသ

## ကုရ်အာန်၏အရင်းမူလနှင့်ပတ်သက်၍ သံသယဝင်နေသူတို့အတွက် အလ္လာဟ်အရှင်ဘက်တော်မှနေပြီး ကုရ်အာန် ကျမ်းမြတ်၏အခန်းကဏ္ဍများနှင့် တူညီသော အခန်းကဏ္ဍတစ်ခုကို ယှဉ်၍သီကုံးယူလာကြကုန်။

အရပ်ရပ်နှင့် ပြည့်စုံအောင် သီကုံးလာကြဆိုပြီး စိန်ခေါ်ထားတော်မူသည်။ ထိုစဉ်ကာလမှသည် ယနေ့ကာလထိတိုင် ဤစိန်ခေါ်ချက်ကို မည်သူသည်မျှ အံ့မတုနိုင်ခဲ့ကြသေးချေ။ နောက်ကာလမှာလည်း ဘယ်တစ်ဦးတစ်ယောက်ကမှ ဤစိန်ခေါ်ချက်ကို ယှဉ်တု၍ရနိုင်စရာမရှိချေ။

အလ္လာဟ်အရှင်မြတ်က ကျမ်းမြတ်ကုရ်အာန်မှာ ဤသို့ဗျာဒိတ်တော်ခြွေထားတော်မူပါသည်။

''၎င်းတို့သည် ကုရ်အာန်ကိုလေ့လာဆင်ခြင်သုံးသပ်ခြင်းမရှိပါသလော။ အကယ်၍ ယင်းကျမ်းသည် အလ္လာဟ်မှလွဲပြီး အခြားတစ်ဦးဦး၏ထံမှဆိုလျှင်တော့ ၎င်းကျမ်းထဲတွင် မြောက်မြားစွာသော ကွဲလွဲမှုတို့ကို ကေန်မလွဲ တွေ့ရှိကြကုန်အံ့။'' (ကျမ်းမြတ် ကုရ်အာန် –၄း၈၂)

''ငါအရှင်ထံပါးမှ ငါအရှင်၏နာခံတော်(မုဟမ္မဒ်)ထံ ငါအရှင်ပို့ချပေးခဲ့ရာကုရ်အာန်ကို သံသယဝင်၍ အသင်တို့သည် မှန်ရာကိုဆိုကြသည်ဆိုသော် သို့သီကုံးရေးသားရာ၌ အလ္လာဟ်အရှင်နှင့်ပြိုင်ဆိုင်၍ အသင်တို့အား ကူညီရိုင်းပင်းမည့်သူများကိုလည်း ခေါ်ဆောင်လာကြကုန်လေ။ အသင်တို့ ဘယ်ရောအခါသော်မှ ယှဉ်တု၍မရကောင်းရာ။ သို့ဖြစ်ပေရာ အသင်တို့သည် ငရဲမီးဘေးမှ ဝေးစွာရှောင်ရှားကြကုန်လော့။'' (ကျမ်းမြတ်ကုရ်အာန် –၂း၂၃–၂၅)

''အသင်တို့သည် ကုရ်အာန်ကျမ်းတော်ကို ဖတ်ရွတ်သရဇ္ဈာယ်သောအခါ ထိုကျမ်းကိုဂရုပြု၍ နားစိုက်ထားကြလေကုန်။ သို့မှာသာလျှင် အသင်တို့သည် ကရုဏာတော်ကို ခံစားကြရလတ္တံ့။''

(ကျမ်းမြတ်ကုရ်အာန် –၇း၂၀၄)

'' (အို မုဟမ္မဒ်) ဤသည် အသင့်ထံ ငါအရှင်ပို့ချပေးတော်မူခဲ့သည့် ကောင်းချီးမင်္ဂလာနှင့် ပြီးပြည့်စုံသည့် ကျမ်းဂန်တည်း။ ယင်း၏ပါဒတော်တို့ကို လူတို့ စဉ်းစားဆင်ခြင်ကြအံ့သောငှာ လည်းကောင်း၊ အသိအမြင်ရှိသူတို့သည် တရားရကြအံ့သောငှာ လည်းကောင်း ဖြစ်ပေသတည်း။''

(ကျမ်းမြတ်ကုရ်အာန် –၃၈း၂၉)

# ကုရ်အာန်နှင့် ဇီဝဗေဒ

**အလ္လာဟ်ရှင် ဖန်ဆင်းထားတော်မူသည့် ကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့ သိရှိထားသည့်အတိုင်း သဘာဝဓမ္မဥပဒေသနှင့် အညီ သက်ရှိခပ်သိမ်းမှာ ဖွဲ့စည်းထားသော ဆဲလ်၏ဒီဇိုင်းကအစ လုပ်ငန်းဆောင်တာနှင့် အံ့ဝင်ခွင်ကျ ရှိနေပေသည်။**

ကျမ်းမြတ်ကုရ်အာန်သည်များစွာသော ဇီဝဗေဒဆိုင်ရာ အံ့ဖွယ်အရပ်ရပ်ကို အဆင့် အမျိုးမျိုးအထွေထွေမှနေပြီး အသေးစိတ်ဖော်ပြ ပေးထားသည့်အပြင် ယင်းတို့ထဲမှ အတော်များ များကိုပါ ထပ်၍ဆွေးနွေး တင်ပြထားသေးသည်။

အဏုကြည့်မှန်ဘီလူးကို တီထွင်နိုင်မှုက သိပ္ပံပညာရပ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်တိုးတက်သထက် တိုးတက်သွားစေခဲ့သည်။ ခေတ်မီသိပ္ပံနည်းကျလေ့လာမှုအရ သက်ရှိဆဲလ်တို့၏ ရာခိုင်နှုန်းတော်တော်များများကို ရေဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိခဲ့ရပါသည်။ ဤအချက်ကို မွတ်စလင်မ်တို့က ယင်းထက်နှစ်များစွာ အလျင်ကတည်းကပင် သိရှိနေခဲ့ကြသည်။ ကုရ်အန်ကျမ်းစာမှာတော့ ဤအချက်ကို ဖော်ပြပြီးသည်နှင့် တစ်ဆက်တည်းမှာပင် လူသားတို့၏ ဖန်ဆင်းရှင်နှင့်ပတ်သက်ပြီး စဉ်းစား ဆင်ခြင် တွေးတောကြရန်ကို တိုက်တွန်းထားချက် ယှဉ်တွဲပါလာခဲ့သည်။

ဥပမာတစ်ခုဖြင့် ကုရ်အာန်ထဲမှ ပျား အကြောင်းဆွေးနွေးထားချက်တွင် ပျားရည်ထုတ်လုပ်ပေးသောပျားဖြစ်သည့် လုပ်သားပျား အကြောင်း တင်ပြထားရာမှာ ပျားအုံကို သန့်စင်ပေးပုံ၊ ကာကွယ်စောင့်ရှောက်မှုပေးကြပုံ၊ ပျားငယ်ကလေးတို့ကို ကြည့်ရှုစောင့်ရှောက်ပုံ၊ ပျားဘုရင်မကို အစာကျွေးမွေးပုံနှင့် ပျားလပို့တည်ဆောက်ပုံတို့ ပါရှိပေသည်။ သုံးနှုန်းထားသည့် ဝေါဟာရမှာလည်း မ၊ လိင်ပုံစံ ဖြစ်နေပေသည်။ ဤသည်အရေးမပါလှသလို ဖြစ်နေငြားလည်း နှစ်ပေါင်းများစွာ အာရုံထား သုတေသန ပြုခဲ့ကြအပြီးတွင်မှ ယင်းအချက်ကို သိရှိလာခဲ့ကြရသည်။ ဂျန်း ဆွမ်းမား ဒမ်း ဆိုသူက ၁၆၀၀ ပိုင်းနှစ်တွေတုန်းက ပျားတို့အတွင်းမှ မ ဥတစ်လုံး ပါရှိသည့် ဘုရင်များအကြောင်း ရေးသားခဲ့သလို ၁၆၃၇ ခုနှစ်တွင် ရစ်ချဒ်ရဲမ်းနန့်က လုပ်သားပျားအားလုံးသည် အမှန်ပင် အမကောင်များဖြစ်ကြပုံကို ရေးသားခဲ့ပေသည်။ ယင်းအချက်ကို မွတ်စလင်မ်တို့က နှစ်ပေါင်း ၁၀၀၀ ကျော် စောပြီး သိနှင့်ထားပြီးဖြစ်ပါသည်။ ဆွေးနွေးထားချက်များထဲမှ အခြားအချင်းအရာများမှာ ပျားရည်၏ ဆေးဖက်ဝင်သော အာနိသင်များဖြစ်သည်။ ဤအချက်ကို ယနေ့ဆိုသော် အများကလက်ခံခဲ့ကြပြီ ဖြစ်သည်။


‘‘ၚင်းပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်သည် ပျားကောင်၏ ထံသို့ ဤသို့အမိန့်တော်ပေးတော်မူလေသည်။ အသင်သည် တောင်များ၌လည်းကောင်း၊ သစ်ပင်များ၌လည်းကောင်း၊ လူတို့တည်ဆောက်ကြကုန်သော အဆောက်အအုံများ၌လည်းကောင်း မိမိတို့နေအိမ်များပြုလုပ်လေကုန်။



**“ငါအရှင်သည် သက်ရှိကို ရေမှဖြစ်စေတော်မူခဲ့သည်။ သို့သော် သူတို့တစ်တွေ မယုံကြည်ကြသေးပြီလော။”**

**(ကုရ်အာန် – ၂၁း၃၀)**

ထို့နောက် အသင်သည် အသီးအနှံ အသီးသီး အသကအသကတို့မှ (အရည်များကို) စုပ်ယူစားသုံးလေလော့။ တဖန် အသင်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ လွယ်ကူလျက်ရှိသော လမ်းများကို လျှောက်လေလော့။ ယင်းပျားကောင်၏ ဝမ်းဗိုက်များမှ အရောင်မျိုးစုံရှိသော သောက်သုံးဖွယ်ရာ (ပျားရည်)သည် ထွက်ရှိလာလေသည်။ ကေန်မလွဲ ဤသည်၌ စဉ်းစားဆင်ခြင်တတ်သော သူတို့အဖို့ အမှန်ပင် သက်သေသာဓကသည် ရှိပေသတည်း။” (ကုရ်အာန် –၁၆း၆၈–၆၉)



# အစ္စလာမ့်အနုပညာ

**အစ္စလာမ်တွင် အနုပညာနှင့်ပတ်သက်ပြီး
ယေဘုယျအားဖြင့် နားလည်မှု တစ်ရပ်ရှိနေပေသည်။
အမှန်စင်စစ်လည်း ဤဘဝလမ်းစဉ်တွင် အနုပညာနှင့်
အလှအပတို့အတွက် ကြီးစိုးနေသော
အတွေးအခေါ်တစ်ရပ်ဝင်နေပေသည်။
သမိုင်းဆိုင်ရာ အချက်အလက် အနည်းအကျဉ်းမျှနှင့်ပင်
ဤအချက်ကို ရှင်းရှင်းလေး ချေဖျက်၍ရပေသည်။**

အစ္စလာမ်ပြန့်ပွားပြီး နှစ်ရာကျော်အတွင်းမှာပင် မွတ်စလင်မ် ကမ္ဘာအတွင်းတွင် လက်ရေးအလှအတတ်ပညာ၊ ပန်းချီ၊ ကော်ဇော များနှင့် ကြွေထည်၊ မြေထည်များ စတင်အရေးပါခဲ့သည်။ ဗိသုကာ ပညာ၏ အလှဆင်ယင်မှုသည်လည်း သော့ချက် ဖြစ်နေပေသည်။ မီးအိမ်များနှင့်ကျောက်ပြားများ ဆင်ယင်မှုတို့အပါအဝင် ဖြစ်ပေရာ မွတ်စလင်မ်ကမ္ဘာ ကြီးထွားလာသည်နှင့်အမျှ အရေးပါမှုသည်လည်း ကြီးထွားလာခဲ့ပေသည်။

အစ္စလာမ့်အနုပညာ မည်သို့ပြန့်ပွားလာပုံနှင့် အခြားဗိသုကာ လက်ရာတို့တွင် သြဇာညောင်းခဲ့ပုံတို့အပေါ် အော်တိုမန်ဒေသ၏ ဗလီဝတ်ကျောင်းတော်ကြီးများတွင် ဥပမာရပ်များကို အထင်းသား တွေ့ရှိကြရပေသည်။ ရောမ၏ဗိသုကာပညာရပ်များမှာလည်း မည်သို့ သြဇာညောင်းခဲ့ပုံကို မြင်ကြရမှာဖြစ်သည်။ ၉–ရာစုတွင် အီဂျစ်မှ ဗီယင်နာသို့ မှန်ရောင်စုံတို့ရောင်းဝယ်ဖောက်ကားမှုသည် အစ္စလာမ့် အနုပညာ၏ ထူးခြားသော အရည်အသွေးတို့အတွက် နောက်ထပ် သက်သေတစ်ရပ်ပင်ဖြစ်သည်။ ဤကမ္ဘာတွင် အစ္စလာမ်မှာ အနုပညာ၏ အခြေခံအချင်းအရာလက္ခဏာရပ်များကို ခြုံငုံသုံးသပ်ပြထားပါသည်။ အစ္စလာမ်၏ ဘဝလမ်းစဉ်တွင် ယင်း၏အရေးပါမှုကို သိမ်မွေ့သော ကွဲပြားချက်တစ်ရပ်ပင်ဖြစ်ကြောင်းကို အသိပညာပေးရန် အားထုတ် ချက်တစ်ရပ်ပင် ဖြစ်ပေသည်။

# လက်ရေးအလှ အတတ်ပညာ

**ကျမ်းတော်မြတ်ကုရ်အာန်အပေါ် မွတ်စလင်မ်တို့၏ နက်နက်ရှိုင်းရှိုင်း ရှိသေလေးစားမှုနှင့် မြတ်နိုးခုံမင်မှုတို့ကြောင့် လက်ရေးအလှ အနုပညာရပ်သည် စောစောပိုင်းမှာကတည်းက အင်မတန်မြင့်မားသောအဆင့် သို့ ဖွံ့ဖြိုးတိုးတက် ရောက်ရှိခဲ့ရပေသည်။**



မွတ်စလင်မ်ကမ္ဘာတစ်လွှားဝယ် ကုရ်အာန်ကျမ်းမြတ်၏ ပါဒတော်များသည် (မစ်ဂျိဒ်)ဗလီဝတ်ကျောင်းတော်များ၊ နန်းတော်များ၊ အိမ်ဂေဟာများ၊ အလုပ်ရုံ များနှင့်စီးပွားရေးလုပ်ငန်းများ အခြားအခြားသော အများပြည်သူ နေရာထိုင်ခင်းများမှာပါ အလှဆင်ခြယ်ပေးလျက်ရှိခဲ့သည်။ မကြာမကြာ ဆိုသလိုပင် လက်ရေးလှပညာစွမ်းကို အပြောင်အမွမ်း အလှအပတို့နှင့် ချိတ်ဆက်ပြီး လှပရှုမော မဆုံးအောင် တန်ဆာဆင်ထားသည်မှာ လေးစားကြည်ညိုဖွယ်ရာနှင့် တန်ဖိုးကြီးမားလှရာ လက်ရာများအဖြစ် ရှုစားကြရပါသည်။

ရာစုနှစ်ပေါင်းများစွာချီပြီး မွတ်စလင်မ်ကမ္ဘာ၏နေရာဒေသအသီးသီးတို့တွင် လက်ရေးအလှပညာရှင်ကြီးများ အများအပြား ဆင့်ကဲဆင့်ကဲ ပေါ်ထွန်းလာခဲ့ပါသည်။

အဓိက အရဗီလက်ရေးအလှပုံစံများကို အောက်တွင်အကျဉ်းချုပ်ဖော်ပြထားသည်။

## ကူဖစ်

ကူဖစ်သည် အနည်းနှင့်အများဆိုသလို လေးထောင့်ကျကျထောင့်ချွန်းကျကျပုံစံရှိသည်။ အရွယ်ကြီး၍ ပေါ်လွင် ထင်းထင်းရှိပြီး ညက်ညောလှပ တိကျသောဟန်ပုံစံရှိသည်။ စာပုံများမှာ ထူထဲပြီး သတ္တုသို့မဟုတ် ကျောက်သားပြင်မှာ ရေးသားရတာ ပိုပြီးအဆင်ပြေလှသည်။ ဗလီဝတ်ကျောင်းများ၏ နံရံများပေါ်တွင်ခြယ်မှုန်းရေးသားခြင်း၊ ထွင်းယူ





ခြင်းပြုကြသည်။ ဒင်္ဂါးများအပေါ်မှာ စာလုံးထွင်းရာမှာလည်း သုံးစွဲကြပါသည်။

## နဆ်ခ်

နဆ်ခ်သည် အာရဗ်ကမ္ဘာတွင် အထင်ရှားဆုံးသော လူကြိုက်အများဆုံးသော လက်ရေးအလှပုံစံဖြစ်သည်။ အက္ခရာများအကြားတွင် အချိုးအစားကျနမှုကို စည်းကမ်းစည်းမျဉ်းအချို့နှင့် ထိန်းကွပ်မှုကို အခြေပြုထားသည်။ လက်ရေးဆက် လက်ရေးအတတ်ပညာဖြစ်သည်။ နဆ်ခ်သည် ဖတ်၍ရသည်။ ရှင်းလင်း၏။ လက်နှိပ်စက်စာလုံးနှင့် ပုံနှိပ်စာလုံးများအဖြစ် ပိုပြီး အသုံးတည့်အံဝင်သည့်ဟန်ရှိသည့်အတွက် အကြိုက်များသည်။ တအ်လိက်၊ ရိကာနှင့် ဒီဝါနီတို့အပါအဝင် ဟန်အမြောက်အမြားနှင့် အသွင်ကွဲအမျိုးမျိုးရှိလေရကား ခေတ်သစ်အရဗီလက်ရေး၏ မိဘအဖြစ်ရှိခဲ့ရသည်။

## ဆုိလွဆ်

၎င်းသည်အလှအပ လက်ရေးဆင်ခြယ်မှုတွင် အရေးအပါဆုံးဖြစ်ပြီး၊ ဟန်အသီးသီး၏ဘုရင်တစ်ဆူအဖြစ် မှတ်ယူခဲ့ကြသည်။ ယင်းကိုအထူးသဖြင့် ခေါင်းစီးစာလုံးများ၊ ဘာသာရေးဆိုင်ရာကျောက်စာများ၊ မင်းညီမင်းသားတို့၏ ဘွဲ့ဂုဏ်ထူးများနှင့် သင်္ချိုင်းစာတို့ကိုရေးသားရာမှာ အသုံးပြုကြပါသည်။


## တအ်လိက်

ပါရှန်းဘာသာစကား၏ လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးရန်အတွက် အထူးရည်ရွယ်ပေသည်။ ယနေ့ထိ အာဖဂန်နစ္စတန်၊ အီရန်နှင့် အိန္ဒိယတိုက်ငယ်တို့မှာ အသုံးများလှပေသည်။ တအ်လိက်သည် ပြေပြစ်ညက်ညောကြော့ရှင်းသော လက်ရေးပုံစံဖြစ်သည်။

## ဒီဝါနီ

လက်ရေးဆက်များမှ ယင်းအက္ခရာတို့ကို သရသင်္ကေတ တစ်ဆက်တည်းမပါရှိဘဲ အစဉ်အလာနှင့်မညီသော တည်ဆောက်ထားပုံများသည် စောစောပိုင်း အော်တိုမန်အင်ပါယာခေတ် (၁၆ရာစု– ၁၇ရာစုစောစောပိုင်း)တုန်းက တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ အခြားအခြားသော အသုံးနှုန်းနည်းပါးသည့် လက်ရေးအလှ အတတ်များလည်းရှိပေရာ သူ့ဟာနှင့်သူတော့ လှပကြသည်ချည်းပင်ဖြစ်သည်။ ဥပမာ၊ ရိက်အာ၊ မုဟာက်ကက်၊ ရိုင်ဟာနီ၊ အီဂျာဇာနှင့် မော်ရိုကိုဟန်တို့ဖြစ်ကြပါသည်။

# အနုပညာ



"အလ္လာဟ်ရှင်သည် လှမှုအလှဆုံးသောအရှင်
ဖြစ်တော်မူရကား လှပမှုကို မြတ်နိုးတော်မူ၏" ဟူ၍
လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀ ကျော်ကပင်
တမန်တော်မုဟမ္မဒ်က မိန့်ဆိုခဲ့ဖူးပါသည်။
ကိုယ်တော်မြတ်က ဆက်လက်ပြီး
မိန့်ခြွေတော်မူခဲ့သေးသည်မှာ တစ်စုံတစ်ရာကို
အသင်တို့လုပ်ဆောင်ခဲ့ချိန်တွင် ယင်းကို အပြောင်မြောက်ဆုံး
ပြုလုပ်ခြင်းကို အလ္လာဟ်ရှင်က နှစ်မြို့တော်မူ သည်ဟူ၏။
(မွတ်စလင်မ်ကျမ်း)

ယင်းသို့သော တမန်တော်မြတ်၏ ဩဝါဒတော်တို့က မွတ်စလင်မ်တို့အား မိမိတို့၏ ဝတ်ပြုရာနေရာဌာနများ၊ အိမ်ဂေဟာများနှင့် နေ့စဉ်ဘဝတွင် သာမန်သုံးစွဲနေကြရသည့် အသုံးအဆောင်ပစ္စည်းတို့ကိုပင် လှသည်ထက်လှအောင် မွမ်းမံ တန်ဆာဆင်လိုစိတ်ကို ကိန်းဝပ်အောင် ပျိုးထောင်ပေးခဲ့ပေသည်။ အစ္စလာမ့်ဗိသုကာပညာနှင့် အလှဆင်မှုအနုပညာရပ်သည် ယခုထိ အများအပြား ရှင်သန်မပျက် ရှိနေပေရကား မွတ်စလင်မ်ဒေသအများအပြားမှာပင် တန်ဖိုးကြီးကဲမဆုံး ရှိနေချေသည်။

ဂျီဩမေတြီနည်းကျပြီး ကနုတ်ကွက်တို့ ပါရှိပါသည်။ ပန်းခက်ပန်းနွယ် ပန်းညွန့်တို့ စီရရီ ရံထားသည်။ လက်ရေးအလှပညာရပ်နှင့် မံထားသည်။ တချို့မှာ ယင်းတို့အားလုံးကို အပြန်အလှန် ဆက်နွယ်လျက် တွေ့ကြရ သည်။ ရှေးခေတ်ကတည်းကပင် မွတ်စလင်မ်အနုပညာရပ်တွင် ဟန်ချက်မျှသော၊ သဟဇာတရှိသော ကမ္ဘာ့အမြင်နှင့် ထင်ဟပ်လျက် ရှိခဲ့သည်။

မွတ်စလင်မ်တို့က အရာရာသည် အချိုးအစားကျကျ ဟန်ချက်ကျကျ ရှိနေပုံကို အခိုင်အမာယုံကြည်ထားကြသည်။ မည်သည့်အရာသည် သော်မျှ ကြုံကြိုက်တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာရခြင်းမဟုတ်ချေ။ အရာခပ်သိမ်းသည် အနန္တဉာဏ်တော်ရှင်နှင့် ကရုဏာ အကြီးမားဆုံးသော စီစဉ်ရှင်၏ အပိုင်းကဏ္ဍထဲမှချည်း ဖြစ်ကြပေသည်။




## အစ္စလာမ့်အနုပညာသည် သူမတူအောင်ထူးကဲသည့် ကြွန်အင်လက္ခဏာနှင့် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ ပင်မ မူလ ပုံစံ အများအပြားကို သုံးစွဲထားသည်။

အစ္စလာမ့်အနုပညာ၏အရေးကြီးသော လက္ခဏာရပ်အချို့မှာ

- အစ္စလာမ့်အနုပညာသည် ယင်းတို့၏ရုပ်ပိုင်းဆိုင်ရာ ပုံသဏ္ဍာန် အနေအထားထက် အရာဝတ္ထုများ၏ အဓိပ္ပာယ်နှင့် အနှစ်သာရတို့ကို ပြသနိုင်ရန် အားထုတ်ထားသည်။
- လက်မှုပညာရပ်နှင့်အလှဆင်အတတ်ပညာတို့သည် အနုပညာ အဆင့်အတန်းကို မြှင့်တင်ပေးပါသည်။
- လက်ရေးအလှ အတတ်ပညာသည် အစ္စလာမ့်အနုပညာ၏ အဓိကကျသော ပုံစံတစ်ခုဖြစ်သည်။
- အနုစိတ်လွန်းပြီး ဂျီသြမေတြီနည်းကျသော ပန်းပွင့်ပန်းခက် ပုံစံတို့သည် အစ္စလာမ့်အနုပညာတွင် အလွန်အမင်းနေရာယူထား သည်။
- အစ္စလာမ့်အနုပညာသည် ဘာသာရေးဆိုင်ရာအနုပညာကိုသာ တစ်တစ်ခွခွ ဖော်ကျူးမထားဘဲ အနုပညာ၏အလုံးစုံသော ပုံစံ ခပ်သိမ်းနှင့် ပတ်သက်မှု ရှိနေပေသည်။

# အစ္စလာမ့်ဗိသုကာပညာ

သမိုင်းတစ်လျှောက်ဝယ် အစ္စလာမ့်ဗိသုကာပညာမှာ
ယင်း၏နာမ်ပိုင်းဆိုင်ရာအုတ်မြစ်ဖြစ်သည့်
ကျမ်းမြတ်ကုရ်အာန် ကြောင့် အားကောင်းလာခဲ့ရပါသည်။



အစ္စလာမ်မြို့ကြီးပြကြီးများတွင် မြို့ပြဒေသများ၌ နှစ်ပရိစ္ဆေဒများစွာကပင် လက်မှုပညာရှင် မျိုးဆက်အဆင့်ဆင့် ဆင့်ကဲ ဖွံ့ဖြိုးလာခဲ့ကြရကား ပတ်ဝန်းကျင်ကို လက်ရာကွဲမျိုးစုံနှင့် အလှဆင်မှုရှိခဲ့သည်။

ရိုးရာမြို့တို့သည် အစ္စလာမ်ဘာသာရေးကျောင်းများ (မဒ်ရဆာ)ဈေးများ၊ ဆိုင်၊ နန်းတော်နှင့် လူနေအိမ်တို့မှာ မတ်စ်ဂျိဒ် ဇလီဝတ်ကျောင်းတော်ကို မြို့လယ်ခေါင်မှာ ဇဟိုပြုလျက် အစ္စလာမ့်ဗိသုကာနှင့်ချိတ်ဆက်ထားကြပေရကား ကျွန်ုပ်တို့၏ မြို့ပြတစ်လွှားဝယ် အလှတရားတို့ကို ဖန်တီးပေးထားပေသည်။

ခေတ်ကာလအလိုက် မတ်စ်ဂျိဒ် ဇလီဝတ်ကျောင်းတော်များနှင့် နန်းတော်တို့မှာပိုပြီးအသေးစိတ်ကျကျ တန်ဆာ အလှအပဒီဇိုင်းပုံစံ မွမ်းမံမှုတို့ကြောင့် ဗိသုကာအတတ်မှာ အမြင့်သို့ခုန်တက်လာခဲ့ရသည်။ လိပ်ခုံးကြီးများ ထားပေးခြင်းဖြင့် ဝတ်ပြုရန်နေရာ ပိုပြီးကျယ်ဝန်းလာရသည်။ မတ်စ်ဂျိဒ် ဇလီဝတ်ကျောင်းတော်များတွင် အလ္လာဟ်ရှင်၏ ဂုဏ်တော် မွမ်းထားသောလက်ရေးလှအတတ်တို့မှာလည်း ပညာရလှသည်။




## ဗိသုကာပညာတွင် ယေဘုယျအားဖြင့် လူနှင့်တိရစ္ဆာန်ပုံတို့ မပါရှိခြင်းသည်လည်း ဘုံဦးတည်ချက်တစ်ခု ဖြစ်နေပေသည်။

ယင်းတို့အစား လက်ရေးလက်သားအတတ်ပညာဖြင့် ဇဟိုချက်မကျကျတွင်ဆင်ခြယ်ထားသော စကားလုံးများ၊ ကျမ်းစာသား လက်ရေးများ နှင့် အလ္လာဟ်ရှင်ကို ဂုဏ်တော်မွမ်းထားချက်တို့က အလှကိုပိုပြီး ပေါ်လွင်သွားစေပါသည်။

စံပြုအစ္စလာမ်အိမ်ဂေဟာတစ်ခုတွင် သီးသီးသန့်သန့်ပုံစံကို တွေ့ကြရသည်။ သူစိမ်းတစ်ရံများနှင့် ရှိုင်းစိုင်းကြမ်းတမ်းသော ပတ်ဝန်းကျင်မှ မိသားစုဘဝကိုကာကွယ်စောင့်ရှောက်ပေးရန်အတွက် သီးသန့်ဝင်းများရှိသည်။ များသောအားဖြင့် အိမ်၏အပြင်ပိုင်းတွင် မွမ်းမံလေ့မရှိဘဲ အတွင်းပိုင်းကိုပိုပြီးခြယ်သလေ့ရှိကြသည်။ ဤဝင်းကြီးကို အချိန်ကြာလာသည်နှင့်အမျှ ကြီးထွားလာသည့် မိသားစုလိုအင်ကို ဖြည့်ပေးရန်အတွက် အိမ်ကိုချဲ့ပေးဖို့ သုံးနိုင်သလို တစ်ခါတစ်ရံမှာ ကြီးမားလာသောမိသားစုအတွက် တစ်ဝင်းထဲမှာပင် သီးခြားအိမ်တို့ကို ဆောက်ပေးနိုင်ရေးဌာလည်းဖြစ်သည်။

# အစ္စလာမ့်လက်ရာမှန်ရောင်စုံ

**အစ္စလာမ့်ဗိသုကာပညာတွင် အဆောက်အအုံများကို အလှဆင်မှုနှင့်ပတ်သက်ပြီး အစောဆုံး အထောက်အထားအဖြစ် အီဂျစ်နိုင်ငံက ၇ –ရာစုတွင် စတင်ခဲ့သည်ဟု သိရပါသည်။ ထို့အပြင် ခေတ်သစ် ရှေးဟောင်းသုတေသနလေ့လာ တွေ့ရှိချက်များ အရ ၉ – ရာစုတွင် မှန်ရောင်စုံတို့ကို အီဂျစ်နိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ရောင်းချဖောက်ကားခဲ့ကြောင်းသိရပါသည်။**



ထိုထက်များစွာနောက်ကျပြီး ဥရောပတွင် မှန်ရောင်စုံအနုပညာသည် ခရစ်နှစ် ၁၁၅၀ နှင့် ၁၅၀၀ကြားမှာ ဖြစ်သည်။ ကြီးကျယ်ခမ်းနားလှသည့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးများတွင် ခမ်းနားမဆုံးသော ပြူတင်းပေါက်များကို တပ်ဆင်ရာမှာအသုံးပြုခြင်းဖြစ်ပါသည်။


အထူးတလည်များများစားစားတာစားခဲ့ပေသည်။ မှန်သားပြင်ထက်ဝယ် ဂန္ထဝင်နည်းစနစ်တို့နှင့်မကွာ ဟန်ချက်ညီညီ၊ စုစည်းညီညွတ်စွာ လှလှပပပုံဖော်ပုံကြီးချဲ့ထားချက်ကို အလင်းရောင်အားဖြင့် ပုံစံအမျိုးမျိုးနှင့် အလှဆင်ထားချက် လက်ရေးအစုစုတို့ဖြင့် အပီအပြင် ကြွတက်လာအောင် ဖန်တီးထားချက်တို့မှာ လက်ရာမြောက်မှမြောက်လှချေ၏။

ဤအနုပညာလက်ရာ နမူနာတို့ကို အော်တိုမန်ဗိသုကာပညာရှင်ကြီး မီမားရ်စီနာမ်ဖန်တီး လက်ရာစွမ်းပြသသွားခဲ့သော ရောမဝတ်ကျောင်းတော်ကြီးများမှသည် မွတ်စလင်မ်ကမ္ဘာတစ်လွှားမှ ဒေသအသီးသီးတွင်ရှိ အဆောက်အအုံအမျိုးမျိုးတွင် ကြီးကြီးငယ်ငယ်

**အထူးသဖြင့် မှန်ရောင်စုံ လက်ရာအချို့တို့ကို အော်တိုမန်ဒေသရှိ ဂျီဩမေတြီနည်းကျပုံသဏ္ဌာန်၊ လက်ရေးအလှကွက်များနှင့် ပန်းခက်၊ ပန်းနွယ်တို့၏ ဗဟိုချက်ချာနေရာတွင် တပ်ဆင်မှုမှာ**

အလှဖြာမဆုံး တွေ့ကြရသလိုပင် လွန်ခဲ့သောနှစ်ရာပေါင်းများစွာတုန်းက မွတ်စလင်မ် မြို့ကြီးများတွင် အလင်းရောင်ပေးနေသော လမ်းမီးတိုင်များမှာပါ တွေ့ရှိကြရပါသည်။

# ကနုတ်အလှ



ကနုတ်သည်လည်း အစ္စလာမ် အနုပညာ စွမ်းတစ်ခုဖြစ်ပြီး အထူးသဖြင့် ဝတ်ကျောင်းတော်များ၊ ဈေးများနှင့် စားပွဲရုံငယ် တို့၏ ပြတင်းပေါက်များနှင့် အဝင်ဝတို့တွင် တွေ့ရှိကြရပါသည်။ ဂျီဩမေတြီနည်းကျ ပုံစံတို့ကို မည်သို့ အသုံးပြုပြီး မည်သို့ပုံစံ အချိုးအစားချ အကွက်ဖော်ဆောင်သွားမည်ဆိုသည်က မွတ်စလင်မ် အနုပညာရှင်ကြီးများ၏ တီထွင်ဖန်တီးနိုင်မှုနှင့် ကမ္ဘာ့အမြင်တို့အပေါ်မှာ မူတည်နေပါသည်။

ရံဖန်ရံခါတွင် ကနုတ်လက်ရာကို လက်ရေးအလှဆင်ပညာနှင့် ယှဉ်တွဲပြီးတွေ့ရတတ်သည်။ တစ်ခါတစ်ရံမှာတော့ ကနုတ်ကွက်တို့ကို ဂျီဩမေတြီနည်းကျပုံသဏ္ဌာန်များကို ထပ်ပိုးပေးရာတွင် အသုံးပြုကြ၏။ ယင်းလက်ရာထဲတွင် နက်ရှိုင်းလှသောအဓိပ္ပာယ်များစွာ ဖုံးကွယ်ပြီးရှိနေပေသည်။ ယင်းနမူနာမျိုးကို ရိုးရိုးလေးထောင့် အနားညီမျဉ်းလေးခုထဲမှာတွေ့ရှိရပြီး၊ အနုပညာရှင်အနေနှင့် အစွမ်းနိုင်ဆုံး လုံ့လထုတ်ကာ သဘာဝ၏အရေးကြီးလှသော ဓာတ်ကြီးလေးပါးဖြစ်သော မြေ၊ လေ၊ မီးနှင့်ရေတို့ကို နိမိတ်ပုံ သင်္ကေတဖြင့် ဖော်ကျူးပြသွားပါသည်။ စက်ဝိုင်းသဏ္ဌာန်ပုံသဏ္ဌာန်များကကျတော့ ဖန်ဆင်းရှင်၏ နိစ္စထာဝရ မဆုံးစတမ်း တစ်ဆူတည်းသော အရှင်ဖြစ်မှုကို သရုပ်ဖော်ပြနေခြင်းဖြစ်ပါသည်။

အပင်များနှင့် တိရစ္ဆာန်တို့၏ ပုံသဏ္ဌာန်ဆင့်ပွားအဖြစ် ပုံဖော်ထားသည့် ဂျီဩမေတြီနည်းကျပုံစံများဖြင့် ထပ်တိုးမံထားချက်များမှာဖြစ်စေ သို့တည်းမဟုတ် လက်ရေးအလှပညာစွမ်းတို့ကို ကနုတ်ကွက်တို့က အလှလွင်သွားအောင် အသေးစိတ် လက်ဝင်စွာ ဖေးကူပေးပေသည်။

# အစ္စလာမ်နှင့် ယဉ်ကျေးမှု

**နှစ် ၁၀၀ မပြည့်မီကလေးမှာပင် အစ္စလာမ့်အင်ပါယာကြီးကို တည်ထောင်နိုင်ခဲ့သည်ကို ကြားရပါက အသင်တို့ အံ့ဩသွားကြမှာ အမှန်ပင်။ သမိုင်းတွင် ကာလအတိုဆုံးအဖြစ် မော်ကွန်းပင်တင်ခဲ့ရသည်။ တည်ဆောက်ပြီးနောက်ပိုင်းတွင် ယဉ်ကျေးမှုဘက်၌ တိုးတက်လာမှုကလည်း အံ့မခန်းဖြစ်ရသည်။ သိပ္ပံကမ္ဘာကို ဤယဉ်ကျေးမှုက နှစ် ၁၀၀၀ နီးပါး ဆက်လက် တည်နေစေခဲ့သည်။**

အစ္စလာမ့်ယဉ်ကျေးမှုသည် လျှပ်စီးလက်သည့်အလား မြန်မြန်ဆန်ဆန် အရှိန်အဟုန် မြင့်မြင့်မားမားနှင့် ပြန့်ပွားခဲ့ပုံ၏ နောက်ကွယ်မှ အဓိကတွန်းအားပေးချက်က ဘာဆိုသည်ကို ကျွန်ုပ်တို့ မေးခွန်းထုတ်ကြည့်ဖို့လိုသည်။ ငါးရာစုနီးပါးကာလအထိ ယင်းယဉ်ကျေးမှုမှာ ဘာကြောင့် ဆက်လက်ကြီးထွားလာရပါသနည်း။ ဘာကြောင့် ပြန့်ပွားလာခဲ့ရပါသနည်း။

အစ္စလာမ်မတိုင်မီတုန်းက အာရေဗျကျွန်းဆွယ်သည် ဖွံ့ဖြိုးတိုးတက်မှုဘက်မှာ မသန်ခဲ့ချေ။ ရှေးထုံးဓလေ့ထဲမှာ နစ်နေရပေသည်။ ကျမ်းမြတ်ကုရ်အာန်ကျရောက်လာခဲ့အပြီးတွင် အစ္စလာမ့်သတင်းသဝဏ်သည် အလ္လာဟ်ရှင်ဖန်ဆင်းထားသော ကောင်းချီးမင်္ဂလာတော်များကို ကမ္ဘာမြေ၏ကိုယ်စားလှယ်ဟူသော အခန်းကဏ္ဍအရ လူသားတို့အတွက် အသုံးပြုသွားကြရန် လူကို အစဉ်တစိုက် စဉ်းစားဆင်ခြင်တွေးတောမှုပြုကြရန် လေ့လာဆည်းပူးကြရန်နှင့် သုတေသနပြု ဆန်းစစ်ကြရန် အမြဲတစေ တိုက်တွန်းခဲ့သည်။

''ပြောလော့။ အသိအလိမ္မာဉာဏ်ပညာရှိသူနှင့် အသိအလိမ္မာ ဉာဏ်ပညာ မရှိသောသူတို့သည် တူကြပါသလော။ စင်စစ် မှာကား အသိအလိမ္မာဉာဏ်ပညာရှိသောသူတို့သည်သာလျှင် တရားရယူကြပေသတည်း။'' (ကျမ်းမြတ်ကုရ်အာန် ၃၉း၉)

ရာစုနှစ်များစွာကြာတိုင် ကုရ်အာန်၏ဘာသာစကား(အရဗီ)သည် သိပ္ပံသုတေသနနှင့် တိုးတက်မှုဘက်တွင် ယနေ့ အင်္ဂလိပ်ဘာသာစကားကဲ့သို့ပင် နိုင်ငံတကာလက်သုံး ဖြစ်ခဲ့၏။ ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ နက္ခတ္တဗေဒ သို့မဟုတ် ဆေးပညာရပ်တို့ကို ဥရောပသားတို့မှာ အထူးသဖြင့် စပိန်တက္ကသိုလ်များမှာ တက်ရောက် လေ့လာဆည်းပူး သင်ယူလိုခဲ့ကြသည်။

ပညာကို ဤသို့ အာသာငမ်းငမ်းသင်ယူလိုစိတ်သည် သူတို့၏ဘာသာတရားကို ပဓာနမထားဘဲ သဘောထားကြီးမားစွာ ပညာရှိသူတို့၏ အသိအမှတ်ပြု အားပေးအားမြှောက် ပြုချက်ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

မွတ်စလင်မ်ဓာတုဗေဒပညာရှင်ကြီး ဂျာဗိရ် အိဗ
ဟိုက်ယန်သည် နိုက်ထရစ်အက်ဆစ်ကို တွေ့ရှိခဲ့
အငွေ့ပျံခြင်း စစ်ကဲ့ယူခြင်း၊ နူးညံ့စေခြင်း၊ အရ
ပျော်ခြင်း၊ ပေါင်းခံခြင်း၊ ထုံးခါတ်ဖွဲ့ခြင်း၊ ခရစ္စတ
ဖွဲ့ခြင်းတို့ကို စမ်းသပ် ရှင်းလင်း ဖော်ပြခဲ့သည်။

အလ်ဖဓာရီသည် နက္ခတ္တဗေဒဆိုင်ရာ အရေး အကြီးဆုံးစက်ကိရိယာကို တီထွင်ခဲ့သည်၊ ဒစ်ဂျစ်တယ်ကွန်ပျူတာများ မတီထွင်သေးခင် နှစ်များစွာအရင်က တီထွင်ခဲ့ခြင်းဖြစ်သည်။

အရ်ရာဇီ (ရေဇ
ရောဂါစာတမ်းကို
ရာမှာကျော်ကြေ
ခဲ့သည်။

ဆိုင်းနှင့်ကိုဆိုင်းဟု ဖော်ဆိုချက်ကို အလ်ဗတ္တာနီက ပထမဆုံး သုံးခဲ့ခြင်း ဖြစ်သည်။

၆၁၃ အေဒီ တမန်တော် မုဟမ္မဒ်(ဆွ)၏ ဟစ်ဂျရည်ခရီး

၆၀၀ အေဒီ — ၇၀၀ — ၈၀၀ — ၉၀၀

ခလီဖွာအလ်မာမွန်းက ကမ္ဘာ၏အဝန်းသည် ၂၄၀၀၀မိုင်ရှိသည်ဟု တွက်ချက်ခန့်မှန်းခဲ့ရာ ယနေ့ခေတ်အမီဆုံး နည်းကိရိယာများဖြင့် တိုင်းတာတွက်ကြည့်ချက်နှင့်အင်မတန်နီးစပ်နေပေသည်။

မုဟမ္မဒ်ဗင် မူစာအလ်ခဝါရစ်ဇမီသည် အက္ခရာသင်္ချာကို ဖွံ့ဖြိုးတိုးတက်စေ၍ သူ၏အမည်ကို အလ်ဂိုရီသမ်ဟု တွင်စေခဲ့ သည်။

အရ်ရာဇီသ
နေကြကြော
ကွာခြားလျ
သည်။

ပထမဆုံးဆေးရုံကို ဒမတ်စကတ်မြို့တွင် အေဒီ ၇၀၇ ခုနှစ်တွင်တည်ဆောက်ခဲ့သည်။

## ဆေးပညာ

မွတ်စလင်မ်တို့ကျန်းမာရေး စောင့်ရှောက်မှုကို စိတ်ဝင်စားကြခြင်းမှာ အစ္စလာမ်နှင့်ယင်း၏ သွန်သင်ချက်တို့နှင့် ဆက်နွယ်နေ၍ဖြစ်သည်ဟုတမန်တော်မုဟမ္မဒ်ဩဝါဒရှိသည်။"အလ္လာဟ်ရှင်ကို ဆည်းကပ်ကိုးကွယ်သူခပ်သိမ်းတို့၊ ဆေးဝါးကုသမှု ပြုကြကုန်။ အလ္လာဟ်သည် ရောဂါတစ်ခုအတွက် ကုစားရာဆေးကို မဖန်ဆင်းဘဲမထားရှိခဲ့ချေ။ (အဗူဒါဝူးဒ်ကျမ်း) မွတ်စလင်မ်သမားတော်ကြီးများသည် ဆေးပညာဘက်မှ ထူးကဲသောလုပ်ဆောင်ချက်တို့ကို လုပ်ဆောင်ပေးသွားခဲ့ကြသည်။ ပထမဆုံးဆေးရုံကို ဒမတ်စကတ်မြို့မှာအေဒီ ၇၀၇ ခုနှစ်က ဆောက်လုပ်ခဲ့ကြသည်။ မကြာမီမှာပင် အစ္စလာမ့်မြို့ကြီးများတွင် ဆေးရုံများစွာကိုဆောက်ခဲ့ကြရာ အဓိက ရောဂါရှာဖွေမှု ကုသမှုနှင့်ကြိုတင်ကာကွယ်ရေးတို့ကို ထူးထူးချွန်ချွန် လုပ်ဆောင်ပေးခဲ့သည်။

## သင်္ချာပညာ

မွတ်စလင်မ်သင်္ချာပညာကျော်တို့သည် သင်္ချာပညာရပ်တွင် အရေးပါသော တိုးတက်မှုတို့ကို တီထွင်သွားခဲ့ကြသည်။ ကမ္ဘာသို့ သုညအက္ခရာ သင်္ချာနှင့် အယ်လဂိုရစ်သမ်တို့ကို မိတ်ဆက်ပေးခဲ့သည်။ ဆိုင်းနှင့်ကိုဆိုင်းတို့ကို ပထမဦးဆုံး အသုံးပြုခဲ့ကြသည်။ တြိဂိုနိုမေတြီပညာမှာ သင်္ချာပညာရပ်၏ ထင်ရှားသောပညာရပ်ခွဲတစ်ခုဖြစ်လာခဲ့ရ၏။ ယူကလစ်နှင့် မသက်ဆိုင်သော ဂျီဩမေတြီပညာရပ်ဘက်မှာလည်း အဓိက ဩဇာညောင်းခဲ့ကြသည်။ သူတို့၏ စွမ်းဆောင်ချက်များ ကြောင့်သာ မြင့်မားသော သင်္ချာပညာရပ်၏ တံခါးမကြီး ပွင့်လာခဲ့ရသည်။

## နက္ခတ္တ

"ထိုအရ
ကုန်းမြေ
ရစေခြင်း
ငါအရှင်
သူတို့အ
(ကျမ်းမြ
ချက်များ
တွေ့ရှိခဲ့
မျက်စိဖြ
အမည်မှ
နှစ်၏အ

နေ
ပြီး
သည်
သည်

အဇ်ဇဟ်ရာဝီ (အဗုလ်ကေဆိစ်)သည် မွတ်စလင်မ် သမားတော်တစ်ဦးဖြစ်၏။ ခွဲစိတ်ကိရိယာပေါင်း ၂၀၀ ကျော်ကို စတင်အသုံးပြုခဲ့ရသည်။ ယနေ့ခေတ်သုံးကိရိယာများနှင့် ပုံစံတူရှေ့ပြေးဖြစ်ခဲ့သည်။ လက်ရှိခွဲစိတ်ကုသရာတွင် မင်ဖြင့် ခွဲစိတ်ရာကို အမှတ်အသားပြုခြင်းမှာ ယခင်ခေတ် ခွဲစိတ်ကုလုပ်ထုံးနည်းအတိုင်း ဖြစ်နေပေသည်။

အလ်ဘီရူနီသည် ခေတ်သစ်ပြ…
ပညာကိုဦးစွာအုတ်မြစ်ချခဲ့သူများ…
အပါအဝင်ဖြစ်သည်

က်စ်) သည် ကျောက်
ပထမဆုံးတင်ပြခဲ့
ားထိုးခဲ့ခြင်းလည်းပါဝင်

မွတ်စလင်မ်နက္ခတ္တဗေဒပညာရှင်တို့သည် ဘဂ္ဂဒက်မြို့၏ လောင်ဂျီတွဒ်မှာ ၃၃ ၂၀ ဒီဂရီ ဟုတွက်ပြခဲ့ကြရာ ၁၀ ဒီဂရီမျှသာ လွဲချက်ရှိခဲ့သည်။

အိဗနေစီနာ (အိဗ်နေစီနာ)သည် အတွဲ ၁၄–တွဲရှိသည့် ဆေးပညာကျမ်းကြီးကို ရေးသားခဲ့သည်။ သမိုင်းတွင် အကျော်ကြား ဆုံးဖြစ်ခဲ့ပြီး ဥရောပတွင် နှစ်ပေါင်း ၇၀၀ ကျော် ဆေးပညာရည်ညွှန်းစံကျမ်းကြီးတစ်မူ ဖြစ်ခဲ့သည်။

ဘဂ္ဂဒက်မြို့တွင်ဆေးဝါးကုသခွင့်လက်မှတ်စာစစ်ပွဲအတွက် သမားတော်ပေါင်း ၈၆၉ ဦးလျှောက်ထားခဲ့သည်။

အိဗနေယူနွတ်စ်အလ်မီစရီသည် ချိန်သီးကိုတီထွင်ခဲ့ပြီး ယင်း၏ လူးလာဆန်ခတ်လှုပ်ရှားမှု အထောက်အပံ့များကို တင်ပြသွားခဲ့သည်။

မျက်စိမှ တိမ်ခွဲကုသမှုကို အီရတ်နိုင်ငံမှာ ပထမဆုံး လုပ်ဆောင်ခဲ့သည်။

အဗုလ်ဝဖွာအသည် တတိယမြောက်လမညီမျှမှုကို ရှာဖွေတွေ့ရှိခဲ့ပေရာ ဤအချက်ကို နောက်ပိုင်းနှစ် ၁၀၀၀ နီးပါး အကြာမှ တွေ့ရှိခဲ့သူ ဒင်းနစ်အမျိုးသားနက္ခတ္တဗေဒပညာရှင် တိုင်ချိုဗရာဟို ကိုသာ အမွှမ်းတင်ပြောဆိုနေကြသည်။

၁၀၀၀

အလ်ဘီရူနီက ကမ္ဘာဂြိုဟ်သည်…
ဝင်ရိုးပေါ်မှာ လည်ပတ်နေပုံကို…
သည်။ ကမ္ဘာကြီး၏အဝန်းကို…
ပြခဲ့သည်။ ကမ္ဘာ့ဘယ်အရပ်…
မက္ကာမြို့တည်ရှိရာအရပ်၏လားရ…
နည်းကျ တွက်ချက်ပြခဲ့သည်။

ည် ကြယ်များသည် ရွေ့လျား
င်းနှင့် ကမ္ဘာမြေမှအကွာအဝေး
က်ရှိနေပေသည်ဟု လက်ခံခဲ့

မုဟမ္မဒ်ဗင်အဟ်မဒ်မှာ သုညအယူအဆကို တင်ပြခဲ့သဖြင့် သင်္ချာပညာကို တော်လှန် ပြောင်းလဲပေးခဲ့သည်။ အရဗီဘာသာ စီဖာမှနေပြီး ဒက်စီဖာဖြစ်လာရသည်။ နောက်ပိုင်းနှစ်ပေါင်း ၃၀၀တိုင် ဥရောပသည် ထိုအယူအဆကို သဘောပေါက်ခဲ့ခြင်း မရှိသေးချေ။

…ဗေဒ
…ှင်မြတ်သည် အသင်တို့အဖို့ နက္ခတ်တာရာများကို
…နှင့် ပင်လယ်သမုဒ္ဒရာများ၏ အမှောင်ထုထဲတွင်လမ်းမှန်
…ငှာ ပြုလုပ်ထားတော်မူခဲ့သည်။ စင်စစ်သော်ကား
…မြတ်သည် သက်သေသာဓကတို့ကို သိနားလည်သော
…ဖို့ အသေးစိတ်ရှင်းလင်းဖော်ပြတော်မူသတည်း။
…တ်ကုရ်အာန်–၆း၉၇) မွတ်စလင်မ်များ၏ စွမ်းဆောင်
…အနက် နေ၏ဝင်ရိုးမှကမ္ဘာနှင့်အဝေးဆုံးအမှတ်တို့ကို
…ခြင်းပင်ဖြစ်ပါသည်။
…င့်မြင်ရသည့်ကြယ်တို့၏ ဇယားကိုဆွဲပြခဲ့ပြီး အရဗီ
…ား ပေးခဲ့သည်။ နေနှင့်လဇယားများကို ပြင်ဆင်ပေးခဲ့ပြီး
…ရှည်အလျားကို တွက်ချက်ပေးခဲ့သည်။

## ဓာတုဗေဒ

မွတ်စလင်မ်ပညာရှိတို့သည် အဂ္ဂိရတ်ပညာကို ချေမှုန်းခဲ့ပြီး ခေတ်သစ်ဓာတုဗေဒ၏ အခြေခံတို့ကို တည်ဆောက်ပေးခဲ့သည်။ မွတ်စလင်မ်ဓာတုဗေဒပညာရှင်ကြီးများတွေ့ရှိချက် အများအပြားမှာ ခေတ်သစ်ဓာတုဗေဒလောက၏ အစိတ်အပိုင်းဖြစ်လာခဲ့သည်။ အမှန်စင်စစ်တွင် ဓာတုဗေဒသည် အရဗီမှ အရင်းမူလစတင်ခဲ့သဖြင့် alcohol, camphor, elixir, alkali နှင့် syrup တို့သည် အရဗီအခေါ်အဝေါ်များ ဖြစ်ကြသည်။

## ဂဲဩမေတြီ (ဂျီဩမေတြီ)

ဥရောပသားတို့က ကမ္ဘာကြီးကို ပြားသည်ဟု…
ချိန်မှာ မွတ်စလင်မ်တို့က ကမ္ဘာလုံးပုံကို သုံးပြီး…
ရပ်ကို လေ့လာခဲ့ကြပြီဖြစ်သည်။ မွတ်…
ပညာရှင်ကြီးအလ်အီဒရီစီ ၁၂ ရာစုက ရေးသားခဲ့…
တွင် ''ကမ္ဘာသည် ထုလုံးသဏ္ဍာန်လုံးဝိုင်းနေပြီး…
သည့် ပြောင်းလဲမှုများကို မပေါ်ပေါက်သော…
ညီမျှခြေတစ်ရပ်ဖြင့် နေသားတကျ ထိန်းသိမ်း…
ဆိုထားသည်။ အစ္စလာမ်ဘာသာဝင်တို့၏ ပထ…
စိတ်ဝင်စားမှုမှာ ကမ္ဘာကို အစ္စလာမ့်သတင်းစ…
ပေးရန် တာဝန်မည်ပေ၏။

ဦဂိုနီမေတြိ
တွင်တစ်ဦး

အလ်ဂျဇာရီသည်ပတ်လည်ရွေ့လျားမှုကိုအလျားလိုက်ရွေ့လျားမှုသို့ပြောင်းပေးသည့်ကောက်တံဖြင့် စွမ်းအားကူးပြောင်းစက်ကိုတီထွင်ခဲ့သည်။ ခေတ်သစ် စက်ယန္တရားပညာမှာများစွာ အချက်အချာဖြစ်ခဲ့သည်။ အတွင်း အင်ဂျင်စက်မှာလည်း အရေးပါလှသည်။

အိဗနုနာဖိစ်သည် သွေးလည်ပတ်မှုကို တွေ့ရှိခဲ့သည်ဟု ဆိုစမှတ်ပြုခံရသူ ဆာဝီလျံဟာဗေး မမွေးခင်နှစ် ၃၀၀ အလျင်ကပင် သွေးလည်ပတ်မှုကို ရှင်းပြခဲ့သည်။

ကိုယ်ပိုင်
အဆိုပြုခဲ့
တွက်ချက်
ဒေသမှမဆို
ကို သိပ္ပံ

၁၁၀၀ ၁၂၀၀ ၁၃၀၀ ၁၄၀၀ ၁၅၀၀

အဗုလ်ဟာဆန်အလ်မရာကီရှိသည်နေရာပေါင်း ၁၃၀ ၏ ကိုသြဒီနိတ်စာရင်းကို ပြုစုခဲ့သည်။

အော်တိုမန်ပီရီရီးစ်သည် နာမည်ကျော်အမေရိကတိုက်မြေပုံကို ပြုစုခဲ့ပြီး အန္တာတိကနှင့် တောင်အမေရိကမှ အင်ဒီးစ်တောင်များကို ရှင်းလင်းစွာ ပြသပေးခဲ့သည်။

### စက်မှုသိပ္ပံ


ယုံကြည်ထားခဲ့
ပထဝီဝင် ပညာ
လင်မ်ပထဝီဝင်
သော ကျမ်းထဲ
ရေထုကိုမည်
သဘာဝကျကျ
ပေးထားသည်ဟု
ဝင်ပညာရပ်ကို
ကားကို မျှဝေ

အင်ဂျင်နီယာပညာရပ်မှာလည်း မွတ်စလင်မ်အင်ဂျင်နီယာများသည် အရေးပါသောစွမ်းဆောင်ချက်တို့ကို ဖြည့်ဆည်း ပေးခဲ့သည်။ အလ်ဂျဇာရီသည် အမျိုးအစားကွဲခြောက်ရပ်ထဲတွင် စက်ကိရိယာငါးဆယ်အကြောင်းကို ရှင်းပြထားသည့်စာအုပ်ကို ပြုစုခဲ့သည်။ အခြားကြီးကဲသော လက်ရာတစ်ခုမှာ ဗနူမူဆာ ပြုစုခဲ့သည့် ''တီထွင်ဉာဏ်ကောင်းသည့်စက်ကိရိယာများ'' စာအုပ်ဖြစ်သည်။ ဤကျမ်းတွင် စက်ကိရိယာပေါင်း ၁၀၀ နှင့် ယင်းတို့ကိုအသုံးပြုပုံတို့ပါရှိသည်။ အချို့သောတီထွင်ဉာဏ်များမှာ အခင်၊ ဖော့အခင်၊ တုံ့ပြန်ထိန်းသိမ်းကိရိယာ၊ ပရိုဂရမ်စက်၊ လက်လှည့်ကိရိယာနှင့် အလိုအလျောက်မီးငြိမ်းမီးအိမ်တို့ ဖြစ်သည်။

### ကုန်သွယ်မှု/ငွေကြေး/ငွေဒင်္ဂါး

မွတ်စလင်မ်ကမ္ဘာသည် ကုန်သွယ်မှုတွင် ကြီးမားသောအခန်းကဏ္ဍမှာ ရှိခဲ့သည်။ သမိုင်းဆရာအချို့က တရုတ်နိုင်ငံကန်တုံမြို့ဆိပ်ကမ်းတစ်ခုတည်းမှာပင် ဆိုက်ကပ်ထားသည့် မွတ်စလင်မ်သင်္ဘောပေါင်း ၈၀၀ ရှိသည်ဟု ရေးသားခဲ့သည်။ အစ္စလာမ့်ဒင်္ဂါးများကိုတော့ စကင်ဒီနေးဗီးယား တစ်လွှားမကထိတိုင် တွေ့ရှိကြရသည်။ တစ်ဖက်တွင် မာစီးယားဘုရင်အော်ဖာရက်စ်အမည်နှင့် တစ်ဖက်တွင် မွတ်စလင်မ့်ယုံကြည်ချက်ပါရှိသော အင်ဂလိုဆက်စွန်ရွှေဒင်္ဂါးပင်ရှိခဲ့သည်။ ခေတ်သစ်ချက်လက်မှတ်ဟူသောဘဏ်စကားမှာ အရဗီစကားဆပ်က်မှလာခြင်းဖြစ်သည်။ အန္တရာယ်များသောဒေသများသို့ ငွေကြေးများစွာနှင့် ဖြတ်သန်းသွားရန် အန္တရာယ်ရှိသဖြင့် ကုန်ပစ္စည်းများ တန်ဖိုးပေးချေကတိစာလွှာကို ဆပ်က်ဟုခေါ်သည်။





၉




# သဘာဝပတ်ဝန်းကျင်

အစ္စလာမ်ဘာသာတရားတွင် လူနှင့်သဘာဝပတ်ဝန်းကျင်အကြား ဆက်ဆံရေးမှာ ကမ္ဘာမြေဝယ် ရှိရှိသမျှအရာခပ်သိမ်းကုန်သည် အလ္လာဟ်အရှင်ကို ဆည်းကပ်ကိုးကွယ် ခဝပ်နေကြသည်ဟူသောအချက်ကို အခြေခံထားပါသည်။



ဤခဝပ်မှုဟူသည်ကား သမားရိုးကျခဝပ်ပုံခဝပ်နည်းမျိုးမဟုတ်ဘဲ လုပ်ဆောင်မှုများ အဖြစ်အသွင်ကူးထားပါသည်။ ဤသည်ကားသဘာဝပတ်ဝန်းကျင်ကို ဖျက်လိုဖျက်ဆီးမပြုခြင်းသည် မွတ်စလင်မ် ယုံကြည်ချက် အစိတ်အပိုင်းဖြစ်သည်ဟု ဆိုလိုပါသည်။ ထို့အပြင် ဤကမ္ဘာ့သဘာဝပတ်ဝန်းကျင်၏ အခြားတခြားသော နေထိုင်သူတို့၏ ကောင်းရာကောင်းကျိုးနှင့် စားနပ်ရိက္ခာအတွက် လူသားမှာတာဝန်ရှိနေသလို သတ္တလောကနှင့် ရုက္ခလောကတို့မှာလည်း ယင်းတို့၏သဘာဝပတ်ဝန်းကျင်ကို မဖျက်ဆီးနိုင်ကြစေဖို့နှင့် မပျက်သုဉ်းသွားစေနိုင်ကြဖို့ဖြစ်သည်။



# သစ်ပင်တို့ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်း

တမန်တော်မုဟမ္မဒ်သည် စိုက်ပျိုးရေးအရင်းအမြစ်တို့ကို တိုးပွားစေရန်နှင့် အကျိုးပြုသော သဘာဝပတ်ဝန်းကျင်ကို ပိုမို ကောင်းမွန်စေရန်အတွက် လယ်ယာစိုက်ပျိုးရေးကို အားပေးအားမြှောက်ပြုတော်မူခဲ့ပါသည်။



တမန်တော်မြတ်ကြီးက ''မွတ်စလင်မ်တစ်ဦးသည် ပျိုးပင်တစ်ပင် သို့မဟုတ် အပင်တစ်ပင်ကို စိုက်ပျိုးသည့်အခါတိုင်း လူ၊ တိရစ္ဆာန်နှင့် အခြားတစ်စုံတရာရာအတွက် ယင်းမှ စားစရာကို ရရှိစေရကား ဤအတွက် သူ့အဖို့ ကုသိုလ်အကျိုး မုချရရှိစေမှာဖြစ်သည်''ဟူ၍ မိန့်တော်မူခဲ့ပါသည်။

**တမန်တော်ကြီးသည် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းမှုဘေးမဲ့တောကို ပထမဦးဆုံး**
**တည်ဆောက်ခဲ့သူဖြစ်သည်။**
**ဘေးမဲ့တောမှ အပင်တို့ကို မခုတ်ရ။**
**တိရစ္ဆာန်တို့ကို**
**မသတ်ဖြတ်ရချေ။**

ထို့အပြင် မဒီနာတစ်မြို့လုံးတွင် မည်သည့် သစ်ပင်ကိုမျှ မခုတ်လှဲစေရန် ကုလားအုတ် မောင်းနှင်နိုင်ရန် သုံးသည့် အတိုင်းအတာထက် ပိုပြီးကြီးသည့် အဘယ်အပင်ကိုမှမခုတ်ရဟု ကာကွယ်စောင့်ရှောက်ခဲ့သည်။ ''ယင်းသည် ဘေးမဲ့ဒေသဖြစ်ရကား လူတစ်ဦးအဖို့ ကုလားအုတ် အစာအတွက်မှတစ်ပါး ယင်းမှဘယ်သစ်ပင်ကိုသော်မျှ မခုတ်လှဲရ'' ဟူ၍ ကိုယ်တော် မိန့်ခွဲခဲ့သည်။

''မဒီနာမြို့တော်၏ တောင်ယံနှစ်ခုအကြားရှိ ဘယ်အပင်ကိုမျှ မခုတ်ကြရဟူ၍ ငါကိုယ်တော်တားမြစ်ခဲ့သည်ဟူ၍ သခင်က မိန့်ဆိုခဲ့ပါသည်။'' (ဗုခါရီကျမ်းမှ)

# ရေ

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရေးနှင့် ယင်းကို ဖောက်ပြန်ပျက်စီးစေမှုအပေါ် ပြင်းပြင်းထန်ထန် ဆိုထားချက်တို့မှာ ကောင်းမွန်သည့် လူ့အဖွဲ့အစည်းဝင် နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ဖြစ်ပါသည်။

''သို့ပါ၍ အသင်တို့အလျင်က ရှိဖူးခဲ့ကြသော သာသနာဝင်လူစုတို့တွင် ငါအရှင်မြတ် ကယ်ဆယ်တော်မူခဲ့သော လူအနည်း အကျဉ်းတို့မှလွဲလျှင် ကမ္ဘာမြေပြင်ကို ပျက်စီးရာပျက်စီးကြောင်း ပြုနေသူတို့ကို တားမြစ်ပိတ်ပင်ကြမည့် ဉာဏ်တော်အမြင်ရှိသူ တို့ အဘယ်ကြောင့် မရှိခဲ့ကြဘိသနည်း။''


(ကျမ်းမြတ်ကုရ်အာန် – ၁၁း၁၁၆)

''စီးတွေခြင်းမရှိသည့်ရေတွင် မည်သူသည်မျှ ကျင်ငယ်မစွန့်ရ''။

(ဗုခါရီကျမ်း)

''လူတို့၏ကျိန်စာထိုက်သင့်မည်ဖြစ်သောလုပ်ရပ်သုံးခုမှာ ရေအရင်းအမြစ်တွင်လည်းကောင်း၊ လမ်းများပေါ်တွင် လည်းကောင်း၊ အရိပ်ရနေရာတို့တွင်လည်းကောင်း မစင်စွန့်ခြင်းဖြစ်သည်။'' (အဗူဒါဝူးဒ်ကျမ်း)

ရေအရင်းအမြစ်များ၊ လမ်းများနှင့် ယေဘုယျပတ်ဝန်းကျင်၏ အခြားသောနေရာဒေသများကို ညစ်ညမ်းစေခြင်းမှ တားမြစ်ထားချက်ဆိုင်ရာ အချို့သော အစ္စလာမ့်ပညတ်ချက်များ ရှိနေလေရာ ယင်းတို့သည် ပတ်ဝန်းကျင်ကို ကျန်းမာသန့်စွင်းမှုနှင့် ညီညွတ်စေပြီး ညစ်ညမ်းမှုမှ ကင်းစင်စေပါသည်။ ပတ်ဝန်းကျင်ကို ကာကွယ် စောင့်ရှောက်ခြင်းနှင့် ယင်းကို ဖောက်လွဲဖောက်ပြန် မဖြစ် လေရအောင် တော်တည့်မှန်ကန်သော လူ့အဖွဲ့အစည်းဝင် မြို့သားတိုင်း အတွက် တာဝန်တစ်ရပ်ဖြစ်သည်ဟု အထူး ကြပ်ကြပ် မတ်မတ် ပညတ်ထားလေသည်။






# တိရစ္ဆာန်များကို ကြည့်ရှုစောင့်ရှောက်ခြင်း

**အိမာမ် အိဗနေဟာဗမ်က ၎င်း၏မုဟလ္လာကျမ်းတွင် ဤသို့ဆိုသည်။**
**“တိရစ္ဆာန်များကို ဒါနပြုပေးခြင်းသည် ကုသိုလ်ထူး၏။ ဘာသာတရား ကိုင်းရှိုင်းရမည်၏။ အကြွင်းသူတစ်ဦးသည် တိရစ္ဆာန်တို့၏ ကောင်းရာကောင်းကျိုးအတွက် ဖေးကူခြင်းမရှိပါသော် အပြစ်ထိုက်၏။ အနန္တစွမ်းအားတော်ရှင် အလ္လာဟ်ကို ပုန်ကန်ထောင်ထားရာ တရားမဲ့ရာ ကျချေသည်။”**

တိရစ္ဆာန်တစ်ကောင်ကို အစာရေစာမပေးဘဲ ထားပါသော်၊ သီးပင်စားပင်တို့ကို ရေမပေးဘဲ ပစ်ထားပါသော်၊ အလ္လာဟ်ရှင် ကိုယ်တော်တိုင် ဗျာဒိတ်ခြွေထားချက်အရ ကမ္ဘာမြေကိုဖောက်လွဲ ဖောက်ပြန်ပြုရာမည်၏။ အပင်များနှင့် ဇီဝ မျိုးဆက်ကို ဖျက်ဆီး ပစ်ရာရောက်၏။

‘‘ပြည့်တန်ဆာတစ်ဦးမှာ လမ်းသွားရင်း ရေတွင်းတစ်ခုအနီးတွင် ရေဆာလောင်ငတ်မွတ်ပြီး သေလုမျောပါးဖြစ်နေသော ခွေးတစ်ကောင်ကိုမြင်သဖြင့် သူ့ဖိနပ်ကိုချွတ်ပြီး ခေါင်းခြုံထည်ဖြင့် ရေကိုကြိုးစားငင်ယူကာ ခွေးကို ရေတိုက်ခဲ့သည်။ ဤကောင်းသော လုပ်ရပ်ကြောင့် အလ္လာဟ်ရှင်သည် သူ့အပြစ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူလိုက်၏။’’

(ဗုခါရီကျမ်း)

‘‘သက်ရှိတိရစ္ဆာန်တစ်ကောင်ကို အပျော်သက်သက် တောလိုက်ပြီး သတ်ဖြတ်သူကို တမန်တော်မြတ် ရှုစိမ့်တော်မမူချေ’’

(မွတ်စလင်မ်ကျမ်း)

‘‘တမန်တော်မြတ်ကြီးသည် တိရစ္ဆာန်တစ်ကောင်နှင့်တစ်ကောင်ကို ရန်တိုက်ပြီးကစားခြင်းကို တားမြစ်တော်မူသည်။’’

(အသ်တိရ်မေဇီကျမ်း)



# မြို့ပြများကို သန့်ရှင်းအောင်ထားခြင်း

တမန်တော်မုဟမ္မဒ်သည် လူထုကြီးအား မိမိတို့၏မြို့များကို သန့်သန့်ရှင်းရှင်းထားကြ၊ မညစ်ပတ်စေနှင့်ဟု တိုက်တွန်းတော်မူသည်။ ''ကျွန်ုပ်၏အမျိုးသားများအဖို့ရာ ကောင်းမှုကအဘယ်နည်း၊ ပြစ်မှုက အဘယ်နည်းဆိုသည်ကို ပြသထားခြင်းခံရပေသည်။ လူတို့၏ ကောင်းမှုကုသိုလ်များထဲတွင် လူအများသွားလာရာလမ်းမှ ဘေးဖြစ်စေမည့် အရာဝတ္ထုတို့ကို ဖယ်ရှားပေးခြင်းသည်လည်း ကောင်းမှု မည်ပေသတည်း။ ယုံကြည်ချက်၏ အခက်အလက်ပေါင်း ခုနစ်ဆယ်ကျော်ရှိရာမှာ အသေးဆုံးအချက်မှာ လမ်းပေါ်မှဘေးဖြစ်စေမည့်အရာကို ဖယ်ရှားပေးခြင်းပင် ဖြစ်သည်။'' (မွတ်စလင်မ်ကျမ်း)



# လူ့အခွင့်အရေး

တမန်တော်မုဟမ္မဒ်သည် လူတစ်ဦးချင်းကိုရော လူ့အဖွဲ့အစည်းကိုပါ ထိခိုက်အန္တရာယ်ပြုခြင်းကို တားမြစ်တော်မူသည်။ ကိုယ်တော်က ဤသို့သြဝါဒ ခြွေတော်မူထားသည်။

''မိမိကိုယ်ကိုသော်လည်းကောင်း၊ သူတစ်ပါးတို့ကိုသော်လည်းကောင်း၊ ဘေးဥပါဒ်ပေးခြင်းမပြုကြကုန်လင့်။'' (အိဗနုလ်မာဂျာ)

ကိုယ်တော်သည် ဘယ်အိမ်နီးချင်းကိုသော်မျှ ဒုက္ခမပေးကြရဟု တားမြစ်ထားတော်မူသေးသည်။ အိမ်နီးချင်းဆိုရာ၌ ဒေသတွင်းရော၊ အများပြည်သူနှင့်ရော၊ ခရီးသွားလာမှာရော၊ ပြည်သူများဝင်ထွက်ရာနေရာဌာနမှာရော၊ ရုံးတွင်းမှာရော အကျုံးဝင်သည်။ ''အလ္လာဟ်အရှင်နှင့် တရားစီရင်မည့်နေ့တို့ကို ယုံကြည်သူဆိုပါက မိမိ၏အိမ်နီးချင်းကို ဒုက္ခမပေးသင့်ချေ'' ဟု ကိုယ်တော်က သြဝါဒခြွေထားသည်။ (အလ်ဗုခါရီကျမ်း)

၈



# အစ္စလာမ်နှင့်
# လူ့အခွင့်အရေးများ



**အစ္စလာမ်မထွန်းကားခင်တုန်းက ဩဇာအာဏာရှိသူတို့သည်
ချို့တဲ့သူတို့၏အခွင့်အရေးများကို အလွဲသုံး စားပြုကြသည်။
အမျိုးသမီးများကို ကိုယ်ပိုင်ပစ္စည်းများ ပမာပြုခဲ့ကြသည်။
ကလေးများကို မွေးမွေးချင်းမှာပင် သတ်ဖြတ် ပစ်ခဲ့ကြသည်။
အစောင့်အရှောက်အကာအကွယ်မဲ့နေသူတို့ကို
ကျွန်သဘောက်များပမာ ဆက်ဆံပြုမူခဲ့ကြသည်။**

လူ့အဖွဲ့အစည်းအတွင်းမှ လူ့အသိုင်းအဝိုင်းဝင်အုပ်စုတို့တွင် ပျော့ကွက်အားနည်းချက်ရှိလာမှုကြောင့် အစ္စလာမ်သည် လူ့အခွင့်အရေးများနှင့် လူသားတို့နှင့် ဆက်ဆံရေးဆိုင်ရာတို့နှင့် ပတ်သက်ပြီး အင်မတန်မှ ပြီးပြည့်စုံသော ဥပဒေလမ်းညွှန်တို့ကို ချမှတ်ပေးခဲ့သည်။

အစ္စလာမ်သည် ဤစက်ဆုပ်ဖွယ်ရာ ဓလေ့အပြုအမူတို့ထဲမှ အများအပြားကို တရားမဝင်ကြောင်း ကြေညာခဲ့သည်။ ညှဉ်းပန်းနှိပ်စက်မှု အများဆုံးခံစားကြရသူတို့ကို ဂုဏ်သိက္ခာတင်ပေးခဲ့သည်။

အစ္စလာမ်သည် လူတစ်ဦးမှတစ်ဦး လူ့အခွင့်အရေးများကို ဥပဒေပြုပေးခဲ့သည်။ လူသားအားလုံး သာတူညီမျှဖြစ်အောင် တွန်းအားပေး ခဲ့သည်။ ယောကျ်ားနှင့်မိန်းမတို့အကြား သာတူညီမျှဆိုသည်ကို လူသားထု ကြီးကို သတိပေးခဲ့သည်။ အရပ်နှင့် အရပ်မဟုတ်သူတို့အကြား အသားအရောင် ခွဲခြားမှုအပေါ် အလေးမထားဘဲ အစ္စလာမ်က အလ္လာဟ်ကို ချစ်စိတ်နှင့် ဘာသာတရားကိုင်ရှိုင်းမှုတို့အပေါ် အခြေခံပြီးသာ ကြီးကဲမြင့်မြတ်မှုကို တိုင်းတာစေခဲ့သည်။

# အစ္စလာမ်နှင့်အမျိုးသမီး

**ကမ္ဘာတစ်လွှားရှိလူအတော်များများက မိန်းမသား ကိုလူဟူ၍ လက်မခံဘဲ ငြင်းပယ်ခဲ့ကြသည့် ခေတ်ကြီးအတွင်း မှာ အစ္စလာမ်ဘာသာတရားကို ထုတ်ပြန်ပို့ချပေးခဲ့ခြင်း ဖြစ်သည်။ မိန်းမသားကို လူ့ထက်အောက်တန်းကျသည်။ လူဟူ၍မခေါ်အပ်ဟု ဘယ်သို့ပင်ခံယူထားကြသည်ဖြစ်စေ မိန်းမဟူသည် ပုရိသ ယောကျ်ားများ၏ ပြုသမျှနုရသည့် စေစားခံအရာတစ်ခုအဖြစ် မှတ်ယူ ထားကြဆဲ ရှိနေသေးသည်။**



အရိုင်းဆုံးလူ့အဖွဲ့အစည်းက တစ်စတစ်စ တိုက်စားပစ်ခဲ့သော အမျိုးသမီးတို့၏ အခွင့်အရေးများကို အစ္စလာမ်က ပြန်လည်ပေးအပ်ခဲ့သည်။ အမျိုးသမီးဂုဏ်ရည်နှင့် လူအဖြစ်ကို ပြန်လည်ရှင်သန်စေခဲ့ပြီး ယောကျ်ားနှင့် တန်းတူအဆင့်ကို ရရှိလာစေခဲ့သည်။ သမီး မိန်းကလေးမွေးလာပါက သတ်ပစ်သည့် ဓလေ့ဆိုးကြီးကို ချေမှုန်းပစ်ခဲ့သည်။ ယခင်က မရှိခဲ့ဖူးသည့် မိန်းမသားတို့၏ အမွေဆက်ခံပိုင်ခွင့် အခွင့်အရေးတို့ကို ရရှိစေခဲ့သည်။ အခြားအခြားသောအရာများအဖြစ် အမျိုးသမီးများကို ပုဂ္ဂလဓနဥစ္စာပိုင်ဆိုင်ခွင့်ကိုပေးခဲ့သည်။ ဤအတွက်ကြောင့် သူတို့ပိုင်ငွေကြေးနှင့် ဓနဥစ္စာတို့ကို ယင်းမိသားစုဝင်တို့သုံးဖြုန်းခွင့်မရှိချေ။ မိန်းကလေးဘက်မှ သဘောမတူပါက ထိမ်းမြားခွင့်ကို ပယ်ဖျက်ပိုင်ခွင့်ပေးခဲ့သည်။ ထိမ်းမြားပြီးသည့် နောက်ပိုင်းမှာလည်း သူ၏အပျိုစင်ဘဝက နာမည်ကို ဆက်လက်ထားပိုင်ခွင့်ရှိသည်။ ယခုဆို မိန်းကလေးဘက်က ကွာရှင်းပိုင်ခွင့်ရှိနေပြီ။ ပညာသင်ကြားခွင့်၊ မဲဆန္ဒပေးခွင့် စသည့်အခွင့်အရေးတို့ကများမှ များပြားလှပေရကား မိန်းမသားတို့မှာ တန်းတူရည်တူ ရပ်တည်ခွင့် ရလာခဲ့သည်။ အချို့အချို့သော ကဏ္ဍမှာပင်လျှင် မိန်းမတို့၏ အဆင့်အတန်းက အမျိုးသားများထက်ပင် သာလွန်နေပေသေးသည်။

အဗူဟုရိုင်ရဟ်သခင် ဆင့်ပြန်ခဲ့သည်မှာ လူတစ်ဦးမှာ တမန်တော်မုဟမ္မဒ်ထံရောက်ရှိလာပြီး၊ ''အို– အလ္လာဟ်၏ တမန်တော်ကျွန်တော်မျိုးအဖို့ရာ လူသားထုအတွင်းဝယ် အကောင်းဆုံးအကြင်နာထား ဆက်ဆံသွားရမည့်သူမှာ မည်သူနည်းဟု မေးလျှောက်လာရာ ကိုယ်တော်က ''အသင်၏မိခင်ပင်'' ဟုဖြေကြားတော်မူခဲ့သည်။ ''ယင်းအပြင်



ဘယ်သူရှိသေးပါသနည်း''ဟုထပ်မံမေးလျှောက်ခဲ့ရာမှာလည်း ''အသင်၏မိခင်ပင်''ဟု ကိုယ်တော်ဖြေဆိုခဲ့သည်။ ''နောက်ထပ် မည်သူရှိပါသေးသနည်း'' ဟု မေးလျှောက်လာပြန်ရာ ကိုယ်တော်က ''အသင်၏မိခင်ပင်''ဟုဖြေကြားတော်မူခဲ့သည်။ ထပ်ပြီး ''အမေအပြင် အခြားမည်သူ ရှိသေးပါသနည်း'' ဟု လျှောက်ထားလာပြန်ရာ ကိုယ်တော်က ''အသင်၏ဖခင်ပင်ဖြစ်သည်'' ဟူ၍ဖြေကြားတော်မူလိုက်သည်။ (အလ်ဗုခါရီနှင့် မွတ်စလင်မ်ကျမ်း)

များစွာသောအခွင့်အရေးတို့ကို အမျိုးသမီးများအား အနောက်တိုင်းကပေးလာခဲ့သည်ကပင် မကြာခင်ကာလတွေတုန်းကမှ ဖြစ်သည်။ ဥပမာပီပီပြင်ပြင်ပြရမည်ဆိုပါမူ မိမိပိုင်ဥစ္စာပစ္စည်းကို ပိုင်ဆိုင်ခွင့်၊ မိမိသေတမ်းစာကို မိမိဖာသာစီစဉ်ပိုင်ခွင့်နှင့် မိန်းမသားဘက်မှ ကွာရှင်းပိုင်ခွင့်တို့ကို ၁၉ရာစုကျမှသာ ဥပဒေအရ လုပ်ခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် မွတ်စလင်မ်ကမ္ဘာမှအပဖြစ်သောတချို့သော လူ့အဖွဲ့အစည်းများတွင် ဓလေ့ထုံးစံမှားများကြောင့် မိန်းကလေးမွေးလာပါက ယခုထိဝန်ထုပ်ဝန်ပိုး အဖြစ်သတ်မှတ်နေဆဲရှိသေးသည်။ ကိုယ်ဝန်ဖျက်ချခြင်းနည်းဖြင့် သမီးလေးများကို လက်စတုံးသတ်ဖြတ်နေကြသည်။ ဤအတွက်ကြောင့် ဤသို့သော လူ့အစုအဝေးများတွင် အမျိုးသားဦးရေက အမျိုးသမီးဦးရေထက် အဆမတန်ပင် တိုးတက်မြင့်မားနေရပေသည်။

ကျမ်းတော်မြတ်ကုရ်အာန်၏အောက်ပါ ပါဒတော်အားဖြင့် အစ္စလာမ်၏အမျိုးသမီးအဆင့်အတန်းဆိုင်ရာအမြင်ကို တိတိတုတ်တုတ်ထိထိမိမိ သိရှိနိုင်ပေသည်။

''သို့ဖြစ်ပေရာ ထိုသူတို့၏အရှင်မြတ်က ၎င်းတို့တစ်တွေအား အသင်တို့အနက်မှအလုပ်လုပ်သူတစ်ဦးဦးအဖို့ရာ ထိုသူမှာယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ်၊ သူ့လုပ်ရပ်တစ်စုံတစ်ရာရာနှင့်ပတ်သက်ပြီး ဆုလာဘ်ကိုလက်လွတ်ဆုံးပါးစေတော်မူမှာမဟုတ်ပြီ။ အသင်တို့ကား အချင်းချင်းတစ်ဦးနှင့်တစ်ဦး (ကျားမမဟူ) တန်းတူညီတူပင်ဖြစ်ချေသတည်း''ဟု မိန့်တော်မူသည်။ (ကျမ်းမြတ်ကုရ်အာန်–၃း၁၉၅)

**မွေးကင်းစသမီးလေးကို သတ်ဖြတ်ပစ်ခြင်းကို တရားမဝင်ကြောင်း ကြေညာခဲ့ပြီး ယခင်ယခင်က မရှိခဲ့သော အမျိုးသမီး တို့နှင့်ပတ်သက်၍ အမွေရပိုင်ခွင့်ကိုလည်း ပေးအပ်ခဲ့သည်။**

# အစ္စလာမ်တွင် ကလေးသူငယ်များ၏ အခွင့်အရေးများ

**အစ္စလာမ်မထွန်းကားခင်က ကမ္ဘာ့ဒေသအသီးသီးမှာ လူမဆန်လှသည့် စရိုက်ဆိုးများစွာ ထွန်းကားနေခဲ့ပေရာ ယင်းတို့အနက် စရိုက်ဆိုးတစ်ခုမှာ ကလေးသူငယ်များကို သတ်ဖြတ်ပစ်ခြင်းဖြစ်ပါသည်။ မွေးဖွားပြီးခဏတွင်းမှာ သတ်ပစ်ခဲ့ကြခြင်း ဖြစ်သည်။**

ဤအပြုအမူကို ဆင်းရဲငတ်မွတ်မှုကို ကြောက်ရွံ့၍လည်းကောင်း၊ နတ်ဘုရားများကို ယဇ်ပူဇော်ပသသည့် အနေနှင့်လည်းကောင်း၊ သမီးမိန်းကလေးဖြစ်နေ၍ လူမှုနယ်ပယ်မှာ သိက္ခာကျမှာစိုး၍လည်းကောင်း သတ်ဖြတ်ခဲ့ကြခြင်း ဖြစ်ပါသည်။

အစားအစာကျွေးမွေးခွင့်၊ အဝတ်အထည်ဆင်ယင်ပိုင်ခွင့်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခွင့်၊ မိဘတို့ဘက်မှ သားသမီးများကိုချစ်ခင်ကြင်နာစွာယုယပိုက်ထွေးမှုနှင့် အမွေဆက်ခံပိုင်ခွင့်တို့ကိုပေးခဲ့သည်။

“ ပြောလော့။ အသင်တို့လာကြကုန်။ အသင်တို့၏အရှင်သခင်က အသင်တို့၏အပေါ်၌ တားမြစ်ထားသည့် အရာတို့ကို ကျွန်ုပ် ရွတ်ဖတ်ပြပါအံ့။ ယင်းတို့မှာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ မည်သည့်အရာကိုမျှ မကိုးကွယ်ကြကုန်လင့်။ ၎င်းပြင် (အသင်တို့သည်) မိဘနှစ်ပါးနှင့်ကောင်းစွာ ဆက်ဆံကြကုန်။ ၎င်းပြင် မိမိတို့၏ သားသမီးများကို ဆင်းရဲမှုကြောင့် မသတ်ဖြတ်ကြကုန်လင့်။”

(ကျမ်းမြတ်ကုရ်အာန် –၆း၁၅၁)

ထို့အပြင် ကလေးတို့၏စိတ်နေစိတ်ထားကိုပြုစုပျိုးထောင်ပေးကြရမည်။ ကလေးတို့၏နှလုံးသားမှာ ယုံကြည်ချက်ကို ပြည့်ဝသွားစေရ



ပါမည်။ ကလေးတို့၏စိတ်မှာ မှန်ကန်သောလမ်းညွှန်ပြသမှုကို ဖြည့်သွင်းပေးရမည်။ အသိပညာဗဟုသုတတို့ကို တိုးပွားအောင်ပြုပေးရမည်။ ကလေး၏ကြီးထွားဖွံ့ဖြိုးမှုတွင် မရှိမဖြစ်အရေးပါလှသည့် ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းတို့ ပြည့်ဝနေစေရပါမည်။


‘‘အလ္လာဟ်အရှင်ကို ကြောက်ရွံ့ကြလော့။ အသင်တို့တစ်တွေ၏ သားသမီးများကို (ကြီးသည်ငယ်သည် မရွေးဘဲ) တရားမျှတမှုအသိဖြင့် တစ်ပြေးညီ ကောင်းမွန်မှန်ကန်စွာ ဆက်ဆံပြုမူသွားကြကုန်လော့။’’

(ဗုခါရီကျမ်းနှင့်မွတ်စလင်မ်ကျမ်း)

**ကျမ်းမြတ်ကုရ်အာန်သည်
လူမဆန်မှုခပ်သိမ်းကို ပယ်ဖျက်ခဲ့ပြီး
ကလေးသူငယ်တို့ကို အခွင့်အရေး
အများအပြား ပေးခဲ့သည်။**



# အစ္စလာမ်တွင် လူ့အခွင့်အရေးများနှင့် လူ့နည်းစုအခွင့်အရေးများ




**လွန်ခဲ့သည့် ဆယ့်လေးရာစုကတည်းကပင် လူသားတို့ကို လူ့အခွင့်အရေးဆိုင်ရာ စံယူစရာဥပဒေသကြီးကို ချပြပေးခဲ့ ပေသည်။ ဤအခွင့်အရေးများက လူသားထုတစ်ရပ်လုံးသို့ ဂုဏ်သိက္ခာနှင့်လူ့ဂုဏ်ရည်တို့ကို ချီးမြှင့်ပေးခဲ့ပေသည်။ ခေါင်းပုံဖြတ်မှု၊ မတရားဖိနှိပ်ညှဉ်းပန်းမှုနှင့် မတရားမှုတို့ကို အမြစ်ပြတ်သုတ်သင်ပေးခဲ့သည်။**

ယင်းတို့ကို ပထမဆုံးသော လူ့အခွင့်အရေးကြေညာချက်ဖြစ်သော မြတ်တမန်မုဟမ္မဒ်၏ နောက်ဆုံးမိန့်ခွန်းကြီးထဲတွင် အတိုချုပ်အနှစ်အသားအဖြစ် တွေ့ရှိကြရသည်။ ဤအခွင့်အရေးများသည် မွတ်စလင်မ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ အလ္လာဟ်အရှင်ဘက်က ချီးမြှင့်ပေးတော်မူထားသည့် သူတို့တစ်တွေ၏ အခွင့်အရေးများပင်ဖြစ်သည်။

''လူသားအားလုံးပင် အာဒမ်နှင့်ဧဝတို့မှ ဆင်းသက်လာကြ၏။ အရဗ်သည် အရဗ်မဟုတ်သူထက် ပိုပြီးမမြတ်၊ အရဗ်မဟုတ်သူသည်လည်း အရဗ်လူမျိုးထက် ပို၍မမြတ်၊ လူဖြူသည် လူမည်းထက်မသာ၊ လူမည်းသည်လည်း လူဖြူထက် မသာချေ။ တရားတော်ကိုသိကာ အကျင့်သီလမြင့်မားပြီး ကောင်းရာကိုပြုကျင့်သူတို့သည်သာ မြင့်မြတ်သည်ဖြစ်၏။''

(နောက်ဆုံးမိန့်ခွန်းမှ ကောက်နုတ်ချက်)

လူ့အခွင့်အရေးခပ်သိမ်း၏ အရင်းမူလအစ ပင်မတည်း။ ကောင်းကင်ကျဥပဒေသများဖြစ်ပေရကား မည်သို့သော အုပ်ချုပ်သူဘုရင်ကေရာဇ်ကသော်မျှ၊ မည်သည့်အစိုးရကသော်မျှ၊ မည်သည့်လွှတ်တော်၊ မည်သည့်အခွင့်အာဏာကသော်မျှ အလ္လာဟ်ရှင်က ချီးမြှင့်ထားတော်မူသော အခွင့်အရေးများထဲမှ ဘာကိုမျှ တစ်စုံတစ်ရာသောနည်းလမ်းဖြင့် ဖြတ်တောက်လျှော့ချခြင်းပြု၍မရချေ။ ချိုးဖောက်၍မရချေ။ မကျိုးနွံမနာခံဘဲ နေ၍မရချေ။





## အစ္စလာမ်တွင် လူ့အခွင့်အရေးဆိုသည်မှာ အလ္လာဟ်တစ်ပါးတည်းကိုသာ ယုံကြည်မှုအပေါ် အမြစ်တွယ်နေပေသည်။ ဤအလ္လာဟ်သည်ပင် ဥပဒေကိုချမှတ်ပေးသော အရှင်တည်း။

မွတ်စလင်မ်လူ့အဖွဲ့အစည်းအတွင်းတွင် နေထိုင်နေကြသည့် မွတ်စလင်မ်မဟုတ်သူတို့နှင့် ပတ်သက်၍လည်း ဤလူ့ အခွင့်အရေးများကိုပင် အကောင်အထည်ဖော် သက်သေပြရမှာ ဖြစ်၏။ တမန်တော်မြတ်ကြီးသည် မဒီနာရွှေမြို့တော်ရှိ လူမမာများထံ သတင်းမေးသွားလေ့ရှိရာ ဂျူးများနှင့် မွတ်စလင်မ်များအားလုံးထံသွားခဲ့သည်။ ဆေးရုံများမှာ လူမျိုးဘာသာနှင့် အလွှာအဆင့် မရွေးဘဲ အားလုံးကို တက်ရောက်ကုသခွင့်ပေးခဲ့သည်။ အစိုးရအဆင့်မှာလည်း ခရစ်ယာန်ဘာသာဝင်များနှင့် ဂျူးဘာသာဝင်တို့မှာ ဘာသာရေးအရရော လူမှုအဆင့်အရရော မြင့်မားသော ရာထူးဌာနနေရာတို့ကို ရရှိကြသည်။ တမန်တော်မြတ်အပါးမှ ဂျူးအသုဘတစ်ခုချသွားခိုက်မှာ တမန်တော်မြတ်သည် ဂုဏ်ပေးလေးစားသမှုဖြင့် မတ်တတ်ထရပ်တော် မူခဲ့သည်။ ခရစ်ယာန်များနှင့် ဂျူးတို့သည်မွတ်စလင်မ်တို့၏ကျောင်းများ၊ကောလိပ်များနှင့် တက္ကသိုလ်များတွင် ပညာသင်ကြားခွင့်ရှိခဲ့ပြီး နိုင်ငံတော်စရိတ်ဖြင့် အချို့ကို အဆောင်နေခွင့်ပင် ပေးခဲ့သည်။ သူတို့ကလည်း မွတ်စလင်မ်များနှင့်အတူ စပိန်ဘာသာခြားနှိပ်ကွပ်မှုဘေးမှ ထွက်နိုင်ခဲ့ကြရပေရာ မွတ်စလင်မ် စပိန်မှာတုန်းက နှစ်ပေါင်း ၇၀၀ ကျော် သဟဇာတရှိရှိ ငြိမ်းငြိမ်းချမ်းချမ်း အောင်မြင်ကြီးပွားစွာ နေထိုင်နိုင်ခဲ့ကြသည်။

''မည်သူမဆို လူ့အဖွဲ့အစည်းအတွင်းမှာ လူ့အသက်ကိုလည်း မသတ်ခဲ့၊ တိုင်းပြည်အတွင်း ဆူပူသောင်းကျန်းမှုလည်း မပြုခဲ့ပါဘဲလျက် အပြစ်မဲ့သူတစ်ဦးကို သတ်ဖြတ်ခဲ့ပါက လူသားအားလုံးကို သတ်ဖြတ်ရာနှင့်တူ၏။ အပြစ်မဲ့လူတစ်ဦးကို အသက်ဘေးမှကယ်တင်ခဲ့ခြင်းမှာလည်း လူအပေါင်းတို့အား ကယ်တင်ရာသို့ ရောက်၏။''(ကျမ်းမြတ်ကုရ်အာန် – ၅း၃၂)

# တမန်တော်မြတ်မုဟမ္မဒ်၏နောက်ဆုံးမိန့်ခွန်းတော် (အေဒီ ၆၃၂ မတ်လ ၇ရက်၊ စနေနေ့။)



**ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်ကြေညာချက်ကြီးထက် အလျှင်ကျသော ပထမဆုံးသော လူ့အခွင့်အရေး ကြေညာချက်**

"အို လူသားတို့ ဤလ၊ ဤနေ့ ဤမြို့တော်တို့ မြင့်မြတ်ဘိသကဲ့သို့ပင် မွတ်စလင်မ်တစ်ဦးချင်း၏ အသက်အိုးအိမ်စည်းစိမ် ဥစ္စာတို့သည်လည်း ထွတ်မြတ်သည့် ယုံပုံအပ်နှံမှုတစ်ခု ဖြစ်ချေ၏။ မိမိထံ ယုံကြည်စွာအပ်နှံထားသည့် ပစ္စည်းတို့ကို မူလပိုင်ရှင်ထံသို့ ပြန်ပေးကြကုန်။ မည်သူကိုမျှ ထိခိုက်နာကျင်အောင်မပြုကြနှင့်။ သို့မှသာ အသင်တို့ကို မည်သူကမျှ ထိခိုက်နာကျင်အောင် လုပ်ကြမှာမဟုတ်ပြီ။ အသင်တို့သည် အသင်တို့၏ လုပ်ရပ်တို့ကို မလွဲကေန်စစ်ဆေးမေးမြန်းတော်မူမှာကို သတိရကြကုန်လော့။ အလ္လာဟ်အရှင်က အသင်တို့အတွက် အတိုးစားခြင်းကို တားမြစ်ပိတ်ပင်ထားချေရကား အတိုးခပ်သိမ်းကို လုံးဝပလပ် ပယ်ဖျက်လိုက်ချေပြီ။ မှတ်ကြကုန်။ အသင်တို့၏အရင်းအနှီးကိုမူ ယူပိုင်သည်ဖြစ်၏။ မတရားသဖြင့်တစ်စုံတစ်ရာရာကိုသော်မျှ လက်ရောက်ယူခြင်း၊ ထိပါးခြင်း မပြုကြရ။ ယင်းတွင်ဘာအကျိုးအမြတ်မျှမရှိပြီဟူ၍ အလ္လာဟ်အရှင်က ဆုံးဖြတ်တော်မူထားပြီး ဖြစ်သတည်း။

အို – လူသားတို့၊ အသင်တို့၏ ဇနီးမယားများနှင့်ပတ်သက်ပြီး အသင်တို့တွင်အခွင့်အရေးများ မုချရှိ၏။ အမျိုးသမီးတို့၏ အခွင့်အရေးများနှင့်ပတ်သက်ပြီး အသင်တို့တွင်ဖြည့်ဆည်းပေးရမည့် အခွင့်အရေးများရှိနေပေသည်။ အလ္လာဟ်ရှင်၏ ယုံပုံလွှဲအပ်မှုနှင့် အရှင်၏ခွင့်ပြုချက်ကြောင့်သာအသင်တို့၏ ဇနီးမယားအဖြစ် အသင်တို့က ယူထားကြခြင်းဖြစ်၏။ သူတို့ဘက်မှ အသင်တို့၏ အခွင့်အရေးတို့ကို ဖြည့်ဆည်းပေးလာပါလျှင် အသင်တို့ဘက်မှလည်း သူတို့ကိုကျွေးမွေးပြုစုရန်နှင့် ယုယကြင်နာစွာ မေတ္တာထားကြကုန်။ သူတို့တစ်တွေသည် အသင်တို့တတွေ၏ ဘဝအဖော်များဖြစ်ကြ၏။ ပံ့ပိုးဖေးကူသူများဖြစ်ကြကုန်၏။ အသင်တို့၏ အိမ်ဂေဟာသို့အသင်တို့မနှစ်မြို့သော တစိမ်းတရံစာတို့မကျူးရန်မှာသူတို့တတွေ၏ တာဝန်တည်း။ မိန်းမသားတို့ဘက်မှလည်း ဘယ်အခါ သော်မျှ လော်လီဖောက်ပြားမှု မရှိစေရ။

လူသားအားလုံးပင် အာဒမ်နှင့် ဧဝတို့မှ ဆင်းသက်ပေါက်ဖွားလာကြ၏။ အရဗ်သည် အရဗ်မဟုတ် သူထက်ပိုပြီးမမြတ်၊ အရဗ်မဟုတ်သူသည်လည်း အရဗ်လူမျိုးထက် ပို၍မမြတ်၊ လူဖြူသည်လူမည်းထက်မသာ၊ လူမည်းသည်လည်း လူဖြူထက် မသာချေ။ တရားတော်ကိုသိကာ အကျင့်သီလ မြင့်မားပြီး ကောင်းရာကိုပြုကျင့်သူတို့သည်သာ မြင့်မြတ်သည်ဖြစ်၏။ မွတ်စလင်မ်မှန်လျှင် တစ်ဦးနှင့်တစ်ဦး ညီနောင်ရင်းချာဆိုသည်ကို သိရှိကြကုန်။ မွတ်စလင်မ်တို့သည် တစ်မိတည်းဖွား ညီနောင်သားချင်းများ ဖြစ်ကြ



သတည်း။ ညီနောင်မွတ်စလင်မ်တစ်ဦး ပိုင်ဆိုင်ထားသည့်များမှ မိမိအားလွတ်လပ်သော စိတ်စေတနာနှင့် ပေးကမ်းလာခြင်း မဟုတ်ပါက အခြားမွတ်စလင်မ်တစ်ဦးအဖို့ရာ တရားမဝင်ပြီဟုမှတ်လော့။ ဤအတွက်ကြောင့် အသင်တို့ကို အသင်တို့ မတော်မတရားရာကို မပြုကြလေနှင့်။

အို -လူသားတို့၊ ငါ၏နောက်ဝယ် အဘယ်တမန်တော်တစ်ပါးတလေသော်မျှ ပွင့်ပေါ်လာစရာမရှိပြီ။ ဘာသာအယူအသစ်ပေါ်လာစရာလည်းမရှိပြီ။ ဤအတွက်ကြောင့် ကောင်းစွာ ဆင်ခြင်တွေးတောကြကုန်လော့။ အို -လူသားတို့၊ အသင်တို့ တစ်တွေကို ငါမှာကြားပို့ချခဲ့သော စကားတို့ကို နားလည်သဘောပေါက်ကြလေကုန်။ အသင်တို့အတွက် နှစ်ခုသောအရာဖြစ်သည့် ကျမ်းမြတ်ကုရ်အာန်နှင့် ငါ၏စံနမူနာ (စွန္နဟ်)တို့ကိုထားရစ်ခဲ့ချေသည်။ အသင်တို့ဤနှစ်ခုကို လိုက်နာကြမည်ဆိုအံ့မူ ဘယ်အခါသော်မျှ လမ်းလွဲစရာမရှိပြီ။

ငါ့ဘက်က ပြောကြားလာရာစကားရပ်တို့ကို ကြားနားရသူတို့သည် သူတစ်ပါးတို့ကို ပြန်ပြောင်းပြီးတင်ပြကြကုန်။ ဤသို့ဖြင့် ဆင့်ကာဆင့်ကာ ဆက်လက်ဖြန့်ဖြူးပေးကြလေကုန်။ ဤစကားရပ်တို့ကိုနောက်ဆုံးမှ ကြားရသူတို့သည် ငါ့ထံပါးမှ တိုက်ရိုက်ကြားနာရသူတို့ထက်ပင် ပိုမို၍သဘောပေါက်နားလည်ကြချေအံ့။ ငါ့အား သက်သေပေးကြကုန်လော့။

အို - အလ္လာဟ်အရှင် ကျွန်တော်မျိုးသည် အရှင်၏သတင်းစကားတို့ကို အရှင်၏လူသားထုကြီးထံမှောက်သို့ ဖြန့်ချိပို့ချပေးခဲ့ပါပြီအရှင်။''

# အုမရ်သခင်၏ ပဋိညာဉ်စာချုပ်ကြီး

## ဒုတိယခလီဖွာ အုမရ်အိဗနုလ်ခတ္တားဗ်သည် မွတ်စလင်မ်စစ်တပ်တစ်ခုကို ဦးဆောင်ပြီး ခရစ်နှစ် ၆၃၇ ခုနှစ်တွင် ဂျေရုစလင်မြို့တော်သို့ ဝင်လာခဲ့ရာမှာ ပကတိနိမ့်ချမှုဖြင့် ခြေလျင်လမ်းလျှောက်ပြီး ဝင်လာခဲ့သည်။

သွေးထွက်သံယိုမှုအလျဉ်း မရှိခဲ့ချေ။ ထို့အပြင် မိမိဆန္ဒအရ ဤမြို့မှာမနေချင်သူသည် မိမိပိုင်ဥစ္စာပစ္စည်းအားလုံးကို ယူဆောင်ပြီး ဘေးကင်း ရန်ကင်းစွာ ထွက်သွားခွင့်ပေးခဲ့သည်။ အညံ့ခံလာသည့်မြို့မှ ဂိုဏ်းချုပ်ဆရာတော်ကြီး ဆိုဖရိုနီးယပ်(စ်)၏ မိန့်ကြားခွင့်ပြုချက်ပေးခဲ့သော်လည်း ၎င်းတို့၏ ဟိုးလီးဆီပါလချာ ခရစ်ယာန်ဘုရားကျောင်းကြီးထဲတွင် ဝတ်ပြုရန်ကိုပါ ငြင်းဆန်ခဲ့သည်။ မွတ်စလင်မ်တို့က နောင်တစ်ချိန်တွင် သူ၏ အထိမ်းအမှတ်အဖြစ် ဗလီတစ်ခုအဖြစ်သို့ပြောင်းလဲပစ်လိုက်ကြမှာကို စိုးရိမ်ခဲ့ခြင်းကြောင့်ဖြစ်သည်။


ခရစ်ယာန်ဘာသာဝင်တို့နှင့် ချုပ်ဆိုခဲ့သော ပဋိညာဉ်စာချုပ်ကြီးမှာဤသို့တည်း။

‘‘အလွန်ချစ်ခင်ကြင်နာသနားတော်မူသော မဟာကရုဏာတော်မူရှင် ဖြစ်တော်မူသော အလ္လာဟ်ရှင်၏ နာမတော်ဖြင့် အစပြုပါ၏။ ဤသည် အလ္လာဟ်အရှင်၏ ကျေးကျွန်ဖြစ်သည့် မွတ်စလင်မ်ထုခေါင်းဆောင်ကြီး အုမရ်ဘက်မှ ဂျေရုစလင်မြို့နေ အီလီယာလူမျိုးတို့သို့ပေးမည့် ငြိမ်းချမ်းရေးနှင့် အကာအကွယ်အာမခံချက်စာချုပ်ဖြစ်သတည်း။

မိမိသည် ခရစ်ယာန်ဘာသာဝင်တို့၏ အသက် အိုးအိမ်စည်းစိမ်များ၊ ဘုရားကျောင်းများ၊ လက်ဝါးကပ်တိုင်များကိုရော မကျန်းမာသူများနှင့် ကျန်းမာနေသူတို့ကို သာမက ယင်း၏အသီးသီးသော ဘာသာဝင်လူ့အစုအဝေး ခပ်သိမ်းကုန်ကိုပါ ကာကွယ်စောင့်ရှောက်သွားမည့်အကြောင်း အာမခံချက်ပေးသည်။

ယင်းတို့၏ဘုရားကျောင်းကန်တို့ကို မသိမ်းဆည်းကြရ။ ဖျက်ဆီးခြင်းမပြုကြရ။ တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်းသိမ်းယူမှုမပြုကြရ။ ယင်းတို့၏လက်ဝါးကပ်တိုင်များနှင့် ဥစ္စာပစ္စည်းတို့ကို လုယက်ယူငင်သိမ်းယူခြင်းမပြုကြရ။ ယင်းတို့ကို ၎င်းတို့၏ဘာသာတရားအရာမှာ အကျပ်ကိုင်ခြင်းမပြုရ။ ယင်းတို့တွင်းမှဘယ်သူတစ်ဦးတလေကိုသော်မျှ ထိခိုက်အောင် မပြုကြရ။ မွတ်စလင်မ်တို့၏ အကာအကွယ်နှင့် အုပ်ချုပ်မှုအောက်ဝယ်နေထိုင်သူတို့ ပေးဆောင်ကြရမြဲ ဂျီဇယာကို အီလီယာအမျိုးသားတို့ဘက်က ပေးဆောင်ခြင်းဖြင့် နိုင်ငံသားအခွင့်အရေးကို အပြည့်အဝခံစားရကြစေအံ့။ ဤမြို့တွင်း နေထိုင်ကြသူများထမ်းဆောင်ရသော စစ်မှုထမ်းခွင့်မှ လွတ်ငြိမ်းခွင့်ရကြစေအံ့။

မိမိဆန္ဒအလျောက် ဤမြို့မှထွက်ခွာသွားလိုသူသည် ထိုသူဘေးကင်းလုံခြုံရာစခန်းသို့ ရောက်သည်အထိသူ အသက် အိုးအိမ်စည်းစိမ်တို့ကို လုံခြုံဘေးကင်းမှုလုံးဝရှိစေရမည်။ ဤမြို့မှာပဲ ဆက်လက်နေထိုင်လိုသူတို့အဖို့ရာ





**မိမိဆန္ဒအလျောက် ဤမြို့မှထွက်ခွာသွား လိုသူသည် ထိုသူဘေးကင်းလုံခြုံရာစခန်းသို့ ရောက်သည်အထိသူ အသက် အိုးအိမ်စည်းစိမ် တို့ကို လုံခြုံဘေးကင်းမှုလုံးဝရှိစေရမည်။**

ကား အီလီယာလူမျိုးတို့နည်းတူ အခွန် ပေးဆောင်ကြရမည်။ ရောမတို့နှင့်အတူ မိမိဥစ္စာပစ္စည်းတို့ကို ယူဆောင်ပြီးရွှေ့ပြောင်း သွားလိုသော ဘယ်အီလီယာ လူမျိုးတစ်ဦး တစ်ယောက်ပင်မဆို၊ ယင်းတို့၏အသက်အိုးအိမ် စည်းစိမ်များ ဘုရားကျောင်းများနှင့် လက်ဝါး ကပ်တိုင်တို့အတွက် ဘေးကင်းလုံခြုံမှုအပြည့် အဝရှိစေရမည်။ ဘေးကင်းရာနေရာသို့ ရောက် သည့်ထိ အန္တရာယ်ကင်းစွာ သွားရှိစေရမည်။ ဤမြို့မှာ ဆက်လက်နေလိုသူတို့သည် အီလီယာလူမျိုးတို့နည်းတူ အခွန်ပေးဆောင် စေရမည်။ ရောမတို့နှင့်အတူ ပြောင်းရွှေ့သွား လိုပါ ပြောင်းရွှေ့ခွင့်ရှိသည်။ မိမိဆွေမျိုး သားချင်းများရှိရာသို့ ပြန်လာပြီးနေထိုင်လိုပါက နေထိုင်ခွင့်ရှိစေရမည်။ ယင်းတို့၏ ကောက်ပဲ သီးနှံတို့ရိတ်သိမ်းမှုမပြီးမချင်း ယင်းတို့ထံမှ ဘာကိုမျှမယူကြရ။ ဤပဋိညာဉ်ပါ အာမခံချက် များမှာ အလ္လာဟ်ရှင်၏ ပဋိညာဉ်အာမခံ ချက်များဖြစ်သည့်အလျောက် အရှင်၏တမန် တော်ကြီးမှစပြီး ခလီဖွာကြီးများ၊ ယုံကြည် သူများအဆုံး အာမခံချက်ရှိသည့်အတိုင်း အီလီယာ လူမျိုးတို့ထံမှ ဂျိဇယာကိုသာ သတ် မှတ်ခဲ့ကြခြင်းဖြစ်သတည်း။''

ဤပဋိညာဉ်တွင် သက်သေအဖြစ်ပါဝင် ခဲ့ကြသူများမှာ အိဗနုလ်ဝလီးဒ်၊ အဗ်ဒုရ်ရဟ်မာန် အိဗနေအောက်(ဖ)၊ အမရ် အိဗနုလ် အာဆ်နှင့် မုအာဝိယာအိဗနေအဗီဆုဖ်ယန်တို့ ဖြစ်ကြသည်။ ဤစာချုပ်ကို ဟစ်ဂျရီ ၁၅ခုနှစ်တွင် ချုပ်ဆို အကောင်အထည် လက်တွေ့ဖော်ဆောင် ခဲ့သည်။ ။

ဇီဝသက်ရှိဟူ၍ ရပ်တည်နေမှုသည် အံ့ဖွယ်တစ်ပါးပင်။ ဂလက်စီများမှသည် ကြယ်တာရာများအပါအဝင် အက်တမ် ထက်ပိုပြီး သေးငယ်သည့်အရာဝတ္ထုများနည်းတူ အရာခပ်သိမ်းမှာပင် ခန့်ငြားလှသော စနစ်ဇယားများနှင့်ညီညီ ပကတိ ဟန်ချက်ညီစွာ ရှိနေပုံကို ကျွန်ုပ်တို့ မြင်တွေ့ကြရ၊ ထိတွေ့ခံစားကြရသည်။ အစ္စလာမ်သည် ကျွန်ုပ်တို့ အရာခပ်သိမ်းကုန်၏ ပြိုင်စံရှားသော ထိုးထွင်းသိရှိမှုနှင့် ရှင်းလင်းပြတ်သားသော အတွေးအမြင်တို့ကို တင်ပြပေးထားရာ ကျွန်ုပ်တို့မသိသည်များနှင့် လိုက်မမီသည်များအထိ ရှိနေပေသည်။

အစ္စလာမ်သည် မရေမတွက်နိုင်သော ကောလာဟလများနှင့် မီဒီယာတို့၏ ထိုးနှက်တိုက်ခိုက်မှုများ ရှိပင်ရှိနေငြားသော်လည်း ကမ္ဘာပေါ်မှာ ကြီးထွားလာနေသည့် ဘာသာတရားတစ်ခုအဖြစ် တည်တံ့မြဲတည်တံ့လျက် ရှိနေပေသည်။ စူးစမ်းဆင်ခြင်သည့် စိတ်ရှိနေသူအဖို့ရာမူ ဤအချက်တစ်ခုတည်းနှင့်ပင်လျှင် အစ္စလာမ်ကို စူးစမ်းဆင်ခြင် လေ့လာစရာ ဖြစ်နေပေတော့သည်။ ပို၍ နီးကပ်သထက် ကပ်ပြီး ကြည့်ရှုခဲ့ပါက အစ္စလာမ်ကို ကမ္ဘာနှင့်ချီပြီး လက်ခံလာနေရမှုနှင့် လျင်မြန်စွာ ကြီးထွားလာနေရခြင်းကို ရှင်းလင်းပြသပေးသည့် သတင်းသဝဏ်လွှာ၏ ကြည်လင်ပြတ်သားမှုနှင့် ရိုးရှင်းမှုတို့ကို တွေ့ရှိသွားပေမည်။

‘‘အစ္စလာမ်သည် ဤသို့တည်း’’ စာအုပ်သည် ကမ္ဘာတလွှားရှိ သန်းထောင်ပေါင်း ၁၈ ဘီလီယံရှိ မွတ်စလင်မ် တို့၏ ယုံကြည်ချက်နှင့် လက်တွေ့ကျင့်စဉ်တို့ကို တင်ပြသွားရန် အားထုတ်ထားချက်ဖြစ်ပါသည်။ ဤအစ္စလာမ်ဟူသော အသိပညာ ကို လူသားထုထံ လွန်ခဲ့သောနှစ်ပေါင်း ၁၄၀၀က ထုတ်ပြန်ပို့ချခဲ့ပေရာ ထိုစဉ်ကတည်းကစကာ ကုရ်အာန်ဟူသော ကျမ်းစာအားဖြင့် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ ပြောင်းလဲသွားခြင်းမရှိဘဲ လက်ဆင့်ကမ်း လာခဲ့ကြပေသည်။

အဆွေတို့သည်လည်း အစ္စလာမ်နှင့်ပတ်သက်၍ စူးစမ်းလေ့လာ ဆင်ခြင်လိုကြသည် ဆိုပါမူ ယခုအခါကာလထက် ပိုပြီးသင့်တော် ကောင်းမွန်သည့်အချိန်အခါမရှိပြီ။ ထို့ကြောင့် ကော်ဖီပူပူတစ်ခွက်ကိုသောက်ကာ အပန်းဖြေရင်း ခေတ်ကာလ၏ စစ်ဆေးမှုကို ခံနိုင်သော ဤယုံကြည်မှုကို သိရှိနားလည်သဘောပေါက်ရေးအတွက် အသင်တို့၏ခရီးစဉ်ကို စတင် လိုက်ပါတော့လေ။

ALL MYANMAR MUSLIM PEACE FOUNDATION (AMMPF)
No.3, Coleman Street, #04-21,
Peninsula Shopping Centre & Hotel, Singapore 179804
email: ammpf.sg@gmail.com, www.facebook.com/ammpf.sg